www.burmeseclassic.com



တိုင်းလုံးကျော်သင်္ဘောကြီးနစ်မြုပ်ခဲ့စဉ်က အဖြစ်များအား
ယနေ့အထိ မှတ်မိနေသူတစ်ယောက်အကြောင်း

# ကတ်သီသာရှာလက်

## သင်းစိုးငြိမ်းဦး

www.burmeseclassic.com

**ဖိုးသား** စီစဉ်သည်။

ပထမအကြိမ် ပုံနှိပ်ခြင်း (၂၀၁၀၊ စက်တင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၅၀၃၃၁၀၀၉၀၉ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၁၅၇၁၁ ၂၀၉ ] တို့အရ
ဦးတင်သူရထွန်း အိမ်မက်အသစ်စာပေ
၃၁/ ၃လွှာ ၁၇၃လမ်း တာမွေမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးအောင်ထွန်း
[illegible]တိုက် (၁၂၄) ဗိုလ်ချုပ်လမ်း ပုဇွန်တောင်တွင် ပုံနှိပ်သည်။

[redacted]

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃
သင်တိုင်းညို
ဇာတိသဃရွာကား / သင်တိုင်းညို။ - ရန်ကုန်။
အိမ်မက်အသစ်စာပေ၊ ၂၀၁၀။
၁၅၂ - စာ၊ ၁၂ စင်တီ x ၁၈.၅ စင်တီ။
(၁) ဇာတိသဃရွာကား



ကျွန်မ၏ အမှတ်သညာတွင် အထင်ရှားဆုံး မှတ်မိနေသည့် အရာမှာ ထူးဆန်းလှသော အိမ်မက်များကိုဖြစ်သည်။ ညပေါင်းများစွာ ပြောင်းလဲသွားသော်လည်း အိမ်မက်တွေကတော့ တစ်ကြိမ်တစ်ခါမျှ မပြောင်းလဲခဲ့။

မြစ်ပြင်ကျယ်ကြီး တစ်ခု၏ အလယ်တွင် ကျွန်မတို့ ရောက်ရှိနေကြသည်။ နံဘေးပတ်ပတ်လည်တွင် ငရဲပွတ်သလို ဆူညံရိုက်ခတ် နေသော ကြောက်လန့်တကြား အော်ဟစ်သံများ။ သို့သော် ထိုအသံ များသည် သည်းထန်စွာ ရွာသွန်းနေသော မိုးသံလေသံများအား မထိုးဖောက်နိုင်ရှာ။ လှိုင်းရှိက်တိုင်း နံဘေးမှ ဝေါခနဲဝင်လာသည့် ရေများက ထိုနေရာ၌ ပြည့်လုခမန်း။ ကျွန်မ ထိုရေမှ ထိုးထွက်ကြည့် သည် မရ။ ကျွန်မမျက်လုံးတွေ၊ နှာခေါင်းပါးစပ်တွေထဲ ရေတွေ ဝင်လာသည်။ မွန်းကျပ်မှုနှင့်အတူ ရေတွေသီးသောကြောင့် စပ်ဖျင်း ဖျင်း ဆို့နှင့်လာသည့် ဝေဒနာက ကျွန်မနှာခေါင်းနှဲ့ အာခေါင်ထဲမှာ ဖြစ်တည်လာသည်။

ရေမှာ ရှိနေသော အရာတစ်ခုကို အားကိုးတကြီး ကပ်တွယ်

www.burmeseclassic.com



ဖို့ ကြိုးစားကြည့်သည်။ ပြောင်ချောနေသော နံရံကြီးက ကျွန်မအား မျော်လင့်ချက် ကင်းမဲ့သွားစေသည်။ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ် ပစ်လိုက်သည်။ ပါးစပ်ဟပေမယ့် အားခနဲအော်သံထွက်မလာဘဲ ရေတွေ က အလုံးလိုက်ဝင်လာသည်။

ကြောက်ရွံ့စွာ တွန်းထိုးရုန်းကန်နေရသော်လည်း အမှောင် တိုက်ထဲမှာ မွန်းကျပ်နေရသည်။ တဂူးဂူး အော်ဟစ်ညည်းတွားသံ၊ ငိုယိုအော်ဟစ်သံများက ရေထဲတွင် ချောက်ချားစရာကောင်းစွာ ထွက် ပေါ်နေသည်။ ပစ္စည်းတွေ လူတွေကို တရွေ့ရွေ့တိုးတိုက် ဖြတ်ကျော် ပြီး မချိမဆန့် ခံစားနေရသော ရေအောက်ငရဲမှ ဖောက်ထွက်ရန် ကြိုးစားလည်း အချို့နိုးသာ။

သံဇကာကွက်တွေကို ကြောက်လန့်တကြား ကုပ်တွယ်ဆွဲ ကိုင်ထားသော ကျွန်မလက်များက ဖြေလျှော့မရအောင် မြဲမြံနေသည်။ မိလှမိခင် အရာတစ်ခုက ကျွန်မရှေ့ မလှမ်းမကမ်းမှာ။

ဆွဲယူလိုက်ဖို့ ကြိုးစားပေမယ့် လေးလံသည့် အရာတစ်ခုက ကျွန်မခန္ဓာကိုယ်ပေါ် အရှိန်အဟုန်ပြင်းစွာ ပိကျလာသည်။ နံရံတစ်ခု ကို လက်နှင့် စမ်းလိုက်မိ၏။ ထိုအရာသည် ကျွန်မမက်တပ်ရပ်ခဲ့ သော ကြမ်းပြင်ကြီးပင်။ ကျွန်မ မည်သို့မျှ မတက်သာတော့။ ကျွန်မ တစ်ကိုယ်လုံး ဘာနဲ့မှထိမရအောင် လွင့်မျောသွားတော့သည်။ ရေလှိုင်း ထဲမှာ ပေါ့ပါးစွာ လွင့်မျောနေရလေ၏။



ကျွန်မကို လူဝင်စားဟု လူတွေကပြောကြသည်။ လူဝင်စား ဟုတ်သည်၊ မဟုတ်သည်ကို ကျွန်မ မသိပါ။ ကျွန်မသိနေတာက မြစ်ပြင်ကျယ်ကြီး အလယ်က အဆောက်အအုံကြီး တစ်ခုသာဖြစ် သည်။

ကျွန်မ လူမှန်းသိတတ်စကတည်းက ရေတွေကို မုန်းခဲ့ သည်။ ကြောက်လည်းကြောက်သည်။ ပြီးတော့ သူ့ကို ကျွန်မမုန်း သည်။ သူ ဆိုတာ ကျွန်မကိုရေထဲမှာ သတ်ပစ်ခဲ့တဲ့လူသတ်သမား။ သူ့ကြောင့် ကျွန်မ မရှုမလှခံစားခဲ့ရတာ။ သူ့နာမည်က တိုင်းလုံးကျော် တဲ့။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"မြေးရေ့ နန ယ်ရောက်သွားပါလိမ့် ဒီကောင်မ လေး"

အဘွားအိုမှာ အိမ်နောက်ဖေး ပြတင်းပေါက်လေးမှ လှမ်းချကြည့်လိုက်ရာ အိမ်နောက် ရေတံခင်းထဲတွင် ဆော့နေသော မြေးဖြစ်သူကိုတွေ့လိုက်ရသည်။

"ဒီကောင်မလေးတော့ ရေတံခင်းထဲရောက်နေပြန်ပြီ ဟဲ့ မြေး လာ လာ အိမ်ပေါ်လာကစားလှည့်"

မြေးဖြစ်သူကို တကြော်ကြော်အော်ခေါ်နေသော အဘွားကြီးမှာ တကယ်တော့ မတ်တတ်မရပ်နိုင်ရှာသော ဒုက္ခိတတစ်ယောက်သာ ဖြစ်၏။ ထို့ကြောင့် ရေတံခင်းထဲမှ ကလေးမလေးအား အိမ်ပေါ်မှ အော်ခေါ်ရုံသာ တတ်နိုင်သည်။

ကောင်မလေးမှာ အဘွားကြီးခေါ်သံကို ကြားသော်လည်း လှည့်မကြည့်ဘဲ ရေတံပွင့်တွေကိုသာ သဲကြီးမဲကြီး ခူးပစ်နေသည်။ အတော်လေးကြာမှ ဂါဝန်အကျီထဲ ရေတံပွင့်တွေထည့်ပြီး အိမ်ပေါ် တက်လာ၏။

"အမေကြီး သမီးကို ခုန ဘာဖြစ်လို့ ခေါ်နေတာလဲ"

ကောင်မလေးမှာ သူတို့ရွာဓလေ့အတိုင်း အဘွားဖြစ်သူကို အမေကြီးဟုသာ ခေါ်သည်။ အဘွားကြီးမှာ ကလေးမလေး အကျီထဲမှ ရေတံပွင့်များကို ကြည့်ကာ

"ဟဲ့ ကောင်မလေး၊ ကြည့်စမ်း ရေတံပွင့်တွေ ခူးလာတာ မနည်းပါလား၊ ညည်းကိုတော့ မြကျင်ပြန်လာရင်တိုင်



ပြောမယ်၊ အလကားနေ ရေတံပွင့်တွေခူးပြီး ဆော့တယ်၊ အဲဒါရေတံသီး, သီးမဲ့အပွင့်တွေ ညည်း သိရဲ့လား"

ဟု ဒေါသတကြီး ဆူပူမာန်မဲလေတော့၏။ သားဖြစ်သူနှင့် ချွေးမမှာ မနက်အစောကြီးကတည်းက လယ်ထဲ မြေပဲနုတ်ဖို့ ထွက်သွားကြပြီး သမီးကလေးကို ဘွားအေနှင့် ထားခဲ့သည်။ သုံးနှစ်ကျော် လေးနှစ်သာရှိသေးသော ကလေးမလေးမှာ အိမ်ပေါ်အိမ်အောက် အနှံ့အပြားကစားရုံနှင့် အားမရ။ ခြံထဲက ရေတံခင်းထဲအထိ သွားကစားတတ်သည်။ ယခုလည်း မနက်စောစောစီးစီး ခြံထဲက ရေတံပွင့်တွေ ခူးပစ်လိုက်ပြန်သည်။

"အေး ညည်း ကြပ်ကြပ်သတိထား၊ သည်းအမေ ပြန်လာမှ အရိုက်ခံရမယ်"

ကောင်မလေးမှာ ရေတံပွင့်တွေကို စိတ်ရှိလက်ရှိ ဆိတ်ဖြွ ချေမွနေရင်းမှ ဆတ်ခနဲ မော့ကြည့်ပြီး

" အမေပြန်လာမှ ဟုတ်လား ဘယ်ကအမေပြန်လာမှလဲ"

ဟု ခပ်ဆွာဆွာလေး ပြန်မေးသည်။ အရွယ်နှင့်မလိုက် စကားတတ်လွန်းပြီး လူကြီးတစ်ယောက်လို ခပ်ရင့်ရင့် ပြောတက်သော ကောင်မလေးကို အဘွားကြီးမှာ အမြင်ကပ်ကပ်နှင့်

"ဘယ်က အမေဖြစ်ရမှာလဲ ညည်းအမေ မြကျင်ပေါ့၊ မွန်းတည့်ရင် ပြန်လာတော့မယ်၊ အဲဒါ တိုင်ပြောမှာ"

ကောင်မလေးမှာ ဘွားအေပြောသမျှကို မျက်လုံးလေးအဝိုင်း

www.burmeseclassic.com



သားနှင့် နားထောင်နေပြီး နတ်ခမ်းလေးကို လက်ဖြင့်အုပ်ကာပြီး ခစ်ခနဲ ရယ်လိုက်ကာ

"ကျွန်မအမေ ဟုတ်လား၊ ခစ် ခစ် မြကျင်ဆိုတာ ကျွန်မ အမေတဲ့လား အဲဒါကျွန်မအမေ မဟုတ်ဘူး သိရဲ့လား၊ ကျွန်မအမေက ဒေါ်ပါးတဲ့ မှတ်ထား"

မျက်စမျက်နှင့် လူကြီးလေးလို ပြောလိုက်သော ကောင်မလေး၏ အထူးအဆန်းစကားကြောင့် ဒေါ်ညို မျက်လုံးပြူးသွားသည်။ ကောင်မလေးပြောသော ဒေါ်ပါးဆိုတာ သူတို့ရွာတွင် တစ်ခါမှမကြားဖူးချေ။

"ဟဲ့၊ ပေါက်ကရတွေ ဘယ်ကအမေလဲ၊ ဘယ်ကဒေါ်ပါးလဲ"

ဟု ရယ်ရယ်မောမော မေးလိုက်မိသည်။ တစ်ခါတစ်လေ သူ့ကိုယ်သူ ကျွန်မ ဘလေလို့ စကားကြီး စကားကျယ်နဲ့ ပြောတတ်သော ကလေးမလေးက

"ဘယ်က ဒေါ်ပါးဖြစ်ရမှာလဲ၊ ကျွန်မအမေလေ၊ ကျွန်မ အမေပေါ့"

ခပ်မာမာပြန်အော်ပြောရင်း ချက်ချင်းဆိုသလို မျက်ရည်များ ရစ်ဝိုင်းလာလေ၏။ မြေးမလေးကိုကြည့်ပြီး ဒေါ်ညို တအံ့တဩဖြစ်သွားသည်။

"ကျွန်မ အမေက ဒေါ်ပါး ကျွန်မအဖေက ဦးကြည်ဝင်းတဲ့"

"ဟဲ့ ဒါဆို၊ မြကျင်တို့ အုန်းသန်းတို့ဟာရော ညည်း အမေနဲ့အဖေ မဟုတ်ဘူးလား"

ကောင်မလေးမှာ မျက်ရည်လည်ရွဲနှင့် ခေါင်းကိုသွက်သွက် ခါရမ်းရင်း

"ကျွန်မ မသိဘူး၊ ကျွန်မသိတာ ကျွန်မမှာ အဖေနဲ့ အမေရှိ သေးတယ် သူတို့နဲ့တွေ့ချင်တယ်၊ ကျွန်မမှာ အဒေါ်အပျိုကြီး ဒေါ်သန်းချစ်နဲ့ ကျွန်မအစ်ကိုကြီး ကိုမြင့်နိုင်လည်း ရှိသာယ်၊ အဒေါ်က စက်ချုပ်တယ် အစ်ကိုကြီးက နေမကောင်းတဲ့ လူတွေကို ဆေးထိုးပေးတာလေ"

ဟု ငိုရင်းပြောရာ ဘွားအေးမှာ အလွန်စိတ်ထိခိုက်သွားပြီး အံ့ဩနေမိတော့၏။

www.burmeseclassic.com



"အမေ ဒီနေ့ ဘာချက်လဲ"

ကစားနေရာမှ အမောတကော ပြေးလာသော သမီးငယ်ကို

ကြည့်ပြီး

"ဟင်းနုနွယ်ရွက်ကြော်တယ် သမီးရဲ့၊ ပဲဟင်းချိုလည်းချက်

ထားတယ်"

"အဲဒီဟင်းကြီး မစားချင်ပါဘူး၊ ကြိုက်လည်း မကြိုက်

ဘူး"

နှုတ်ခမ်းလေးဆူကာ ညည်းညည်းညူညူ ပြောလိုက်သော

ကောင်မလေး ပုံစံက အမြင်ကပ်ချင်စရာ၊ အငယ်ဆုံးမို့ တစ်အိမ်

လုံးက အလိုလိုက်ထားသောကြောင့် ဘယ်သူကိုမှ မကြောက်ရေ

"အံမယ် ညည်းကများ ကြီးကြီးကျယ်ကျယ် မကြိုက်ရ

မစားနဲ့ပေါ့"

ဒီတော့ သူမမျက်နှာလေးက ရှုပုပ်ပြီး ငိုမဲ့မဲ့လေး ဖြစ်သွာ

သည်။ သားသမီးမျက်နှာညှိုးတော့ မိဘဖြစ်သူမှာ စိတ်မကောင်းနိုင်

"အမေ ဘဲဥကြော်ပေးမယ်နော် ငါ့သမီးအတွက် သပ်သပ်

ဖယ်ထားပေးမယ်"

"ဟင့်အင်း အဲဒီ ဘဲဥကိုလည်း မစားချင်ဘူး"

မမြကျင် နည်းနည်းတော့ စိတ်တိုသွားသည်။

"ဘဲဥမစားလို့ ဘာစားမလဲ ညည်းက ကြေးကိုများတယ်

မစားချင်မစားနဲ့"



ကောင်မလေးမှာ မျက်လုံးအဝိုင်းသားနှင့် ပြန်ကြည့်နေပြီး

အတန်ကြာမှ

"မစားဘူး မစားဘူး၊ ငါ့အိမ်မှာ ဒီလိုဟင်းမျိုးမစားခဲ့

ဘူး၊ ငါမကြိုက်တဲ့ဟင်းကို ငါ့အမေက ဘယ်တော့မှ မချက်

ဘူး၊ သိရဲ့လား?

"ကြည့်စမ်း၊ နုနု နင် ဘယ်လိုပြောလိုက်တာလဲ၊ အခုပြန်

ပြောစမ်း"

မမြကျင်မှာ ဒေါသထွက်သွားပြီး လက်က ကောင်မလေးကို

လှဲရိုက်ဖို့ မြှောက်လိုက်မိသည်။ သို့သော် ကောင်မလေး၏ မျက်လုံး

များတွင် သူမအား ကြောက်ရွံ့သည့် အရိပ်အယောင်မမြင်ရ။ စူးစူးရဲရဲ

စိုက်ကြည့်နေသော မျက်လုံးတောက်တောက်လေးများကြောင့်

လက်က ရုတ်ခနဲ ပြန်ကျသွားသည်။

"ညည်း ကြပ်ကြပ် သတိထား"

ကောင်မလေးက အံကိုတင်းခနဲကြိတ်ပြီး လှည့်ထွက်သွား

သည်။ သူမပါးပေါ်ကို မျက်ရည်ပေါက်ကြီး နှစ်ယောက်က လိမ့်ခနဲ

ကျလာတော့၏။ သူမသည် အမေဖြစ်သူ၏ ကွယ်ရာတွင် ဝမ်းပမ်း

တနည်း သွားငိုဦးမည်။ ဂျစ်ကန်ကန် ကလေးဆိုးတစ်ယောက်ပင်

ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နုနု၏ အိမ်နီးချင်းကစားဖော်မှာ အောင်ဝဏ္ဏဆိုသော ကောင်လေးဖြစ်၏။ သူတို့နှစ်ယောက်စလုံး သက်တူရွယ်တူများပင်။ တစ်ယောက်ကို မတွေ့ပါက နောက်တစ်ယောက်၏ အိမ်တွင်ရှိနေတတ်သည်။ ယခုလည်း နုနုမှာ အောင်ဝဏ္ဏတို့အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်တွင် ကစားနေကြလေသည်။

"ကိုကိုကြီး ဒီပုစ္ဆာလေး ရှင်းပြပါလား ညီမလေး တွက်တာမရလို့"

"ဟာ နင်ကလည်း ဒီမှာ အလုပ်မအားသေးဘူးဟ"

"ခဏလေးပါ ရှင်းပြတာ ဘာကြာလို့လဲ"

အောင်ဝဏ္ဏအစ်မ စန္ဒာဝင်းက အစ်ကိုဖြစ်သူကို စာရှင်းခိုင်း၏။ သို့သော် သူတို့အစ်ကို ကျော်သီဟမှာ စက်ဘီးပြင်နေရာမှ လှည့် မကြည့်ဘဲ ပြန်အော်သည်။

"ခဏလည်း မအားဘူးဟာ ဒီမှာ စက်ဘီးက ဘယ်လိုဖြစ်မှန်းမသိလို့ စိတ်ညစ်ရတဲ့အထဲ"

ကျော်သီဟမှာ ရှစ်တန်းကျောင်းသားဖြစ်ပြီး စန္ဒာဝင်းက ခြောက်တန်းကျောင်းသူဖြစ်၏။ အောင်ဝဏ္ဏမှာ နုနုထက် တစ်နှစ်သာကြီးသည်မို့ လာမည့်နှစ်မှာ သူငယ်တန်းစတက် ရမည်ဖြစ်လေသည်။

ကျော်သီဟနှင့် စန္ဒဝင်းတို့၏ ပြောစကားများကို ကစားနေရင်းမှ နားထောင်ကာ

"ဝဏ္ဏ နင့်အစ်မ သင်္ချာ တွက်လို့မရဖြစ်နေတယ်"



"ဘာ သင်္ချာ နင်က သိလို့လား"

နုနုက အောင်ဝဏ္ဏအမေးကို မဖြေဘဲ ကစားရာနေရာမှ ထလာပြီး

"ဘယ်အပုဒ် တွက်မရတာလဲ မမစန္ဒာ သင်္ချာလား"

လက်မှာပေကျံနေတဲ့ ဖုန်မှုန့်တွေကို အင်္ကျီရင်ဘက်မှာ ပွတ်ခါရင်း ပြောလိုက်သော နုနုကိုကြည့်ကာ စန္ဒာဝင်းမှာ မျက်မှောင်ကျုံ့သွား၏။ သူငယ်တန်းတောင် မတက်ရသေးတဲ့ ကလေးမလေးက မေးလိုက်တာမို့ အံ့သြသွားသလို ရယ်လည်း ရယ်ချင်သွားလေသည်။

"အံမယ် နင်ကများ သင်္ချာဘာလားနဲ့ ဘာသိလို့လဲ သွား"

"ဘာလို့မသိရမှာလဲ ပေးအဲဒီစာအုပ်၊ ဒီပုစ္ဆာ မရတာလား"

စာအုပ်ကို ဆတ်ဆတ်ဆွဲလုပြီး သူမတွက်မရသည့် ပုစ္ဆာကို လက်ညှိုးလေးနှင့် ထောက်ကာ မေးလိုက်သောကြောင့် စန္ဒာဝင်းမှာ မျက်လုံးပြူးသွားရ၏။

"ဒီမှာလေ မေးခွန်းက ပေးထားချက်တွေပါတာပဲ ချရေးပေါ့ ရှာခိုင်းတာ ဘာလဲဆိုတာသိရင် ပုံသေနည်းမှာ အစားထိုးပြီး တွက်လိုက်ရုံပဲ"

စက်ဘီးပြင်နေသော ကျော်သီဟမှာ နေရာမှထလာရင်း

"နုနု ဒါတွေဘယ်သူပြောတာလဲ"

"ဘယ်သူပြောရမှာလဲ၊ ငါသိတာပေါ့ ငါအရင်တုန်းက,

www.burmeseclassic.com



ကလေးတွေကို စာသင်ပေးခဲ့တဲ့ ဆရာမပဲဟာ"

ခါးထောက်ရင်း လက်တစ်ဖက်က သူ့မရင်ဘက်ကို ပုတ်ပြကာ တကယ့်ဆရာမကြီးပုံစံနှင့် ပြောလိုက်သောကြောင့် သူတို့မောင်နှမသုံးယောက်လုံး အံ့သြသွားတော့သည်။ အောင်ဝဏ္ဏက ပိုးစားနေသော သွားများပေါ်အောင် ရယ်လိုက်ပြီး

"နင်က ဆရာမ ဟုတ်လား၊ ဟား ဟား ဟုတ်လည်း ဟုတ်ဘဲနဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ တကယ် ဆရာမ"

နုနုက စူးစူးဝါးဝါး ပြန်အော်သည်။

"ဆရာမ၊ ဆရာမ ဘယ်သူလဲ ဒေါ်လှလှမြင့်လား"

နုနုက နှုတ်ခမ်းလေးစုထော်ရင်း ခေါင်းရမ်းပြလေသည်။ ဒေါ်လှလှမြင့်ဆိုတာ သူတို့ရွာကျောင်းမှ ကျောင်းအုပ်ဆရာကြီး၏ မိန်းမ ဆရာမကို ပြောခြင်းဖြစ်၏။ ဒေါ်လှလှမြင့်မှာ စည်းကမ်းကြီးသည့်အပြင် အရိုက်လည်း ကြမ်းသောကြောင့် ကျောင်းသားအားလုံးလိုလို ကြောက်ရသည့်အပြင် ကျောင်းမနေရသေးသော နုနုတို့ပါ ကောင်းစွာသိကြလေသည်။

"ဟဲ့ နင်တကယ် ဆရာမဆို ဆရာမကို အင်္ဂလိပ် လို ဘယ်လိုခေါ်လည်းသိလား"

"တီချား ဆရာမပေါ့"

"ဟာ ညီမလေးက တကယ်တော်တာပဲ"



ကျော်သီဟက မျက်ခုံးပင့်ရင်း တအံ့တသြပြောလိုက်၏။

"ဒါဆို လိမ္မော်သီးကိုပြော"

"အောရင့်(ချ်)"

"ပန်းသီး"

"အက်ပဲ(လ်)"

"အံမယ် တယ်ဟုတ်ပါလား"

စန္ဒာဝင်းက မျက်စောင်းထိုးလိုက်ပြီး

"ကိုကိုကြီး ဒီလောက်ကတော့ ဝဏ္ဏလည်းရတာပဲ၊ မောင်လေး ခွေးကို ဘယ်လိုခေါ်လဲ"

အောင်ဝဏ္ဏမှာ သူ့အလှည့်ရောက်ပြီမို့ အားရဝမ်းသာနှင့်

"ကတ်(တ်)"

ဟု မဆိုင်းမတွ ဝင်ဖြေလိုက်ရာ အားလုံးတဝါးဝါး တဟားဟားနှင့် ပွဲကျသွားတော့၏။ နုနုမှာ မေးသမျှ အင်္ဂလိပ်မီးနင်းဆော်တော်များများကို ရသည့်အပြင် တစ်ချို့ စာများကို စိတ်ပါလျှင် ကောင်းကောင်းမွန်မွန် ဆိုပြလေ့ ရှိလေသည်။

ကစားလျှင်လည်း အောင်ဝဏ္ဏက တပည့်လုပ်ရပြီး သူမက အမြဲဆရာမလုပ်သည်။ ထို့ကြောင့် သူမကို ဆရာမရှုးလေးဟု ခေါ်ကာ နောက်ပြောင်ကြလေ၏။

ဖဖဖဖဖ

www.burmeseclassic.com

www.burmeseclassic.com



"အမေ သမီးကျောင်းတက်ချင်တယ်"

ဖွန်လတစ်ရက်နေ့ဖြစ်သောကြောင့် ကျောင်းအပ်သူ၊ ကျောင်း တက်သူများနှင့် ရှုပ်ယှက်ခတ်နေသော လမ်းမကို သူမထိုင်ကြည့်နေ ရင်း ပြောလိုက်ခြင်းဖြစ်သည်။ အဖြူအစိမ်းဝတ်စုံလေးတွေနှင့် ကျောင် သို့သွားကြသော ရွယ်တူနီးပါးကလေးတွေကို မြင်တိုင်း ကစားနေရာမှ တမေ့တမော လိုက်ငေးတတ်၏။

ထိုစဉ် ခေါင်းရင်းအိမ်မှ သူမ၏ ကစားဖော်ကောင်လေ ရောက်လာသည်။

"နုနု ငါကျောင်းတက်ရတော့မယ် ဒီမှာကြည့်စမ် ငါ့လွယ်အိတ်နဲ့ ဖိနပ်မလှဘူးလား"

အောင်ဝဏ္ဏ၏ မျက်နှာတွင် သနပ်ခါးဖွေးနေပြီး ခေါင်းတွ လိမ်းထားသော အုန်းဆီမှာ ရွှဲနစ်ကာ နားထင်မှစီးကျနေတော့သည် အောင်ဝဏ္ဏက လွယ်အိတ်ကို စလွယ်သိုင်းရင်း သူမရှေ့တွင် လမ် သလားပြ၏။

သူကိုယ်မှ အုန်းဆီနံ့နှင့် ရောထွေးသော သနပ်ခါးနံ့အပြ အသစ်စက်စက် အဖြူအစိမ်းဝတ်စုံမှာ အနံ့လေးတစ်မျိုးပ မွှေးနေသည် ဟုထင်ရလေသည်။

"အမေ သမီးကျောင်းသွား တက်ချင်တယ်"

"အသက်မှ မပြည့်တာ တက်လို့မရသေးဘူး"

အမေဖြစ်သူက ဝင်ဟန့်၏။

"အသက်မပြည့်လည်း စာရရင် ဘယ်သူကပြောမှာလဲ



ပြီးတော့ သမီးအသက်ကို ဆရာမတွေမှ မသိတာ"

"ဟေး"

သူမစကားကြောင့် ဖခင်လုပ်သူမှာ 'ဟေး'ဟု ဆိုကာ ဘာပြောရမှန်း မသိဖြစ်သွားသည်။

"ဟုတ်ပါရဲ့တော် သမီးက အသက်မပြည့်သေးပေမယ့် စာရနေတာပဲဟာကို"

ဤသို့ဖြင့် မိဘများမှာ ကျောင်းအလွန်တက်ချင်နေသော နုနုကို ကျောင်းသွားအပ်ရလေတော့၏။ ကျောင်းရောက်သောအခါ အဖြူ အစိမ်း တူညီဝတ်ထားသော ကျောင်းသားများကြားထဲတွင် အဖြူ အစိမ်းမရှိသေးသော နုနုပုံစံလေးက အနီးစပ်ဆုံး ဆင်ဆင် တူအောင် ဝတ်ပေးထားသော ဂါဝန်အဖြူလေးနှင့် လူကလည်းပုပု လုံးလုံးလေး ဖြစ်နေလေသည်။

ပညာသင်နှစ်၏ အစ ဖွန်လတစ်ရက်နေ့သည် ကျောင်းများ စတင်ဖွင့်လှစ်သောနေ့ဖြစ်ပြီး တောကျောင်းမို့ တစ်နေ့တည်း အပြီး အပ်၍ တက်ကြမည့် ကျောင်းသားများကြောင့် ဆရာ ဆရာမများမှာ လွန်စွာ အလုပ်ရှုပ်ရလေသည်။

နုနုတို့သားအမိမှာ ရှေ့မှ ကျောင်းအပ်နေသော ကျောင်းသား ကျောင်းသူများနှင့် မိဘများကို စောင့်နေရလေသည်။ နုနုမှာ ကျောင်း အပ်နေသော မိဘများနှင့် ကျောင်းအုပ်ဆရာကြီးတို့ အပြန်အလှန် ပြောဆို နေသည်များကို နားထောင်နေ၏။

"ကလေးနာမည်က ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးချွန်ပါ ဆရာကြီး"

"ဟင်၊ ဖိုးချွန် ဟုတ်လား၊ နာမည်အရင်းကို မေးတာ"

"ဪ၊ နာမည်အရင်းလား ချစ်ကိုကိုပါ"

ဆရာမလေးက စာအုပ်တွင် ရေးမှတ်လေသည်။ ထို့နောက် ဆရာကြီးက ဆက်မေးပြန်၏။

"မွေးသက္ကရာဇ်"

"မ မမှတ်မိတော့ဘူး ဆရာ၊ ရွာမှာ ရေတွေကြီးတဲ့နှစ်က မွေးတာပဲ"

"ကျွတ်"

ဆရာကြီးက မျက်မှောင်ကျုံ့ရင်း စုတ်တစ်ချက်သပ်၏။

"သူ့အသက် ရှစ်နှစ်ထဲရောက်နေပါပြီ ဆရာ"

"အဲဒီလို ပြောလို့မရဘူးလေဗျာ မွေးသက္ကရာဇ် အတိအကျပြောမှ ကျောင်းဝင်မှတ်ပုံတင်ထဲ ထည့်လို့ရမှာပေါ့"

"အင်း တစ်ထောင့်သုံးရာလေးဆယ်ခြောက်ခုလား လေးဆယ့်ခုနစ်ခုလား တစ်ခုခုပါပဲဆရာ ဝါဆိုလကြီးထဲ ရေတွေ တက်တုန်း မွေးတာတော့မှတ်မိတယ် သူ့အသက်တော့ပြည့် ပါတယ်ဆရာ၊ ဘုန်းကြီးကျောင်းမှာထားတာ အတွင်းအောင် ခြင်း၊ အပြင်အောင်ခြင်းတောင် ရောက်နေပြီ ဆရာရဲ့"

ဆရာကြီးမှာ လူကောင်ခပ်ကြီးကြီး ကျောင်းသားကိုကြည့်၍ သက်ပြင်းချလေသည်။ ဆက်မေးလျှင်လည်း ထူးတော့မည့်ပုံ မပေါ်သည့်အတွက်

"ဆရာမ နှစ်တစ်ရာပြက္ခဒိန်ကြည့်ပြီး ဒီကျောင်းသားရဲ့ မွေးသက္ကရာဇ်ကို သူပြောတဲ့ မြန်မာသက္ကရာဇ်နဲ့ တိုက်ပြီး ထည့်လိုက်ပါ"

ဟု ပြောလိုက်ရလေတော့၏။ ဤသို့ဖြင့် တစ်ယောက်ပြီး …စ်ယောက် ခက်ခဲစွာ မေးမြန်းလက်ခံရင်း နုနုအလှည့်သို့ရောက် …လေတော့သည်။

"ကလေးနာမည်ပြောပါ"

"နုနုလွင်"

ဆရာဦးစောဝွန်က နုနုကို မျက်မှောင်တွန့်ကြည့်ကာ

"ကလေးက အသက်ပြည့်ရဲ့လား၊ မွေးစာရင်းပြပါဦး၊ တောက ကလေးတော်တော်များများက အရပ်လက်သည်နဲ့ မွေးတော့ မွေးစာရင်း မရှိတတ်ကြဘူး၊ သူရော ပါရဲ့လား"

"ဟုတ်ကဲ့ ပါ, ပါတယ်ဆရာ"

အမေက ပလတ်စတစ်အိတ်နှင့် ထည့်လာသော မွေးစာရင်း …ို ထုတ်ပြီး ဆရာကြီးကို ပေးလိုက်၏။ ဆရာက မွေးစာရင်းကို …ည့်ပြီး

"အင်း ဇူလိုင်နှစ်ရက် ရှစ်ဆယ့်ရှစ်ဆိုတော့ လေးနှစ်ပဲရှိ သေးတာဘဲ၊ သမီးလက်ကို ခေါင်းပေါ်တင်မဟုတ်ဘူးလေ၊ ဒီလို၊ အေး နားရွက်ကို အုပ်ကိုင်ကြည့်စမ်း"

နုနု လက်ကနားရွက်ဖျားလေးပင် မမှီချင်။ ဆရာက …တ် …တ်လက်ပျက် ခေါင်းရမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



"မရသေးဘူး အမရဲ့၊ ကလေးကသိပ်ငယ်လွန်းတယ်၊ နောက်နှစ် အင်း အဲဒီလောက်ဆိုရပါပြီ"

"ဟို ဒီလိုပါဆရာ၊ သူက အရမ်းကို ကျောင်းတက်ချင်နေတယ်၊ သူ့ ဉာဏ်လည်းကောင်းတယ် ဆရာ … ဟို"

အမေ့စကားဆုံးအောင် ပြောခွင့်မရလိုက်။ ဆရာကြီးက ခေါင်းကိုခါမြဲခါလေသည်။ နောက်ဆုံးတော့ အမေလက်လျှော့လိုက်ရသည်။ ဒီပုံစံအတိုင်းဆို သူမ ကျောင်းတတ်ရတော့မည် မဟုတ်ကြောင်း နားလည်လိုက်သည်။

"လာ ပြန်ကြစို့ သမီးရယ်နော်၊ ရှေ့လာမယ့်နှစ်ကျမှကျောင်းတက်ရမယ် သိလား"

"ဟင့်အင်း ဟင့်အင်း၊ ခုပဲ တက်မယ်၊ မလိုက်ဘူး နေခဲ့မယ်"

ပြောရင်း စီခနဲ ငိုချလိုက်သော သူမအသံက တစ်ကျောင်းလုံး တိုးလျှိုပေါက် မြင်နေရသော ကျောင်းခန်းထဲ ဟိန်းသွားသည်။ ကျောင်းသားတွေကော ဆရာမတွေပါ ဝိုင်းကြည့်ကြလေသည်။

အတင်းရုန်းကန်နေသော နုနုကိုကြည့်ပြီး ဆရာကြီးမှာ စိတ်ထောင်းပြစ်သွား၏။

"သမီး သမီး ရှေ့နှစ်ကျရင် ကျောင်းတတ်ရမယ်နော် ခု အိမ်ကို အမေနဲ့ ပြန်လိုက်သွား သိလား"

"ဟင့်အင်း အခုတက်မယ်၊ အိမ်မလိုက်ချင်ဘူး"

ဆရာကြီးနှင့် ဆရာမများမှာ ကျောင်းမတက်ရသောကြောင့်



ငိုသော ကောင်မလေးကိုကြည့်ကာ စိတ်ညစ်သွားကြ၏။ ကျောင်းတတ်ချင်၍ ရိုက်နှက်ခြောက်လှန့်ပို့ရသော ကလေးပေါင်းမြောက်များစွာကို တွေ့ဖူးသော်လည်း ကျောင်းတတ်ခွင့်မရသောကြောင့် ငိုသော ကလေးမကိုကြည့်ကာ အံ့သြဂရုဏာ ဖြစ်နေကြလေတော့သည်။

"ဆရာရယ်၊ ငါးနှစ်မပြည့်သေးပေမယ့် သူ စာလိုက်နိုင်မှာပါ" ဟု

အမေက ဆရာကြီးကို ရလိုရငြား ပြောကြည့်လေသည်။ ကျောင်းအလွန်တက်ချင်နေသော ကလေးမို့ ဆရာကြီးမှာ လက်ခံမရပေမယ့် ငြင်းရမှာ အားနာနေလေသည်။ သူမအားကျောင်းတက်ခွင့်းစပ်မရစေသော အခက်ပြဿနာမှာ အသက်မပြည့်ခြင်းဖြစ်ကြောင်း ပြ၍ သဘောပေါက်မိသည့် နုနုက ငိုနေရင်းမှ …

"ဆရာကြီးရယ်၊ အဟင့်၊ သမီး မွေးသက္ကရာဇ်ကို ငါးလပိုင်း တစ်ရက်နေ့ တစ်ထောင့်ကိုးရာရှစ်ဆယ့်ခုနှစ်လို့ ပြောင်းထည့်ပေးပြီး လက်ခံပေးပါနော်၊ အဟင့် … ဟင့်၊ သမီး ကျောင်းတက်ချင်လို့ပါ"

"ဟော ဘယ်လို"

ဆရာကြီးမှာ ကြားလိုက်ရသော သူ့နားသူပင် မယုံနိုင်သလို ထပ်မေးလေသည်။

"မေလ တစ်ရက် တစ်ထောင့်ကိုးရာ ရှစ်ဆယ့်ခုနှစ်လေ၊ အဲဒါဆို ငါးနှစ်ပြည့်ပြီးသားပဲ ဖောင်ကျောင်းဝင်မှတ်ပုံတင်စာရင်းမှာ အဲဒီလို ထည့်လိုက်ရင် ရပြီလေ"

အလွန်အံ့သြသွားသော ဆရာကြီးမှာ မျက်လုံးအပြူးသားနှင့်

www.burmeseclassic.com

www.burmeseclassic.com



... ဆေးကြည့်... သ်။ အရွယ်နှင့်မလိုက်အောင် သွက်လက်ဖျတ်လတ်လွန်းသော ကလေးမလေးမှာ သာမာန်ထက်ပိုပြီး ထူးခြားနေသည်ဟုလည်း ထင်လိုက်မိ၏။

"ဒီလို လုပ်ပါလား အစ်မ၊ ကလေးက ကျောင်းသိပ်တက်ချင်နေတော့ လက်ခံထားလိုက်မယ်၊ ဒါပေမယ့် ဒီနှစ်ကတော့ ကျောင်းပျော်အနေနဲ့ထားပြီး အခြေအနေစောင့်ကြည့်ရမှာဘဲ"

ဆရာကြီးစကားကြောင့် သားအမိနှစ်ယောက်မှာ အလွန်ပျော်ရွှင်သွားတော့၏။ သမီး၏အကြောင်းကို ကောင်းစွာသိပြီးဖြစ်သော မမြကျင်မှာ ဘယ်လိုပဲ တတ်ရတာတ်ရ ကျောင်းနေရလျှင် စိတ်ချမ်းသာနမည့် နုနုကို ကျောင်းတွင်စိတ်ချလက်ချ ထားရစ်ကာ အိမ်သို့ပြန်လာခဲ့ရတော့၏။

ထိုနေ့မှစ၍ နုနုမှာ ရွာရှိ မူလတန်းကျောင်းလေးတွင် ဉာဏ်ကောင်းပြီး စာတော်သော ကျောင်းပျော်မလေးအစစ် ဖြစ်လာတော့သည်။

ဆရာကြီးမှာ သူမအား ရှေ့နှစ်တွင်ပထမတန်းသို့ အခက်အခဲမရှိ ပို့နိုင်မည် ဖြစ်ကြောင်းလည်း သိသွားတော့၏။



"နုနုရေ"

အသံလာရာဆီသို့ ကြည့်လိုက်တော့ ချောင်းထဲမှ လက်ယပ်လှမ်းခေါ်နေသော အောင်ဝဏ္ဏတို့ ညီအစ်ကို ကိုတွေ့လိုက်ရသည်။ ကျော်သီဟက ပဲ့တွင်ထိုင်ကာ လှေလှော်လာသည်။ အောင်ဝဏ္ဏက လှေဦးထိပ်မှ နုနုကို လှမ်းခေါ်ခြင်းဖြစ်သည်။

အိမ်ပေါ်မှ ပြေးဆင်းသွားပြီးမှ ချောင်းထဲကရေတွေကို ကြည့်ပြီး တွန့်ခနဲ ဖြစ်သွားမိ၏။

"လာလေ လှေစီးရအောင်"

ဂါဝန်အဝါကားကားလေးကို လက်နှစ်ဖက်နဲ့မရင်းချောင်းစပ်တာရိုးမှာ ခြေထောက်နှစ်ချောင်းပူးပြီး ငြိမ်ငြိမ်လေး ရပ်နေမိသည်။ ချောင်းထဲက လှေထိုးသွားကြတဲ့အရှိန်ကြောင့် ပါးလွှာတဲ့ လှိုင်းလေးတွေ တရိပ်ရိပ် ပြေးတက်လာတာကို မတ်တပ်ရပ်ရင်း ခြေထောက်နဲ့အထိ ခံထားရတာလောက် ပျော်စရာအရသာလေးသည် စကြွန်ပိုင်းအတွင်းပင် ပြန်လည်ပျောက်ကွယ်သွားတတ်သည်။

ယခုလည်း လှေတွေ မော်တော်တွေ ဖြတ်မောင်းသွားကြတဲ့အရှိန်ကြောင့် လှိုင်းလေးတွေတတ်လာတာ ခြေထောက်နဲ့ ခံထားရင်း အောင်ဝဏ္ဏတို့ လှေလေးကို ငေးနေမိသည်။

"လာ ... နုနု၊ လှေစီးမယ်"

ကျော်သီဟက လှေကို ကမ်းဘက်ကပ်လာရင်း အော်ခေါ်သည်။ ကမ်းစပ်နားမှာရပ်ရင်း ခေါင်းကိုသွက်သွက် ခါရမ်းပြလိုက်သည်။

www.burmeseclassic.com



"လာပါဆို ဒါ ငါတို့ဦးလေး စပါးလာကြိတ်လို့ ခဏယူစီးရတာ စီးလို့ကောင်းတယ် လာ"

ကျော်သီဟက လှေကိုကမ်းမှာဆိုက်ပြီး ထပ်ခေါ်ပြန်၏။

"ကြောက်တယ်"

"မကြောက်နဲ့ မှော မရှိဘူး"

အောင်ဝဏ္ဏက အသံရှူးရှူးနှင့် လှမ်းအော်ပြီး လှေဦးအမိုးကို ဟပြသည်။

"ဟယ် "

နုနုမျက်လုံးလေးတွေ ဝိုင်းစက်သွားကြသည်။လက်ခုပ်လေးတီးရင်း ခုန်မိတော့မလိုပင် ခြေဖျားလေးက မြောက်ကြွသွားလေသည်။ ကြာဖြူတွေ။ နည်းနည်းနောနောမဟုတ်။ လှေဦးဝမ်းထဲမှာ အပြည့်ကြီးပင်။

အခုမှ သေ သေချာချာ ကြည့်မိသည်။ လှေဦးရှိ ကြက်တူရွေးရုပ်ကြီးတွင် ကြာပုတီး တစ်ကုံး ဆွဲပေးထားသေး၏။

"လာလေ"

အောင်ဝဏ္ဏက ကြက်တူရွေးရုပ်က ကြာပုတီးကိုတစ်လှည့် မျက်လုံးလေးများ အရောင်တလက်လက် ထွက်နေသော နုနုမျက်နှာကို တစ်လှည့် ခပ်ပြုံးပြုံးကြည့်ကာ ခေါ်သည်။

"အဲဒါ ငါ့ကိုပေး"

ကမ်းပေါ်ကနေ လက်ကလေးတစ်ဖက် ဆန့်တန်းရင်း



တောင်းလိုက်သည်။ အောင်ဝဏ္ဏက လှေဦးထိပ်က ကြာပုတီးကို လေးဖက်ထောက်လှမ်းယူရင်း

"လှေပေါ်တက်ခဲ့မှ ပေးမယ်"

"ဟင့်အင်း ကြောက်တယ်"

"ဘာကြောက်စရာရှိလဲ ဒီလောက် ငြိမ်ရှိတဲ့ဟာကို"

လှေပဲ့မှာ တင်ပျဉ်ခွေထိုင်နေတဲ့ကျော်သီဟက လှော်တက်ကို ပေါင်ပေါ်တင်ရင်း အေးအေးဆေးဆေး ပုံစံနှင့် ဝင်ပြောသည်။

"ရော့ ... လာယူလေ၊ လှေပေါ်တက်ယူ"

အောင်ဝဏ္ဏက ကြာပုတီးလေးကို မြှောက်ပြပြီး နုနုကိုမရမကခေါ်နေသည်။ ရေထဲဆင်းရမှာ ကြောက်သလို ကြာပုတီးနဲ့ ကြာဖြူ တစ်ပွင့် နှစ်ပွင့်ကိုလိုချင်သည့် စိတ်ကလည်း ထိန်းမရနိုင်။

"ငါ လှေမစီးရဲဘူး"

"မစီးရဲရင် မစီးနဲ့လေ ကြာယန်းတွေလိုချင်ရင် လာယူပေါ့ဟ"

အောင်ဝဏ္ဏမှာ အရွယ်နှင့်မလိုက်အောင် ယည်လွန်းသောကောင်ရုပ်လေး ဖြစ်သည်။ ပြောပြီးပြီးချင်း သူ့အစ်ကို ကျော်သီဟကို ပြုံးပြီးလှည့်ကြည့်သည်။

"အဲဒါဆို လှေနည်းနည်းကပ်ခဲ့ ငါလာခဲ့မယ်"

နုနုစကားအဆုံး အောင်ဝဏ္ဏက တာရိုးအစပ်မှာ ပေါက်နေတဲ့ ဆင်ငိုမြက်တွေကို ခါးကုန်းပြီး လှမ်းဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေဦးက ကမ်းနဲ့ကပ်လာသောအခါ ပဲပိုင်းကကမ်းနဲ့ပြန်ကွာ သွားသည်။ သူမ လှေနံကို စောင်းသွားအောင် နင်းပြီး လှေဝမ်းထဲ ဆင်းလိုက်ချိန်တွင် ခြေဖဝါးထဲက ကျည်ခနဲ ဖြစ်သွားသည်။ ရင်ထဲမှာ လည်း တလှပ်လှပ်ခုန်လာ၏။

"ပေးလေ"

အောင်ဝဏ္ဏက ပြုံးဖြီးဖြီးနှင့်ကြည့်နေရင်း လက်ကဆွဲထား တဲ့ မြက်ပင်တွေကို လွှတ်ပြီး တာရိုးကို မသိမသာ တွန်းလိုက်သည်။ လှေက ကမ်းနဲ့တစ်လံလောက် ဝေးသွားပြီး ရေကိုအရှိန်နဲ့ စရွေ့လိုက် တော့မို့ လန့်ဖျပ်ပြီး ငုတ်တုတ်လေး ထိုင်ချလိုက်ရသည်။

"အီး ကြောက်တယ် ကြောက်တယ်၊ လှေပြန်ကပ်ပေး"

"ဟား ဟား ဒီလောက်စီးလို့ကောင်းတဲ့ဟာကို"

"အမေရေကယ်ပါဦး ကိုကိုကြီး လှေရပ်ပေး ကြောက် တယ် မစီးရဲတော့ဘူး"

"အေး အေး"

ပါးစပ်ကသာ အေးအေးလို့ပြောပြီး တကယ်မရပ်ဘဲ လှေကို ဆက်လှော်သည်။နုနုမှာ လှေနံ့နှစ်ဖက်ကို လက်နဲ့တင်းတင်းဆုပ် ထားရင်း မျက်လုံးတွေကို မှိတ်ထားမိ၏။

"အား မူးတယ် ... မူးတယ်၊ မစီးချင်ဘူး"

မျက်စိမှိတ်ပြီး ကြောက်အားလန့်အားနှင့် အတင်းကုန်းအော် နေသော နုနုကိုကြည့်ကာ အောင်ဝဏ္ဏတို့ ညီအစ်ကိုမှာ တဟားဟား



နှင့် သဘောကျစွာ ရယ်နေကြတော့သည်။

"ဒီး ဟီးဟီး အမေနဲ့တိုင်ပြောမယ် ကြောက်ပါတယ်ဆိုမှ"

"ဟား ဟား ပျော်စရာကြီးကို ငိုတယ် အရူး မလေး"

အောင်ဝဏ္ဏက ချောင်းထဲမှရေးများကို လက်နှင့်ယက်ကာ လှေလှော်သလို လုပ်သည်။ နုနုမှာ ကြာယန်းတွေလည်း သတိမရနိုင်။ ငိုရင်းနှင့်ပင် လှေပေါ်ပါလာရ၏။ ထိုစဉ် ချောင်းရိုးထဲမှ မော်တော် စက်သံ သဲ့သဲ့ကြားလိုက်ရသည်။

"ကိုကိုကြီးရေ မော်တော်လာပြီဟေ့"

အောင်ဝဏ္ဏက ဝမ်းသာအားရ ထအော်ပြီး လှိုင်းစီးရန် လှေနံနှစ်ဖက်ကို အသင့်ကိုင်ထားသည်။ မကြာမီ စက်သံတဒုန်းဒုန်း နှင့် စပါးတင်သော မော်တော်ကြီးက ချောင်းကွေ့ထဲမှထွက်လာတော့ ၏။

နုနုအော်ငိုသံကို စက်သံက ဖုံးလွှမ်းသွားပြီး သူတို့လှေလေး မှာ ကမ်းနားသို့ တိုးကပ်ကာ ရှောင်သော်လည်း ကျယ်လောင်သော အသံနှင့်အတိုင်း ပြင်းထန်သည့်လှိုင်းများက အရှိန်အဟုန်နှင့်ပုတ်သွား သောကြောင့် ရေတွေဝေါခနဲ ဝင်လာတော့သည်။

"အား အမေရေ ရေတွေ ရေတွေ"

နုနုမှာ ကြောက်အားလန့်အားနှင့် လှေပေါ်မှ ထရပ်သည်။ ဘယ်ညာလူးလွန့်လျက် ရှိသောလှေက လူထရပ်သည့် အရှိန်နှင့် တစ်ဖက်သို့ စောင်းကျသွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"နုနု ထိုင်နေ၊ မောက်သွားလိမ့်မယ်"

"အီး ဟီးဟီး၊ ကြောက်တယ်"

ပြောကာမှ ပိုလန့်သွားတော့သည်။ လှေပေါ်မှာ မထိုင်ဘဲ ဟိုနှင်းသည်နှင်း လုပ်နေသောကြောင့် ရေများမှာ လှေနံထိလုနီးပါး ဝေါခနဲ အလုံးလိုက် ဝင်လာတော့သည်။

"ဝဋ္ဋ ... ရေစက်၊ နုနု ထိုင်စမ်း"

ကျော်သီဟက အော်လည်းအော် အဆင်သင့်တွေ့ရသည့် ကော်ပုံးနှင့်လည်း ရေကွေကိုပက်ထုတ်သည်။

"အမလေး အား"

"ဟဲ့ ... ဟဲ့"

လှေမှာ မငြိမ်သောကြောင့် ရေအပြည့်နှင့် နစ်ကျသွားတော့၏။ နုနုမှာ စူးစူးဝါးဝါးတစ်ချက် အော်လိုက်ပြီး အသံပျောက်တော့သည်။ ဘာဆိုဘာမှ မသိရတော့ချေ။

ဖနောစေ



"အမေ မွန်းတယ်၊ ရေတွေဝင်လာပြီ ကြောက်တယ်"

"သမီး သမီး၊ အမေရှိတယ် အမေဒီမှာလေ"

ကိုယ်တွေခြစ်ခြစ်တောက်ပူနေသော နုနုမှာ ကယောင်ကတမ်းတွေ ထအော်တော့သည်။

"ကယ်ကြပါ၊ ရေတွေနဲ့ သင်္ဘောနစ်တော့မယ်၊ အား ထွက်လို့ မရဘူး ကယ်ကြပါဦး"

"သမီး သမီး"

"ဟဲ့ ဆရာသွားခေါ်တဲ့လူ အခုထိမရောက်သေးဘူးလား"

ဘွားအေဖြစ်သူမှာ မြေးအတွက် အလွန်စိုးရိမ်ပူပန်နေရှာ၏။ မကြာမီ ကျန်းမာရေးမှူးရောက်လာတော့သည်။ သူမအား အဖျားတိုင်းကြည့်ပြီးသောအခါ

"အဖျားက တစ်ရာသုံးဒီဂရီတောင်ရှိတယ် ပိုဆိုးတာက ကလေးက အရမ်းလန့်နေပုံရတယ်"

"ဟုတ်ပါတယ်ဆရာ မနေ့ကလှေမှောက်တာကို လန့်ပြီး အပြင်းဖျားတော့တာပဲ"

ကျန်းမာရေးမှူးက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းရင်း

"ဒါမျိုးက အခန့်မသင့်ရင် ဒုက္ခရောက်နိုင်တယ်၊ နောက်ဒါမျိုးမဖြစ်ပါစေနဲ့ နေမကောင်းရင် လန့်ပြီး ကယောင်တန်းအော်တာ မကောင်းဘူးဗျ အပြင်းဖျားတိုင်း အော်တာကြီးက အကျင့်ပါနေလိမ့်မယ် ဒါအအေးမိတာနဲ့ပေါ့ပြီး လန့် ဖျားဖျားတဲ့သဘောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး ဆရာရယ် ကလေးတော့ ခုက္ခတော့ ခုက္ခ ပါဘဲ အဲဒါ ဟိုမျောက်လောင်းနှစ်ကောင် မကောင်းလို့ ဆရာရဲ့ အိမ်ကိုလာပါစေလေ့ဦး ငါနဲ့တော့ တွေ့မယ်"

နုနု၏ ဘွားအေကြီးမှာ စိုးရိမ်တကြီး ညည်းညူရင်း အောင်ဝဏ္ဏနှင့် ကျော်သီဟအား ကြိမ်းမောင်းနေလေ၏။

အဖေဖြစ်သူနှင့် အမေဖြစ်သူမှာတော့ သမီး ကယောင် ကတမ်းအော်သော စကားများကိုသာ ဆက်စပ်စဉ်းစားနေမိလေ၏။

"သဘော်နှစ်တော့မယ် သဘော်နှစ်တော့မယ်"

လို့အော်တဲ့ သမီးအသံ စူးစူးရှရှကို ကြားယောင်ရင်း ရင်ထဲမှာ နင့်လာမိသည်။

ဒီအသက်အရွယ်ထိ လေတို့ မော်တော်တို့သာ မြင်ဖူးသော သမီးလေးက သဘော်နှစ်တော့မယ်ဟု အော်သံကြောင့် အံ့သြခြင်းကြီးစွာ ဖြစ်မိ၏။

ချောင်းထဲရေထဲဆင်းရမှာ ကြောက်ပြီး တစ်ခါတရံ စူးထူးဆန်းဆန်း စကားများကို ပြောတတ်သော သမီး၏အတိတ်သည် မည်သို့သော ထိန်လန့်ကြောက်ရွံ့ဖွယ် အဖြစ်များနှင့် အစချီခဲ့ရပါ နည်းဟု တွေးတောရင်း တစ်ချိန်က နော်အယ်ဖော ပြောခဲ့ဖူးသော

"အယ်ဖော ကလေးက လူဝင်စားလားမသိဘူး"

ဟူသည့် စကားတစ်ခွန်းကို ပြန်ပြီး အမှတ်ရလိုက် လေတော့သည်။

ဖဖဖဖဖ



"ဒီနေရာတွေကို သမီးရောက်ဖူးနေသလိုပဲ"

ဒေါ်မြကျင်မှာ သမီးဖြစ်သူပြောလိုက်သော စကားကြောင့်

"ဘာ ဘယ်တုန်းကရောက်ဖူးတာလဲ အခုမှ ခေါ်လာ တာကို"

နုနုကို အခုမှ ရန်ကုန်ကို သွားဖို့ခေါ်လာခြင်းဖြစ်ပါသည်။ ...ရောက်ဖူးသလိုပဲ ဆိုသော စကားကြောင့် အံ့သြသွားရတော့၏။

"ဟုတ်တယ် အမေရဲ့၊ ဒီနေရာတွေ ရောက်ဖူးနေသလို ယောဒီဈေး ပြီးတော့ ဟိုရှေ့မှာ ခုံတံတားလေး ရှိသေးတယ် လေ ဒီကဆက်သွားရင် ကမ်းနားတစ်ခုကို ရောက်တယ်"

သူမပြောနေသည်မှာလည်း အမှန်တွေချည်းသာ ဖြစ်သည်။ ...ကြာခင် ရန်ကုန်ဆက်သွားရန် သဘော်ဆိပ်သို့ ရောက်လာသည်။ ...သဘော်ဆိပ်တွင် ခရီးသွားများ ဈေးသည်များနှင့် ဆူညံရှုပ်ထွေးနေ ...တော့၏။

နုနုမှာ ပတ်ဝန်းကျင်ကို တွေဝေငေးမောရင်း ရုတ်တရက် ...ဆွဲထားသော လက်ကိုအတင်းရုန်းဖယ်ကာ

"သမီး မလိုက်ချင်တော့ဘူး၊ အမေ ဘယ်သွားမှာလဲ"

"ဟင် "

ဒေါ်မြကျင် အံ့သြခြင်းမက အံ့သြသွားရတော့၏။

"ငုံးဥပြုတ် ငုံးဥပြုတ်"

"အဒေါ် ငုံးဥပြုတ် ဝယ်ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ငုံးဥပြုတ်သည်လေးတစ်ယောက် အနား ရောက်လာကာ ငုံးဥပြုတ်အတင်း လာရောင်းသည်။

"အေး ပေး ပေး နှစ်ထုပ်ယူမယ်၊ ရော့ သမီး ငုံးဥစား"

"ဟင့်အင်း မစားဘူး အိမ်ပြန်မယ်"

"ဘာလို့အိမ်ပြန်မှာလဲ၊ သမီးပဲ ရန်ကုန်လိုက်ချင်တယ်ဆို"

ဒေါ်မြကျင်အတွေးထဲမှာ သူမပြောခဲ့သော စကားတစ်ခွန်းကို ဖျတ်ခနဲ အမှတ်ရလိုက်သည်။

"သမီးပြောတော့ သမီး အဖေတွေ အမေတွေကို တွေ့ချင်တယ်ဆို၊ အဲဒါ ရန်ကုန်သွားမယ်လေ"

"ဟင့်အင်း ဟိုဟာကြီးစီးသွားရမှာ သမီး ကြောက်တယ် မလိုက်ရဲဘူး"

သားအမိနှစ်ယောက် ပြောဆိုကြရင်း သင်္ဘောဆိပ်ရောက် လာသည်။ လူများမှာလည်း တိုးမပေါက်အောင် ပြွတ်သိပ်နေတော့ ၏။

"မကြောက်ပါနဲ့ သမီးရယ်၊ အမေပါတာပဲ၊ ပြီးတော့ သင်္ဘော စီးရတာ ပျော်စရာကြီး မြစ်ထဲမှာ စင်ရော်လေးတွေ ရှိတယ် သူတို့တွေ အစာလာတောင်းရင် ကျွေးရအောင် ပေါက်ပေါက်တွေဝယ်ပေးမယ်နော်"

"ဟင့်အင်း မလိုက်ဘူး မလိုက်ဘူး သမီး ကြောက်တယ်၊ သင်္ဘောမစီးချင်းဘူး မှောက်လိမ့်မယ်၊ သင်္ဘောစီးလို့



သမီးသေရတာ၊ မစီးဘူး ဒီသင်္ဘောစီးလို့ သေရတာ"

စူးစူးဝါးဝါး အော်ဟစ်သံကြောင့် သင်္ဘောဆိပ်တစ်ခုလုံး ရှိ လူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သင်္ဘောမှောက် ထားတာ နှစ်ကာလသိပ်မကြာသေးတာမို့ အခုလို ကလေးတစ် ယောက်၏ စကားကိုကြားလိုက်ရသောအခါ အားလုံးထိတ်လန့် ချောက်ချား သွားတော့၏။

ကလေးစကားမှာ မှန်တတ်သည်ဖြစ်ရာ အားလုံးထိတ်လန့် ပြီး နိမိတ်စကားတစ်ခွန်းလို့ ထင်သွားကြတော့သည်။ အမေကတော့

"မဟုတ်ပါဘူးရှင်၊ သူငယ်ငယ်က ရေထဲမတော်တဆ ကျဖူး တာကို သတိရပြီး အကြောက်လွန်လို့ ပြောတာပါ၊ သူလေ့ တို့ သင်္ဘောတို့ စီးရမှာသိပ်ကြောက်တာ"

"ဩော် ဟုတ်လား"

"အမလေး တော်ပါသေးရဲ့"

"ဟုတ်ပ လန့်လိုက်တာ၊ အစ်မရယ်"

"ကဲ သမီးဘာမှမကြောက်နဲ့နော် အခု သင်္ဘောမစီးဘူး ဒါ သင်္ဘောမဟုတ်ဘူး၊ အိမ်ကြီးသိလား အဲဒီအိမ်ကြီးကို စီးသွားမှာ"

အားလုံးချော့မော့ပြောဆိုမှုကြောင့် နုနုမှာ သင်္ဘောစီးကာ ရန်ကုန်သို့ ရောက်ဖြစ်ခဲ့တော့သည်။ သင်္ဘောပေါ်တွင် အထိတ်တလန့် လိုက်ပါလာသော သမီးကလေးကို ကြည့်ကာ မမြကျင်မှာ စိတ်မ ကောင်းဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သဘောကမ်းကပ်ပြီးနောက် ဘက်(စ်)ကားတစ်ဆင့် ထပ်စီးရတော့ သူမဟာ ပျော်ပျော်ရွှင်ရွှင်ပဲ လိုက်ပါလာခဲ့သည်။ လိုင်းကားကျပ်ကျပ်ပေါ်တွင် သူမတို့ သားအမိမှာ နေရာမရ။

"ဟဲ့ သမီး"

ဆွဲထားသော လက်ကိုဖြုတ်ကာ ထိုင်ခုံပေါ်မှာ ထိုင်နေသော အမျိုးသားတစ်ဦးထံသို့ ပြေးသွားတော့၏။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ရုပ်ရည်သန့်ပြန့်သော ထိုအမျိုးသားမှာ သူ့အနီးသို့ရောက်လာသော ပါးစုံဖောင်းဖောင်း မျက်လုံးဝိုင်းဝိုင်းနှင့် ကလေးမကိုမြင်သောအခါ ချစ်စဖွယ် ပြုံးပြသည့် ကောင်မလေးအား ပြန်ပြုံးပြမိလေသည်။

ထို့ကြောင့် ကောင်မလေးက ချီပိုးကာ ပေါင်ပေါ်တွင် ထိုင်ခိုင်းထားလိုက်၏။

"ဟယ် ဒီကလေးကတော့"

ဆွဲခြင်းကို တစ်ဖက်ကဆွဲရင်း သမီးဖြစ်သူကို မာန်မဲလိုက်ပြီး သူ့အား အားတုံ့အားနာ ကြည့်လိုက်သော ကလေးအမေကို မော့ကြည့်၍ ပြုံးပြလိုက်သည်။

"ဘယ်လိုက ဘယ်လို သူများပေါ်သွားထိုင်နေတာလဲ အားနာစရာ"

"ရပါတယ် အစ်မကြီးရဲ့"

ကောင်မလေးက သူ့ပေါင်ပေါ်တွင် ထိုင်ရင်း သူမ၏အမေအား



"အားနာစရာမလိုပါဘူး အမေရဲ့၊ ဒါ သမီးအစ်ကိုကြီးပါ"

ဟု ပြောလိုက်ရာ သူ့မှာ 'ဟော'ဟုပင် အာမေဋိတ်ထွက်သွားတော့၏။ သူ့တွင် ဤကလေးမလေးအရွယ် သမီးလေးနှစ်ယောက် ရှိသောကြောင့် အစ်ကိုကြီးဟူသော ကောင်မလေး၏ အခေါ်အဝေါ်က သူ့ကိုမပြုံးဘဲ မနေနိုင်သလို တအံ့တသြလည်း ဖြစ်သွားစေခဲ့လေသည်။

သမီးဖြစ်သူ၏ ထူးထူးဆန်းဆန်း စရိုက်ကို နားလည်းထားသော မမြကျင်မှာ မျက်နှာကွက်ခနဲ ပျက်သွားပြီး အသက်သုံးဆယ်ကျော်လောက်ရှိမည့် ထိုအမျိုးသားအား ပြုံးပြကာ

"သမီးကလည်း ဦးဦးလို့ခေါ်လေ၊ ဘာအစ်ကိုကြီးလဲ"

ဟု ခပ်ကြိတ်ကြိတ် ဝင်ပြောလိုက်၏။

"အို အမေကလည်း အစ်ကိုကြီးပါဆို၊ ဒါ သမီးအစ်ကိုကြီး"

သူ ကလေးမလေးမျက်နှာကို အလန့်တကြား ငုံ့ကြည့်လိုက်မိသည်။ လွန်ခဲ့သော ငါးနှစ်လောက်က အစ်ကိုကြီးဆိုတဲ့ အသံစူးစူးလေးကို ပြန်ကြားမိပြီး ရင်ထဲနင့်ခနဲ ဖြစ်သွားရသည်။ ယခုလည်း ဒီလိုအသံမျိုးလေး နောက်တစ်ခု။

ကလေးအမေမှာ

"အဲဒါသာကြည့်တော့ ငါမောင်ရေ ဘယ်လိုကောင်မလေးမှန်းကို မသိဘူး၊ ပြောရတာ သိပ်ခေါင်းမာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ရယ်နေလေသည်။ သို့သော် ရယ်နေသောသူမ မျက်နှာတွင် တစ်စုံတရာကို စိုးရိမ်နေဟန်က အတိုင်းသားပေါ်လွင်နေသည်ကို အကင်းပါးစွာ ခန့်မှန်းလိုက်မိသည်။

"သမီး နှာမည်ဘယ်သူလဲ ကျောင်းရောတတ်နေပြီလား"

"ဟုတ်ကဲ့ သူ့ငယ်တန်းတတ်နေပြီ၊ နှာမည်က ဘယ်နှာမည်ကို မေးထားလဲဟင်"

အထူးအဆန်းစကားကြောင့် မျက်ခုံးပင့်လိုက်မိသည်။

"ဟဲ့ နှာမည်ဘယ်နှစ်မျိုးရှိလို့လဲ၊ ပြောလိုက်လေ"

အမေဖြစ်သူ၏ စကားအဆုံးတွင် ကောင်မလေးက မျက်စောင်းတစ်ချက်လှမ်းထိုးကာ

"အမေ မသိပါဘူး၊ နှာမည်ပဲ နှစ်မျိုးရှိတာပေါ့၊ နှနှဆိုတာ အမေခေါ်တာ ဆရာမတွေ ခေါ်တာလေ၊ အစ်ကိုကြီးက သမီးကို ခင်နှင်းရေ နှင်းနှင်းရေလို့ခေါ်တာ အမေရဲ့၊ ဒါ သမီး အစ်ကိုကြီးလေ ဒေါက်တာမြင့်နိုင်တဲ့"

"ဟင်"

"အို"

ကြားလိုက်ရသော စကားက သူ့ရင်ထဲက ကလီစာတွေအကုန်လုံးကို ဆွဲကိုင်လှုပ်ယမ်းပစ်လိုက်သလို ဖြောင်းဆန်သွားစေသည်။

ခင်နှင်းရေ၊ နှင်းနှင်းရေတဲ့လား။ ဒါ ဒါဆို သူမလေးက



"ဟော ဆင်းရမယ့် မှတ်တိုင်ရောက်ပြီ၊ သမီးရေ ဆင်းကြစို့"

အမှုအရာပျက်သွားသော ကလေးမလေး၏ မိခင်မှာ သယ်နိုင်းကျွန်း ကားကြီးဂိတ်မှတ်တိုင်အရောက်တွင် ကလေးကို သူ့ပေါင်ပေါ်မှ ဆွဲယူကာ ဆင်းဖို့ပြင်လေတော့သည်။

"ဟို အစ်မကြီး ခဏနေပါဦးဗျာ"

သူ သတိလလက်လွတ် ယောင်ယမ်းအော်လိုက်မိပြီးမှ ကားပေါ်မှာဆိုတာ သတိရကာ ရှက်သွားမိသည်။ ဒါပေမယ့် မည်သို့မျှမတတ်နိုင်။ ကားပေါ်ကနေ သူပါအပြေးအလွှား လိုက်ဆင်းရသည်။

လမ်းမပေါ်သို့ ရောက်သောအခါ ကောင်မလေးက သူ့အမေလက်ထဲမှ ရုန်းရင်း သူ့ထံသို့ ပြေးလာသည်။ သူ ဝမ်းသားအားရဆီးပြီး ဖက်ထားလိုက်မိ၏။ နှစ်ယောက်စလုံး၏ မျက်လုံးများတွင် မပြောဖြစ်သော၊ မပြောတတ်သော အကြောင်းအရာတို့က ပြည့်သိပ်နှင့်ခဲနေကြသည်။

"အစ်မကြီးက ဘယ်ကိုသွားမှာလဲ၊ ကျွန်တော်ဒီရက်ကွက်ထဲမှာပဲ နေတာပါ အိမ်ကို ခဏလိုက်ခဲ့ပါဦးဗျာ ဒီကလေးက "

"သူ့သူပြောတာတွေကို မယုံပါနဲ့၊ ငါ့မောင်ရယ် အဲဒီလိုပေါက်ကရတွေ သူပြောနေကျမို့ အစ်မတို့တော့ ရိုးနေပါပြီ"

www.burmeseclassic.com



သူခေါင်းကို ကြည်းညင်းစွာ ခါရမ်းလိုက်သည်။

"သူပြောတာ ပေါက်ကရ ဟုတ်ချင်လည်း ဟုတ်နေမယ် ဒါပေမယ့် ကျွန်တော့်ဘဝ တစ်စိတ်တစ်ပိုင်း ကျွန်တော့် မိဘားစုကိစ္စနဲ့ အများကြီးတိုက်ဆိုင်နေတယ် အိမ်ရော ကော့ ကျွန်တော်ရှင်းပြပါ့မယ် အခုတော့ လိုက်ခဲ့ပါဦး ကျွန်တော့်အိမ်က ဒီလမ်းမပေါ်မှာပါ"

"ဟင်၊ အံ်ကိုကြီးက ဒီမှာနေတာဟုတ်လား သဘော်ကျွ မှာ မနေတော့ဘူးလား အိမ်ပြောင်းလာတာလားဟင်"

သူပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ နောက်ဆုံးတော့ သူမမိခင်၏ မျက်နှာတွင် မတတ်သာ၍ စိတ်လျှော့လိုက်သော အ အရာကို သူလှစ်ခနဲ တွေ့လိုက်ရတော့၏။



"အဖြစ်ကတော့ အစ်မကြီးရယ်၊ ကျွန်တော်တို့က မောင်နှမ နှစ်ယောက်တည်းရှိတာပါ၊ ညီမလေး ရုတ်တရက် အဖြစ်ဆိုးနဲ့ ဆုံးသွားပြီးတဲ့နောက်ပိုင်း ကျွန်တော် အိပ်မက်တွေ ခဏ,ခဏ မက်တယ်၊ ဒါတွေအားလုံးဟာ တိုက်ဆိုင်မှုဆိုရင်တော့ အခုလိုမျိုးပြန်ဆုံရတာ အံ့သြစရာ မကောင်းဘူးလား ကျွန်တော် ဝမ်းလည်းသာတယ် အရမ်းလည်း ဝမ်းနည်းတယ်၊ ဖေဖေနဲ့ မေမေသာရှိရင် သိပ်ဝမ်းသာရှာမှာ"

ပြောရင်း ယောကျ်ားတန်မဲ့ မျက်ရည်ဝဲလာမိသော ဒေါက်တာမြင့်နိုင်ကိုကြည့်ကာ နုနုမှာ ဝေ့သီလာသော မျက်ရည်များကို မျက်တောင်နဲ့ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း တွေတွေငေးငေးလေး ကြည့်နေလေသည်။

"ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲကွယ် အခု"

"ပြီးခဲ့တာတွေပြီးပြီဆိုပေမယ့် ညီမလေးက ကျွန်တော့်ကို မှတ်မိနေတယ်၊ အဲဒါကျွန်တော့်ကို စိတ်လှုပ်ရှားစေခဲ့တာဘဲ"

"ဘာပဲဖြစ်ဖြစ်၊ ဘဝတွေ ခြားသွားပြီပဲကွယ်"

"ဒါပေမယ့် ကျွန်တော့်ညီမဟာ ကျွန်တော့် ညီမပါပဲ"

သူ့မထံမှ သက်ပြင်းရှိုက်သံ ခပ်တိုးတိုးထွက်လာသည်။ ဆေးပညာတတ်တစ်ယောက်ဖြစ်သည့် ဒေါက်တာမြင့်နိုင်မှာလူဝင်စားဆိုသည့် အကြောင်းအရာများကို မကြာခဏ ကြားဖူးပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ရှေးရိုးအစွဲတွေ ပျောက်ကွက်မရသေးသော ခေတ်ဟောင်း၏ အစွဲအလမ်း အရိပ်အငွေ့တစ်ခုဟုသာ ယူဆခဲ့သည်။

ပြောမယ့် ကြုံမှသိဆိုသလို ယခုလို အခြေအနေမျိုးနှင့် သူတို့ ပြန်ဆုံဆည်းရမည်ဟု ထင်မှတ်မထားခဲ့။

''အစ်မ ကိုယ်ချင်းစာပါတယ်၊ စိတ်မကောင်းလည်း ဖြစ်မိတယ်''

''ဟို တစ်ခုလောက်မေးပါရစေ၊ ကန်တော့နော် သူ့ကို ကိုယ်ဝန်ရှိတော့ ထူးထူးခြားခြား အိမ်က်တွေဘာတွေ မက်သေးလား လာနေမယ်ဘာမယ် ပြောတာမျိုးလေ ကျွန်တော် စာထဲ ဖတ်ဖူးတာမျိုး ဟုတ်မဟုတ်မေးကြည့်တာပါ''

သူ့မေးခွန်းက ဘာမှသိပ်မဆိုးသော်လည်း အလွန်အမင်း မျက်နှာပျက်သွားသော ကလေး၏မိခင်ကို ကြည့်ကာ သူ့စိတ်ထဲ ထင့်သွားမိသည်

''အယ်ဖောဆီကို မိန်းကလေးတစ်ယောက် လာနေမယ်တဲ့၊ ပုံစံက ကျောင်းဆရာမပုံပဲ၊ အသားဖြူဖြူ ဆံပင်ရှည်ရှည်နဲ့ တရုတ်သွေးပါပုံရတယ်၊ ရေတွေလည်းရွဲလို့ အဲဒါအယ်ဖော သနားတာနဲ့ လာနေပေါ့လို့ ပြောလိုက်တယ်၊ ပြီးတော့ အယ်ဖောဗိုက်ထဲကို အတင်းတိုးဝင်ပြီး ပျောက်သွားတယ် ကြောက်လိုက်တာ အစ်မရယ်''

အတွေးထဲမှာ ပြန်ကြားယောင်လာသော နောအယ်ဖော၏



စကားများက သူမကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်လာသည်။ သူ ခေါင်းကိုဖြည်းညှင်းစွာခါယမ်းပစ်လိုက်သည်။

''ဟို ကျွန်တော်မေးကာ စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်၊ အခုအဖြစ်က အရမ်းထူးဆန်းပြီး အံ့ဩစရာကောင်းလွန်းလို့ပါ''

''မဟုတ်ပါဘူးကွယ်၊ အသိမဖြစ်ခဲ့တာတွေ ပြန်စဉ်းစားရင်း ဇဝေဇဝါဖြစ်နေတာ၊ သူ့ကိုမမွေးခင်က အစ်မအိမ်မက်၊ မက်ခဲ့သလား၊မမက်ခဲ့ဘူးလားဆိုတာ ပြန်စဉ်းစားရင်း ခေါင်းနောက်လာလို့ပါ''

''ဪ''

မပြကျင်မှာ ဧည့်ခန်းနံရံမှာ ချိတ်ထားသော ဓာတ်ပုံကြီးများကို တစ်မှတမော ငေးကြည့်ရင်း မျက်ရည်ကျနေသော သမီးဖြစ်သူကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။ ထိုအတူ ဓာတ်ပုံများ၏ ဘေးအပေါ်ဘက်နားတွင် ချိတ်ထားသော ...က်ဝါးကပ်တိုင်ပုံ ပန်းချီကားတစ်ချပ်ကိုလည်း တွေ့လိုက်ရလေသည်။

နုနုသည် တသိမ့်သိမ့် ရှိုက်ရင်း ထိုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်လေသည်။

''အဖဘုရားသခင် အဖ၏ အိမ်တော်ကောင်းကင်ဘုံမှာ ရှိသော သမီးရဲ့ဖေဖေနဲ့ မေမေကို ကောင်းချီးပေးတော်မူပါ အစ်ကိုကြီးနဲ့ ပြန်ဆုံတွေ့ခွင့်ပေးခဲ့တဲ့အတွက်အဖဘုရားသခင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကျေးဇူးတော်ကို သမီးအစဉ်အမြဲ အောက်မေ့လျက်ပါ အဖဘုရားသခင်"

လက်ကိုယှက်ရင်း တိုးဖွဖွဆုတောင်းလိုက်သော သမီးရဲ့ အသံက ရှိုက်သံတို့ ရောထွေးလျက် သူမကို အတော်ကြာအောင် အံ့သြမင်တက်မိစေခဲ့လေသည်။ ဒေါက်တာမြင့်နိုင်နှင့် သူတို့မိသားစု ကြား အကြီးမားဆုံး လွဲမှားမှုကို ဒုတိယအကြိမ်အဖြစ် ကြုံရပြန်ပြီ ဟုတွေးရင်း သက်ပြင်းရှိုက်လိုက်မိ၏။

သူမ၏ အလွန်အမင်း အံ့သြနေပုံကိုကြည့်ရင်း ဒေါက်တာ မြင့်နိုင်၏နှုတ်မှ တိုးလျှသောစကားသံတစ်သံ ထွက်ပေါ်လာလေတော့ ၏။

"အစ်မကြီးတို့က ဗုဒ္ဓဘာသာဝင်လားဟင်"

"ဟုတ် ဟုတ်ပါတယ်၊ ဒါနဲ့ ဒီက"

"ကျွန်တော်တို့မိသားစုက ခရစ်ယာန်ဘာသာဝင်ပါ"

"သြော်"

သည်တစ်ကြိမ်တွင် တအံ့တသြဖြစ်သွားရသူက သူတို့နှစ် ယောက်စလုံးပဲဖြစ်၏။ ဘာသာရေးကို အလွန်ကိုင်းရှိုင်းသော သူတို့ မိသားစုထဲသို့ ဝင်ရောက်လာသော ကလေးမှာ ခရစ်ယာန်ဘာသာဝင် မိသားစုမှလာသူ ဖြစ်နေသည်တဲ့။

ဒါဟာ အရေးကြီးဆုံး မှားယွင်းလွဲချော်မှုကြီး မဟုတ် ဘူးလား။



"လက်ရှိအနေအထားကို ကျွန်တော် သဘောပေါက်ပါ တယ်၊ ဘုန်းကြီးကျောင်းသွားတာ ချူ(ချ်)တက်တာမျိုးကို ဘယ်လိုမှ ကန့်ကွက်တာမျိုး တိုက်တွန်းတာမျိုး ကျွန်တော့် ဘက်က မလုပ်ပါဘူး"

"ဒါပေမယ့် အခုမြင်တဲ့အတိုင်းပဲ သူက ခရစ်ယာန်ဘာသာ ဝင်တစ်ယောက်လိုပဲ နေထိုင်ပြောဆိုတယ် ဒီမှာ အဆက်အ သွယ်လုပ်ရင်း အစ်မတို့ဒီကစ်ဘက် ဗုဒ္ဓဘာသာဝင်တစ် ယောက်ဖြစ်အောင် ဘယ်လိုပုံစံသွင်းမလဲ"

သူမစကားအဆုံးတွင် ဒေါက်တာမြင့်နိုင်မှာ ခေါင်းမှဆံပင် များကို ဖိသိပ်ထိုးဖွရင်း အတန်ကြာငြိမ်သက်သွား လေတော့သည်။ ဒုက္ခပါပဲလို့ သူမခပ်တိုးတိုး ညည်းလိုက်မိ၏။

အယ်ဖောရယ် နှင့်အရိပ်ကလွတ်ပြန်တော့ ဘယ်လိုရေစက် မျိုးကြောင့် ဒီမှာလာပြီး ကြုံနေရပြန်တာလဲလို့ စိတ်တွင်းမှ ပြောလိုက် မိပြန်သည်။

"ကျွန်တော့်အဖြစ်က ဆိုင်တယ်ဆိုပေမယ့် တရားဝင်ပိုင် တာ ဆိုင်တာမျိုးမဟုတ်တော့ အစ်မကြီးတို့သဘောပါ မွေး ထားရတဲ့ မိဘအရင်းထက် ဘယ်သူကမှ ပိုပြီး စွက်ဖက်ခွင့် မရှိပါဘူး"

ထိုစကားကြောင့် အနည်းငယ် စိတ်အေးသွားရသည်။ ထို့ နောက် ဒေါက်တာမြင့်နိုင်က သူသိလိုသမျှ မိသားစုအကြောင်းကို မေး၏။

www.burmeseclassic.com

www.burmeseclassic.com



“အစ်မမှာ သားသမီးလေးယောက်၊ အဲ ငါးယောက်ပေါ့ နုနုက အငယ်ဆုံး သားသမီးတွေအားလုံး အရွယ်ရောက်ကုန်ပြီဆိုတော့ ရန်ကုန်မှာပဲ အလုပ်၊ လုပ်နေကြပြီ သူက တော့ အတူတူနေတာပေါ့ ရွာမှာပဲလေ”

“ဒါဆို အခုက ခဏလာတာပေါ့”

“ဟုတ်တယ် သဃ်န်းကျွန်း ကြီးပွားရေးရပ်ကွက်ထဲမှာ သားကြီးနေတယ်လေ အခု သူ့ဆီသွားလည်မလို့”

“ကျွန်တော့်ကို အစ်မကြီးလိပ်စာလေး ပေးခဲ့ပါလား”

“အစ်မက ခရမ်းသုံးခွကပါ ခရမ်းနယ်က ကျိုက်နိုချောင်ရွာမှာ အစ်မယောက်ျားနဲ့ အစ်မနာမည်ကို မေးရင် တစ်ရွာလုံး သိပါတယ်။ ဒါတွေပြောတယ်ဆိုတာ အစ်မကိုယ်ချင်းစာလို့ပါ ဒါပေမယ့် ဘယ်လိုသက်သေ အထောက်အထားတွေ ခိုင်လုံပါစေ၊ တွေ့ဆုံရင်းနှီးဖို့ကလွဲပြီး ဘာမှဖြစ်မလာ နိုင်တော့ဘူးဆိုတာ ကြိုပြောပါရစေ၊ ဒါမျိုးဆိုတာလဲ ကြာရင် မေ့သွားတတ်တာပါ၊ တကယ်တမ်း ကိုယ့်သွေးသားမှ မဟုတ်တော့တာ”

ပြောပြီး ကလေးကိုခေါ်ပြီး ပြန်ဖို့ပြင်တော့တာမို့ သူဟာဟာ သလဲ တားလေသည်။

“ခဏနေပါဦးခင်ဗျာ၊ တော်တော်လေးကြာရင် ကျွန်တော့် အမျိုးသမီးနဲ့ ကလေးတွေပြန်လာတော့မှာ တစ်ခါတည်း



မိတ်ဆက်ပေးပါရစေ”

သူမက ခေါင်းကို ဖြည်းညင်းစွာခါရမ်းလိုက်ပြီး

“အဲဒါတော့ မလုပ်ပါနဲ့၊ ဘယ်လိုမှတော့ သဘော မထားနဲ့နော်၊ သူတို့က သူစိမ်း ဒီကိစ္စတွေကို သိမှာမဟုတ်ဘူး သိလဲ ရုတ်တရက် လက်ခံနိုင်မှာမဟုတ်ဘူး နောက်မှ အေးအေးဆေးဆေး ဆုံပေးပေါ့”

ထိုစကားမှာ အမှန်ပင်ဖြစ်နေသောကြောင့် သူလက်ခံလိုက်ရသည်။

“ဒါဆို ကျွန်တော့်ကို တစ်ခုလောက်ခွင့်ပြုပါ”

ပြောပြောဆိုဆို ထိုင်ရာမှ ထသွားပြီး အမျိုးသမီးတစ်ယောက်၏ ဓာတ်ပုံမှန်ဘောင်လေးကို ယူလာလေ၏။ ထိုဓာတ်ပုံ နောက်ကျောတွင် အံဝှက် အဖုံးကလေးပါရှိပြီး ထိုအဖုံးကလေးကို ဖွင့်လိုက်သော အခါ ရွှေဆွဲကြိုးလေးတစ်ကုံး ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

“ဒါ ညီမလေးပစ္စည်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါဘယ်သူ့ပစ္စည်းဆိုတာ ညီမလေး၊ မှတ်မိချင်မှတ်မိပါလိမ့်မယ်၊ တကယ်လို့ သူမှတ်မိရင် ဒါလေးကို ပေးလိုက်ပါရစေ”

ဒေါက်တာမြင့်နိုင်သည် နုနုအား လက်ဝါးကပ်တိုင်ပုံလေးပါသော ဆွဲကြိုးလေးအားပြကာ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်သူ့ပစ္စည်းလဲ သိလား၊ ညီမလေး အဲ သမီး"

သူမသည် ဆွဲကြိုးလေးအား သေချာစွာကြည့်ပြီး

"ဒါ အန့်တီဟန်နာ့ဆွဲကြိုး၊ ခရစ္စမတ်တုန်းက ဖေဖေ ပေးတာလေ"

အန့်တီဟန်နာဆိုသည်မှာ သူတို့အဖေ၏အမ အပျိုကြီးဖြစ်ကြောင်း ရှင်းပြလေသည်။ ဟန်နာဆိုတာ ဘုရားကျောင်းမှာခေါ်သောနာမည်ဖြစ်ပြီး အမည်ရင်းက ခေါ်သန်းရင် ဖြစ်ကြောင်းလည်း ပြောပြ၏။ ထို့နောက်

"ကျွန်တော် ဒီဆွဲကြိုးလေး သူ့ကိုဆွဲပေးလိုက်မယ်နော် ကျွန်တော်တို့မောင်နှမတွေ ဘုရားသခင် အလိုအတိုင်း ပြန်ဆုံရတဲ့ အထိမ်းအမှတ်ပေါ့"

"ကဲ သမီး သွားကြရအောင်"

မိခင်ဖြစ်သူ၏ စကားအဆုံးတွင် သူ့မျက်လုံးတွေက အံ့သြထိတ်လန့်စွာ ပြူးကျယ်ဝိုင်းစက်သွားကြတော့သည်။ နှုတ်ခမ်းလေးများက တရွရွလှုပ်လာကာ ခေါင်းကိုသွက်သွက်ခါရင်း

"ဟင့်အင်း အစ်ကိုကြီးနဲ့ နေခဲ့ပါရစေ၊ သမီး အစ်ကိုကြီးနဲ့ နေချင်တယ်"

"အို မဟုတ်တာ၊ ဒါဆို အမေတစ်ယောက်တည်း ပြန်ရမှာလား"

"အမေပြောတော့ သမီးအိမ်ကို လိုက်ပို့ပေးမယ်ဆို"



မမြကျင်မှာ အဖြေရခက်သွားသည်။

"နောက်တော့ ပြန်လာကြတာပေါ့ သမီးရယ်၊ ခုအစ်ကိုကြီးတို့အိမ်ကိုသွားမယ်၊ ပြီးရင်ရွာပြန်ကြမယ်လေ၊ သမီး ကျောင်းတတ်ရဦးမှာ"

သူမ၏ စကားအဆုံးတွင် နနက ခေါက်ဟာမြင့်နိုင်ဘက်သို့ လှည့်ကြည့်လေသည်။

"ဟုတ်တာပေါ့ သမီးရယ် ကျောင်းအကြာကြီးပိတ်မှ လာခဲ့နော်၊ အခုက ခဏလေးပိတ်ထားတာ အဲဒီကျမှလာလည်"

"လာလည်ရမယ် ဟုတ်လား၊ ဒါသမီးအိမ်မဟုတ်ဘူးလား အစ်ကိုကြီးနဲ့ အတူတူမနေရဘူးလား"

"နေရမှာပေါ့၊ သမီးဒီမှာနေချင်ရင် ခေါ်ထားမယ်၊ ပြီးတော့ အစ်ကိုကြီးလာတွေ့မယ်၊ အဲဒီအခါကျရင် မုန့်တွေအများကြီး ဝယ်လာခဲ့မယ်နော်"

မျက်ရည်အဝိုင်းသားနှင့် ခေါင်းညိတ်ပြသော ကလေးမလေးကို ကြည့်ပြီး သူ့ရင်ထဲဆို့နင့်သွားရသည်။

"ဒီမှာ သမီးဓာတ်ပုံလေးရော ယူသွားဦးမလားဟင်"

သူ့ဓာတ်ပုံမှန်ဘောင်လေးကို ထောင်ပြရင်း မေးလိုက်သည်။ ကလေးမလေးက ဓာတ်ပုံကို တစ်ချက်စူးရဲစွာ စိုက်ကြည့်ပြီး ခေါင်းကို ညင်းညင်းသာ ခါယမ်းပြလေသည်။

"အရင်နေရာမှာဘဲ ထားပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



တိုးညင်းလွန်းသော အသံလေးက ရင်ထဲကို အလွန်ထိခိုက် နာကျင်သွားစေ၏။ သူမလေးပြောသည့်အတိုင်း ဓာတ်ပုံလေးကို စားပွဲမှာ ထောင်ထားပေးလိုက်၏။ သူမမျက်လုံးလေးတွေက စိတ်ကျေ နပ်သွားသလို တောက်ပလဲ့ဖြာသွားကြလေသည်။

ခြံတံခါးဝအထိ သူလိုက်ပို့တော့ သူ့အမေလက်ကို ဆွဲထား ရင်း လည်ပြန်လှည့်ကြည့်ကာ ပုခုံးလေးနှစ်ဖက် သိမ့်ခနဲ ခါသွား အောင်ရှိုက်ပြီး . . .

"အိမ်ပြောင်းမသွားနဲ့နော် အစ်ကိုကြီးဆီ ပြန်လာခဲ့မယ်"

တဲ့။ သြော် ညီမလေးရယ်။ ဆန်းကြယ်လွန်းတဲ့ ကံကြမ္မာက ဘဝတွေကို မျက်လှည့်ပြသလို တဖျပ်ဖျပ်ပြောင်းလဲ ရွေ့လျားပစ်နေ တာပါလား။

ကျေးဇူးတော်ကြောင့် ပြန်ဆုံခွင့်ရခဲ့ပေမယ့် မတူညီ မနီးစပ် တဲ့ ဘဝအခြေအနေတွေနဲ့ ဖြစ်နေရပြန်တယ်။

သူသက်ပြင်းမောတစ်ချက် ချပစ်လိုက်မိတော့၏။



"အိုး ဘုရားသခင်၊ ဒေါက်တာက အဲဒါတွေယုံတယ် လား"

"မယုံလို့ မရတော့ဘူး ဇစ္စတာ၊ သိပ်ကို ဆန်းကြယ်လွန်း တယ်၊ ဘဝဟာ ချားရဟတ်လိုပဲတဲ့ အဲဒါကို ဗုဒ္ဓဘာသာမှာ ဘာခေါ်သလဲ၊ ပလိစ် မခင်မာ"

ဒေါက်တာမြင့်နိုင်က ဆရာမကြီး ဒေါ်ရိုစီနှင့် ပြောနေရင်းမှ အနီးရှိ သူနာပြုငယ်လေး မခင်မာကို လှည့်ကာမေးသည်။

"သံသရာပေါ့ ဒေါက်တာရယ်၊ ဘဝတွေက ဘယ်တော့မှ ပြီးဆုံးချုပ်ငြိမ်းခြင်းမရှိဘဲ သံသရာမှာ ကျင်လည်နေရတယ် တဲ့၊ ဒီဘဝ ဒီခန္ဓာအသစ်မှာတွယ်ပြီး ပြန်စရတယ်"

သူနာပြုမလေး မခင်မာ စိတ်ရှည်လက်ရှည် ရှင်းပြနေသည် ကို ဒေါက်တာမြင့်နိုင်နှင့် ဆရာမကြီး ဒေါ်ရိုစီက မျက်မှောင်ကျုံ့ရင်း နားထောင်နေလေသည်။

"လူ့ဝင်စားဆိုတာ တကယ်ရှိလို့လား မခင်မာရဲ့"

"ရှိတာပေါ့ ဇစ္စတာရယ် အတိတ်ရှိလို့ ပစ္စုပ္ပန်ရှိနေတာပဲ ပစ္စုပ္ပန်ရှိသလို အနာဂတ်လည်း ရှိတာပေါ့"

"အဲဒါ လက်ရှိဘဝကိုပဲ ပြောတာမဟုတ်ဘူးလား"

"ဒါပေမယ့် ကျွန်မတို့ ဗုဒ္ဓဘုရားကတော့ အတိတ်ဘဝတို့ နောက်ဘဝတို့ရှိကို ရှိခဲ့တယ်လို့ သက်သေသာဓကတွေနဲ့ အတိအကျ ဟောခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သက်(တ်)ရှိက်(စ်) အဲဒါ ကျွန်တော်လက်ခံတယ်စရှာ ညီမလေးဟာ သေသွားပြီးတဲ့အထိ ကျွန်တော့်စိတ်ထဲမှာ ရှိနေတယ်၊ ပြီးတော့ အိမ်မက်တွေမက်တယ် ဒါ သူတခြား ဘဝတစ်ခုမှာ ရှိနေတာလို့ပဲ ကျွန်တော်ထင်တယ်"

"ဒါတော့စိတ်ဖွဲ့လန်းမှုကြောင့်ပါ၊ ကဲပါ ဒါတွေနောက်မှ ဆွေးနွေးကြတာပေါ့၊ ခု ဒေါက်တာ့ညီမနဲ့ ပြန်တွေ့ရတယ်ဆို လို့ ဝမ်းသာပါတယ်၊ ခွင့်ပြုပါဦး ဒေါက်တာ၊ ဘုရားသခင် ကောင်းချီးပေးပါစေ"

"ဆိုးသင့်(ခ်) စရှာ၊ တစ်ယောက်စီတိုင်းကို ဘုရားသခင် စောင့်မပါလိမ့်မယ်"

သူနာပြုဆရာမကြီး ထွက်သွားတော့မှ မခင်မာက ပြုံးလိုက် သည်။

ပြီး ...

"စရှာကြီးက သိပ်ကို တော်တယ်နော် ဒေါက်တာ"

"အင်း ပြောရဆိုရ လက်ပေါက်ကပ်တာ တစ်ခုကလွဲရင် ပေါ့၊ ခု ကျွန်တော်ပြောတဲ့ကိစ္စကို သူလက်မခံချင် သလို ပဲ"

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒေါက်တာပြောတာ သိပ်စိတ် ဝင်စားတယ်၊ ပြီးတော့ ယုံလည်းယုံတယ် အဲဒီလိုအဖြစ် အပျက်တွေ အများကြီးရှိတယ်"

"ဟုတ်လား ဒါဆို သေသွားတဲ့လူတွေက သူတို့ခင်တွယ်



ခွဲလမ်းတဲ့ လူတွေဆီကို နောက်ထပ်ဘဝတစ်ခုနဲ့ ပြန်လာ ကြတာမျိုးလား"

"အဲဒီလိုတော့ မဟုတ်ဘူး ဒေါက်တာ၊ သူတို့ဟာ ဘဝ ဟောင်းက ဆွေမျိုးအသိုင်းအဝိုင်း၊ ပတ်သက်ခဲ့ဖူးတဲ့လူတွေ ကို ခွဲလမ်းလွန်းလို့ မမေ့နိုင်တာမျိုးပဲရှိတယ်၊ သေချာပေါက် ပြန်လာလို့မရဘူး၊ အကြောင်းတရား တစ်ခုကြောင့် အကျိုး ဖြစ်လာတယ်လို့တော့ ဘုရားဟောရှိတယ် ကျွန်မလည်း မမှတ်ထိကတွေလို၊ ဘုန်းကြီးတွေလိုတော့ ဧစ္စေပေါက် ပေါက် ရှင်းမပြတတ်ဘူး"

ဆရာမ မခင်စောက ပြောရင်း သဘောကျစွာ ရယ်လေ သည်။

"သေပြီး နောက်ဘဝအထိ မမေ့တာမျိုးကတော့ သိပ်ကို အံ့စရာကောင်းတယ်ဗျာ အိုင်ကျူကတော့ တကယ့်ဂရိတ်ပဲ၊ မှတ်မိနိုင်စွမ်း အရမ်းမြင့်တယ်လို့ မထင်ဘူးလား"

"စိတ်ပညာ သဘောတရားအရရော သိပ္ပံနည်းကျပါတွက် ရင် အံ့သြစရာပေါ့ ဒါပေမယ့် ကျွန်မတို့ ဗုဒ္ဓဘာသာအယူ အဆမှာတော့ သိပ်အံ့သြစရာမရှိပါဘူး ဘုရားဟောတဲ့ ဇာတကဝတ္ထုတွေ နိပါတ်တော်တွေမှာဆို ပစ္စည်းဥစ္စာကို ခွဲလန်းပြီ သေသွားလို့ မကျွတ်မလွတ်ဘဲ ပြိတ္တာဖြစ်ရတာ တို့၊ သားသမီး နေး ခင်ပွန်း ခွဲလမ်းပြီးသေလို့ အဲဒီမိသားစုနဲ့

www.burmeseclassic.com

www.burmeseclassic.com



မခွာနိုင်ဘဲ အဲဒီအိမ်မှာ ချွေးဖြစ်ရတာတို့ တစ္ဆေသရဲလိုဘ… အဲဒီပတ်ဝန်းကျင်မှာ တဝဲလည်လည် ဖြစ်နေရတာမျိုး… အို စုံလို့ပါဘဲ ဒေါက်တာရယ်''

''ဒါ ပစ္စည်းဥစ္စာတွေ ချွေမျိုးတွေကို တပ်မက်ခွဲ… စိတ်မဖြစ်အောင် ချောက်လှန့်ပြောတဲ့ ဥပမာတွေရော… နိုင်ဘူးလား မခင်မာ၊ ဟို ကျွန်တော် နားမလည်လို့ မေး… ပါနော်''

''ရပါတယ် ဒေါက်တာရဲ့၊ ဒေါက်တာ စိတ်ဝင်စားတယ်… ရင် ရှင်းပြပေးလို့ရပါတယ်၊ ပြီးတော့ စနစ်တကျ လေ့လာ… လို့ရအောင် ငါးရာငါးဆယ် နိပါတ်တော် စာအုပ်လည်း… လာ ပေးဦးမယ်''

''ကျေးဇူးတင်ပါတယ်ဗျာ၊ နောက်ပြီး တစ်ခုလောက် … ချင်သေးတယ် မခင်မာရဲ့ သဘောထားကိုပါ၊ တစ်… ပယောဂ ဆရာတွေ၊ နတ်ဆရာတွေ ပြောနေကြတဲ့ … တွေကရော အဲဒီ ရှေးဘဝတွေ နောက်ဘဝတွေနဲ့ မမြင်… စိတ်နယ်လွန် ပညာတွေနဲ့ ဆိုင်မနေဘူးလား သူတို့… ပြောနေတာတွေကရော အမှန်တွေပဲလား''

''လောကမှာ ဆန်းကြယ်ပါတယ်လို့ ထင်ထားတဲ့အရာ… က ဖြစ်ဖန်များရင် ရိုးသွားတတ်ပါတယ် ဒေါက်တာ… စင်းလွန်းတဲ့ အဖြစ်အပျက်တွေကလည်း သမားရိုးကျဖြ…

နဲ့ နည်းနည်းလေးလွဲချော်သွားတာနဲ့ အထူးအဆန်းတွေ ထဖြစ်ရော… ဥတို့ ပရလောကတို့ဆို… တကယ်ရှိပါတယ်၊ ခုနစကားအတိုင်း ပြန်ပြောရရင် ဘုရားဟောထားပါတယ်၊ သုံးဆယ့်တစ်ဘုံလို့ခေါ်တဲ့၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ အစရှိတဲ့ ဘုံဘဝအသီးသီးမှာ မြင်အပ်မမြင်အပ်တဲ့ သတ္တဝါ အသီးသီးရှိတာပဲ၊ ဒါပယောဂဆရာတွေ နတ်ကတော်တွေ ပြောမှသိရတာမျိုး မဟုတ်ပါဘူး၊ သူ့ဟာသူ ရှိနေကြတာပါပဲ၊ သိရတာရယ် မသိရတာရယ်၊ မြင်ရတာရယ် မမြင်ရတာရယ် ဒါပဲကွာတယ်၊ သိပ္ပံနည်းပညာတွေနဲ့ အက်တမ်တစ်ခုကို ခွဲထုတ်သလို ခွဲထုတ်ကြည့်လို့မရတဲ့အရာတွေ စကြဝဠာကြီးထဲမှာ ရှိနေနိုင်ပါတယ် ဒေါက်တာ၊ ပြောရရင် အကြောင်းတစ်ခုကြောင့် အကျိုးဖြစ်လာရတာတွေပေါ့၊ အာကာသထဲကို သိပ္ပံပညာရှင်တွေ သွားပြီးလေ့လာခဲ့တာကို ကမ္ဘာတစ်ဝှမ်းက လူတွေကတဆင့် သိရတယ်မဟုတ်လား၊ အဲဒါကိုလက်မခံလို့ မရဘူးလေ၊ သက်သေအထောက်အထား ပြည့်စုံရင် ယုံကြည်လက်ခံရတာပဲ ကျွန်မ…ို့ ဂေါတမမြတ်စွာဘုရားကလည်း ဒီနည်းအတိုင်းပဲ ဒီဗ္ဗစက္ခုဉာဏ်နဲ့ အလုံးစုံကို ထိုးထွင်းသိမြင်ပြီး ကျွန်မတို့ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့တယ်၊ သက်သေသာဓက ပြည့်စုံလို့ ကျွန်မတို့ ယုံကြည်လက်ခံတယ်၊ ကိုးကွယ်ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ကပ်တယ်၊ ဒါ ကျွန်မခံယူထားတဲ့ ဘာသာရေးအမြင်ပေါ့ လေ''

သူခေါင်းတဆတ်ဆတ် ညိတ်လိုက်မိသည်။ ဆရာမ မခင်မာသည် လူနာများကို ပြုစုကုသရာတွင် စိတ်ရှည်သော သူနာပြုကောင်းတစ်ယောက်ဖြစ်သည့်အပြင် အင်မတန်မှ စကားပြောကောင်းသူတစ်ယောက်လည်း ဖြစ်ပေသည်ဟု သူမှတ်ချက်ချလိုက်မိ၏။

''မခင်မာပြောတာ ယုတ္တိရှိပါတယ်၊ မခင်မာရဲ့ ဗီလော်ဆော်ဖီကိုလည်း သဘောကျပါတယ်၊ ဒါပေမယ့် ဘုရားသခင်အလိုအတိုင်း ကျွန်တော်နဲ့ မခင်မာက တစ်မိုးအောက်မှာပဲ ဘာသာကွဲတွေအဖြစ် ရှင်သန်လာကြတယ် အဲဒါကရော''

မခင်မာသည် သူ့စကားအား သဘောကျစွာ ပြုံးလိုက်ပြီး ''ဒါကတော့ ဒေါက်တာရယ် အကြောင်းကြောင့် အကျိုးဖြစ်လာတာပေါ့၊ မိုးရှိဖလားဆိုတဲ့ စကားတစ်ခွန်း ဒေါက်တာကြားဖူးမှာပေါ့၊ ကျွန်မအဖေနဲ့ အမေက ဗုဒ္ဓဘာသာဆိုတော့ ကျွန်မက ဗုဒ္ဓဘာသာဝင်မလေး အော်တိုဖြစ်သွားတယ် ဒေါက်တာ အဖေနဲ့ အမေက ခရစ်ယာန်ဆိုတော့ ဒေါက်တာလည်း ခရစ်ယာန်ဘာသာဝင်လေး အလိုလျှောက်ဖြစ်သွားတယ်''

''ဒါလဲ အကြောင်းကြောင့်အကျိုးဖြစ်တာပဲလား မခင်မာ''



''သိပ်ဟုတ်တာပေါ့ ဒေါက်တာရယ်၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး ဒီညနေ ခြောက်နာရီ ကျွန်မဂျူတီဝင်ရတော့မယ်''

ဟုဆိုကာ သူ့အနီးမှ ထွက်သွားလေတော့၏။ အကြောင်းကြောင့် အကျိုးဖြစ်ရတယ်ဟူသော စကားက သူ့နားထဲတွင် စွဲကျန်ရစ်ခဲ့တော့သည်။

ထို့အပြင် ခရစ်ယာန်ဘာသာဝင်သူ ညီမလေးက နောက်ဘဝတွင် ဗုဒ္ဓဘာသာဝင် မိသားစုမှ ကလေးတစ်ယောက်သွားဖြစ်နေပြီး သူနှင့်မြန်တွေ့သည့်အခါ ဖေဖေနှင့် မေမေအတွက် ဘုရားသခင်ထံမှာ ဝတ်ပြုဆုတောင်းသွားခဲ့သေးသည်။

ယခုအချိန်ဆို သူ့မိဘများထံတွင် ဘုရားရှိခိုးနေရမည်လားမဆိုတတ်။ သူကရော ဘယ်လိုအတွေးအခေါ် ဗီလော်ဆော်ဖီကို နှစ်သက်မှာလဲဟု တွေးရင်း ခေါင်းထဲ နောက်ကျူရှုပ်ထွေးလာလေတော့၏။

www.burmeseclassic.com



"ညောင်ပင်တစ္ဆေ"

"လေလေလေ"

"နင်ဘယ်ကိုင်းမှာနေ"

"ညောင်ကိုင်း မှာနေ"

"နင်ဘာသီးစား"

"ညောင်သီးစား"

ကလေးအုပ်ကြီးရဲ့ အသံက ဝေါခနဲ စီထွက်လာသည်။ တစ္ဆေယောက်နှင့် တစ်ယောက် လက်ချင်းဆက်ဝိုင်းထားပြီး နုနုတို့အရွယ် ကလေးတွေက ထိုအဝိုင်းကြီးထဲတွင် အလုအယက် တိုးဝှေးနေကြသည်။

ညောင်ပင်တစ္ဆေလုပ်သူက ထိုလူအုပ်နှင့် မလှမ်းမကမ်းတွင် ရပ်ပြီး မေးတာကို ဖြေရသည်။ ခဏနေတော့ ထိုစည်းဝိုင်းနားပြေးသွားပြီး ထိုအထဲမှ အပြင်နားရောက်နေသူ၏ လက်ကိုအမိအရဆွဲထုတ်၏။ စည်းဝိုင်းအပြင် ရောက်လာသူမှာ သေသည်ဟုဆိုပြီး ညောင်ပင်တစ္ဆေပြန်လုပ်ရသည်။

မောတာပန်းတာလည်းမသိ နာရကျင်ရကောင်းမှန်းလည်း မသိဘဲ တရုန်းရုန်း ကစားနေကြသော ကလေးများနှင့် မလှမ်းမကမ်း ကန်ဘောင်ရိုးရှိ ကုက္ကိုပင်ကြီး၏ အမြစ်ဆုံတွင် တစ်ယောက်တည်း ထိုင်နေသော ကောင်မလေး တစ်ယောက်ရှိ၏။

သူမမှာ နုနုပင် ဖြစ်သည်။ တစ်စုံတစ်ခုကို စဉ်းစားသလို



ငြိမ်သက်လို့။ အန်တီဟာန်နာ့ဆွဲကြိုးလေးကို အစ်ကိုကြီးက သူ့အား ပေးလိုက်သည်။ ပြီးတော့မုန့်တွေအများကြီး ဝယ်လာခဲ့မယ်လို့ မှာလိုက်သေး၏။

မုန့်တွေမပါရင်နေပါ အစ်ကိုကြီးလာပါစေဟုဆုတောင်းမိသည်။ သီတင်းကျွတ်ရောက်ရင် ကျောင်းရက်ရှည်ကြီး ပိတ်မယ်ဟု ဆရာကြီးက ပြောဖူးသည် ယခုမှ ဝါဆိုလား ဝါခေါင်လားပဲ ရှိသေးသည်တဲ့။

သူမ ထိုလတွေကိုမသိပါ။ ဒီဇင်ဘာရောက်ရင် အစ်ကိုကြီးခြံထဲက သစ်ပင်လေးမှာ ရောင်စုံမီးလေးတွေထွန်းလို့ ခရစ္စမတ်သစ်ပင် လေးတစ်ပင် လုပ်ကြမည်။ ပြီးတော့ ခရစ္စမတ်သီချင်းတွေဆို "မဲရီခရစ္စမတ် တူးယူအော" လို့ အကျယ်ကြီးအော်ရဦးမည်။

တစ်ခါတစ်ရံ စန်တာကလော့ကြီးကို လွမ်းမိသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖြူဖြူကြီးနဲ့ ချစ်စရာကောင်းတဲ့ စန်တာကလော့ကြီးက သူမအား ခရစ္စမတ်လက်ဆောင်တွေ ချောကလက်တွေ ယူလာပေးလိမ့်မည်ဟု စိတ်ကူးယဉ်နေမိသည်။

ခုနေများ စန်တာကလော့ဆိုတဲ့ ခရစ္စမတ် ဘိုဘိုးကြီး ရောက်လာလျှင် ဘာတောင်းရမလဲ။

"ဟိတ်"

"ဟဲ့ စန်တာကလော့"

"ဟား ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်နောက်ကွယ်က ထွက်လာတဲ့ အောင်ဝဏ္ဏက သူမ ယောင်လိုက်သည်ကို သဘောကျပြီး အကျယ်ကြီးအော်ရယ် တော့ သည်။

"နင် ဘယ်လိုလုပ်လိုက်တာလဲ လန့်သွားတာပဲ"

"ငါ ဘာလုပ်လို့လဲ နင်ဟာနင် အော်ပြီးတော့ လာ သွားကစားမယ်"

"မကစားချင်ဘူး"

သူတို့အတန်းထဲက ကလေးတွေရောက်လာသည်။ ကောင် လေးတွေရော ကောင်မလေးတွေအားလုံး ဆယ့်လေးငါးယောက် အုပ်ကြီး။

"ငါတို့ တူတူပုန်းမယ် နင်နေပါမလား"

"မပါဘူး ငါက ကလေးလို မကစားဘူး"

ပြောပြီး နေရာကနေ ဆတ်ခနဲ ထရပ်သည်။ အားလုံး သူ့ကို လမ်းဖယ်မပေးဘဲ ပတ်လည်ဝိုင်းထားလိုက်သည်။

"ဖယ်နော် ငါ မကစားဘူးလို့ ပြောပြီးပြီ အဲဒါကလေး အလုပ်တွေ"

အောင်ဝဏ္ဏက နှပ်တွေကိုရှုံခနဲရှုံ့တင်ရင်း ခါးထောက်ကာ

"နင်က ဘာဖို့ မကစားတာလဲ"

"သူက အရူးမလေ အရူးမလေးမို့ မကစားတာပေါ့ ဟား ဟား"



သူတို့အတန်းထဲမှ နေလင်းဆိုသည့်ကောင်လေးတစ်ယောက် က အသံသေးအသံကြောင်နှင့် ထအော်လိုက်သည်။

"ဟုတ်တယ်ဟေ့ သူက အရူးမ ... အရူးမ"

"အရူးမ အရူးမ"

ကလေးတွေအားလုံး တစ်ယောက်တစ်ပေါက် ထအော်ကြ သည်။ သူမ ရှေ့ဆုံးကကောင်လေး ရင်ဘက်ကို ဆောင့်တွန်းပစ်လိုက် ၏။

"ဖယ်စမ်း ဘာအရူးမလဲ နင်တို့သာ အရူးတွေ ပြီးတော့ မျောက်ထီးတွေ မျောက်မတွေ သူများလုပ်တိုင်း လိုက်လုပ် တယ် အတုခိုးတယ် နင်တို့ကမျောက်တွေ"

"နင်က အရူးမ"

"တော်တော့ ငါ့အစ်ကိုကြီးနဲ့ တိုင်ပြောမှာနော်"

"ဟား ဟာ ဘယ်ကအစ်ကိုကြီးလည်း ရှိလည်းမရှိဘဲနဲ့ တိုင် တိုင် တိုင်တစ်လုံး ငါးမတ်၊ ဟီး ဟီး အရူးမ"

"မျောက်စုတ်တွေ"

"အရူးမ ... အရူးမ"

"အရူးမ ... အရူးမ"

ကောင်ကလေး ကောင်မလေးများမှာ သူမအား ပတ်ချာ လည်ဝိုင်း၍ အော်ကြတော့၏။ ကြာတော့ သူမခေါင်းတွေ မူးလာ သည်။ ထိုနေရာမှာတွင် ထိုင်ချရင်း အီးခနဲ အော်ငို ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အီး ဟီး ဟီး အစ်ကိုကြီးရေ ညီမလေးကို **အရှုးမ**တဲ့ အီး ဟီ"

ထိုစဉ် ကျောင်းတတ် ခေါင်းလောင်း ထိုးသွားတော့သော ကြောင့် ကလေးများမှာ သူမကို တွန်းထိုးရင်း ကျောင်းခန်းထဲသို့ ပြေးဝင်သွားကြတော့သည်။

သူမ အံကို တင်းတင်းကြိတ်ရင်း ကိုယ်ပေါ်မှာ ပေကျံနေသည့် ဖုန်တွေကိုခါကာ စာသင်ခန်းထဲသို့ လိုက်ဝင်ခဲ့ရတော့၏။



"အား"

တိတ်ဆိတ်နေသော စာသင်ခန်းထဲတွင် ကျောက်သင်ပုန်းနှင့် ဆရာမ၏ မြေဖြူထိတွေ့သံ တကျစ်ကျစ် တကျောက်ကျောက် ထွက်ပေါ်နေပြီး သံကျင်နေသော သစ်သားသင်ပုန်းမှာ အစက်ချရမည့် နေရာ၌ ဖိပြီး အစက်ချလိုက်သည်နှင့် ဒုန်းဟူသော အသံသာ ခပ်မှန်မှန်ကြီး ထွက်ပေါ်နေရာမှ 'အား' ခနဲ အော်သံကြောင့် ဆရာမမှာ လန့်သွားလေ သည်။

ထို့နောက် ကျောင်းသားများဘက်သို့ လှည့်ကြည့်လိုက်ရာ တစ်နေရာတည်းသို့ စုပြုံလှမ်းကြည့်နေသော ကျောင်းသားများကို တွေ့လိုက်ရ၏။ ထိုနေရာမှာ အတန်း၏ ညာဘက်အစွန်း နောက်နားမှ နုနု၏ နေရာပင် ဖြစ်လေသည်။

သူမသားတွင် အောင်ဝဏ္ဏမှာတအင်းအင်းငိုနေရာ ရေးလက် စ စာကိုထားခဲ့ပြီး စာသင်ခန်း ဘေးဘောင်မှာ တင်ထားသောဝါးစိမ်း တုတ်ကိုယူကာ ထိုနေရာသို့ မပြေးရုံတစ်မည် ခြေလှမ်းဖြင့် သွားလိုက် ၏။

"ထစမ်း နှစ်ယောက်စလုံးထ"

အောင်ဝဏ္ဏကငိုရင်း တဖြည်းဖြည်း ကုန်းထလာပေမယ့် နုနုက ပေစောင်းစောင်းနှင့် ပြန်ကြည့်နေသောကြောင့် တုတ်နဲ့ရွယ်ရင်း

"ထလို့ပြောနေတယ်လေ"

အောင်ဝဏ္ဏလက်မောင်းတွင် နှာရိုလို အကျင်းလိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရာတွေထင်ကာ သွေးစို့နေသည်ကို ကြည့်ရင်း သူမမက်တပ် ထရပ်လိုက်သည်။

"အီး ဟီ ... သားကို သူကိုက်တယ်၊ အီး ဟင့် ဟင့်"

"ဘာလို့ သူများကို ကိုက်ရတာလဲ ... ပြောစမ်း"

နုနုက ခပ်ရူးရူးပြန်ကြည့်ကာ

"သူ သမီးကို အရူးမလို့ ခေါ်တယ်"

"ဟုတ်ဘူး၊ သူ သားစာအုပ်ကို ဆွဲဖြဲတယ်"

"နုနု ညည်းတော်တော် စွာနေပါလား၊ စာအုပ်ကိုလည်း ဆွဲဆုတ်သေးတယ်၊ ညည်းကလဲ စပြီးကိုက်သေးတယ်"

"သူ သမီးစာအုပ်ကို အရင်ဆွဲဆုတ်တာ သူလုပ်လို့ ပြန်လုပ်တာ"

ရူးခနဲ ပြန်အော်လိုက်သည့်သူမအသံကြောင့် ဆရာမမျက်နှာ နီရဲထွက်သွားကာ

"ညည်း ညည်းကပြန်အော်တယ်၊ ကြည့်စမ်း ပြောနေတာတောင် ပြန်စွာနေတယ်၊ လာ ... လိုက်ခဲ့ ... ညည်းကို ဆရာကြီးလက်အပ်မယ်"

သူတို့တစ်ကျောင်းလုံး ကျောင်းအုပ်ဆရာကြီး ဦးစောလွှန်ဆိုလျှင် အသေကြောက်ကြသည်။ တော်ရုံအပြစ်နှင့် ဆရာကြီးနှင့်မတွေ့ရ။ တွေ့လျှင်လည်း မသက်သာ၊ ဆရာကြီးက မှတ်လောက်အောင် ဆုံးမလေ့ရှိ၏။



နုနုကတော့ မကြောက်ချေ။ ခပ်တည်တည်ပင် ဆရာမနှင့် ဆရာကြီး စားပွဲသို့ လိုက်သွားသည်။

"ဟော ဆရာမပါလား နုနုရောပဲ၊ ဘာဖြစ်လို့လဲ"

"သူ သိပ်စွာတယ် ဆရာကြီး၊ အရမ်းကို ရန်လိုတယ်၊ ခုလည်း အောင်ဝဏ္ဏကို ကိုက်လိုက်တယ်၊ စာအုပ်ကိုလည်း ဆွဲဆုတ်တယ်တဲ့၊ ကျွန်မကိုလည်း ပြန်အော်တယ် မနိုင်ဘူး"

ဆရာကြီးက နုနုအား ငုံ့ကြည့်ရင်း

"ဟုတ်လား သမီး ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"သမီးမလုပ်လို့ မလုပ်ဘူးပြောတာ၊ ပြန်မအော်ဘူး အောင်ဝဏ္ဏတို့ ဟိုနေ့က သမီးကို အရူးလို့ဝိုင်းအော်တယ်၊ အခုလည်း သမီးစာအုပ်က ဘုရားပုံကို ဆွဲဆုတ်ပြီး အရူးမလို့ ပြောတယ်"

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း နုနု၏ခေါင်းကို ခပ်ဖွဖွပုတ်လေသည်။

"သြော် ဆရာမ၊ ကလေးတွေ ဒီအတိုင်းထားခဲ့သလား ဆူကြနဲ့ကြပြီ၊ ဟိုကလေးကိုလည်း ပရုတ်ဆီ လူးပေးလိုက်ပါရော့"

ဟုဆိုကာ စားပွဲအံဆွဲထဲမှ ပရုတ်ဆီဗူးကလေးကို ထုတ်ပေးလိုက်လေတော့သည်။

"သူ့ကို ခဏနေရင် ပြန်လွှတ်လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ဆရာကြီး''

ဆရာမထွက်သွားသောအခါမှ ဆရာကြီးက ချွေးစေးများနှင့် စိုရွှဲနေသော နုနု၏ လက်သီးဆုပ်လေးကို ဖြည်ကာ အထဲမှ တွန့်ကြေနေသော စာရွက်လေးတစ်ရွက်ကို ထုတ်လိုက်လေ၏။

စာရွက်လေးကို ဖြန့်ကြည့်လိုက်သောအခါ ခဲတံနှင့် ဆွဲထားသော လက်ဝါးကပ်တိုင်ပုံလေးကို တွေ့လိုက်ရတော့၏။

''အိုး ဘုရား သခင်''

ကရင်လူမျိုးဖြစ်သော ဆရာကြီး ဦးစောလွန်မှာ ခရစ်ယာန် ဘာသာဝင်တစ်ယောက်ဖြစ်ရာ ပုံလေးကို မြင်လိုက်သည်နှင့် တအံ့တသြ ရေရွတ်လိုက်မိလေသည်။

ဗုဒ္ဓဘာသာဝင်များသာ အများဆုံးရှိသော ဤရွာကလေးတွင် ယေရှုခရစ်တော်ကို သိနေသော ကလေးမလေးအား အလွန် အံ့သြ သွားရ၏။

''သမီး ဒါ သမီးဆွဲထားတာလား''

နုနုက မျက်လုံးဝိုင်းလေးနှင့် သူ့ကိုပြန်ကြည့်ရင်းခေါင်းညိတ်ပြလေသည်။ ထို့နောက် သူ့လည်တွင်ဆွဲထားသော ဆွဲကြိုးလေးကို ဆရာကြီးအားပြ၍

''ဒါ သမီးပစ္စည်းပါ''

ဟု ပြောလိုက်လေ၏။ ဆရာကြီးက ခေါင်းတဆတ်ဆတ် ညိတ်လေသည်။



''လိမ်လိမ်မာမာနေနော်၊ သမီးက စာတော်တယ်၊ ဉာဏ်လည်းကောင်းတယ်၊ ဆရာမကို ပြန်မပြောရဘူး၊ ကောင်းကောင်းနေရမယ်၊ ဒါမှ ဘုရားသခင်က ချစ်မြတ်နိုးပြီး ကောင်းချီးမင်္ဂလာပြုလိမ့်မယ်၊ ကဲ သွားတော့ သွားတော့ ရန်မဖြစ်နဲ့တော့ သမီး''

ထိုနေ့မှစ၍ နုနုသည် အတန်းထဲမှ တခြားကလေးများနှင့် သင့်မြတ်အောင် နေလေသည်။ ကလေးများသည် မေ့လွယ်ပျောက်လွယ် စိတ်ရှိသူများဖြစ်ရာ ရန်ဖြစ်ခဲ့ခြင်းမဖြစ်ခဲ့ခြင်းကို အမှတ်မထားဘဲ သူမနှင့်ပျော်ရွှင်စွာ ဆော့ကစားကြလေသည်။

စာသင်နှစ် ကုန်ဆုံးခါနီးအချိန်သို့ရောက်သောအခါ သူမတွင် သူငယ်ချင်းများစွာ ရှိနေပြီဖြစ်ပြီး ကျောင်းတတ်ရသည်ကို အလွန် ပျော်ရွှင်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



''ဒါ ကျိုနီချောင်ရွာ ဟုတ်ပါတယ်နော်''

''ဟုတ်ပါတယ်ဗျာ၊ ဒါ ကျိုနီချောင်ရွာပါ''

ရွာဝင်ဝင်ချင်း လှမ်းတွေ့လိုက်ရသည်မှာ စာသင်ကျောင်းပင်ဖြစ်သည်။ ကျောင်းနှင့်မလှမ်းမကမ်းရှိ လှည်းလမ်းမတွင် ကားကို ရပ်လိုက်သည်နှင့် ကလေးငယ်များ၏ ဆူညံစွာ အော်ဟစ်သံ၊ စာအံသံများကို ကြားလိုက်ရလေ၏။

''ဒါ ကျွန်တော်ပြောတဲ့ရွာပဲ မခင်မာ''

ဆရာမ, မခင်မာက ခေါင်းတစ်ချက်ညိတ်ပြ၏။

''ကျွန်တော် ညီမလေးကို သွားတွေ့ရမလား ဒါမှမဟုတ် သူ့အိမ်ကနေ့ သွားစောင့်ရမလား''

''ကျွန်မကတော့ သူ့မိဘတွေနဲ့ သွားမတွေ့စေချင်ဘူး ဒေါက်တာ၊ ကလေးကို သိပ်တွေ့ချင်နေတယ်ဆို ကလေးကိုပဲ ခဏ သွားတွေ့လိုက်ပါ''

''သူက ကျွန်တော့်ကို မြင်ရင်လိုက်မယ်လို့ ပြောလိမ့်မယ် အဲဒါဆို ဘယ်လိုလုပ်ရမလဲ''

''သူ နားလည်အောင် ချော့မော့နှစ်သိမ့်ပြီး ပြောရမှာပေါ့ သူ့မိဘတွေရှေ့မှာ အဲဒီလိုမျိုး ထလုပ်ရင် ပိုဆိုးမယ်၊ အဲဒါကြောင့် ဒေါက်တာကို သူ့မိဘတွေနဲ့ သွားမတွေ့နဲ့လို့ ပြောတာ၊ ဒါမှ ဒေါက်တာတို့ ရေရှည်တွေ့လို့ရမယ်''

''ကျွန်တော့်အဖြစ်ကလည်း နိုးကြောင်းခိုးဝှက် နိုင်လှချည်



လားဗျာ''

ဒေါက်တာမြင့်နိုင်၏ စိတ်မကောင်းဖြစ်နေသော မျက်နှာကိုကြည့်ကာ ဆရာမ မခင်မာမှာ ကြိတ်၍ သက်ပြင်းချလိုက်လေတော့သည်။

''ဒေါက်တာ ဒီကလေးကို မွေးစားဖို့တောင်းကြည့်ပါလား ဟင်''

''မဖြစ်နိုင်ပါဘူးဗျာ၊ မိစုံ ဖစုံရှိရက်နဲ့ မွေးစားဖို့သွားတောင်းရင် ဘယ်သူကပေးမှာလဲ''

''ဒါနဲ့ သူ့မိဘတွေကရော၊ ဘယ် အသက်အရွယ်လောက်ရှိပြီလဲ ပြည့်ပြည့်စုံစုံထဲကလား တခြားသားသမီးတွေရော ရှိသေးလား''

''ပြည့်စုံတယ်တော့ မဟုတ်ပါဘူး၊ သာမာန်ထဲကပါပဲ တခြားသားသမီးတွေရှိတယ်တဲ့၊ အကုန်လုံးအရွယ်ရောက်ပြီး သားတွေချည်းပဲ၊ ရန်ကုန်မှာ အလုပ်လုပ်နေကြတယ်လို့ပြောတာပဲ၊ သူ့အမေကတော့ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိပြီဗျ၊ တစ်ခုထူးခြားတာက ကလေးက သူ့မိဘတွေကို သိပ်ပြီးမခင်တွယ်သလိုပဲ၊ ကျွန်တော့်ကို မြင်တယ်ဆို အတင်းကပ်နေတာ သနားဖို့ကောင်းလိုက်တာဗျာ''

ဆရာမ မခင်မာသည် ကလေးကိုမိဘတွေထံမှတောင်းပြီး မွေးစားရန် ဖြစ်မဖြစ် အလေးအနက်စဉ်းစားနေလေတော့သည်။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



နေ့လည် ဆယ်နှစ်နာရီရှိပြီ ဖြစ်သည့်အတွက် ကျောင်းမှ မုန့်စားဆင်း ခေါင်းလောင်းထိုးလိုက်သည်ကို ကြားလိုက်ရလေ၏။

''ဟော ဒေါက်တာ၊ ကျောင်းမုန့်စားဆင်းပြီ၊ သွား တွေ့လိုက်ဦး မြင်ရင်မှတ်ရောမှတ်မိပါ့မလား''

''မှတ်မိပါကြယ်ဗျာ၊ ကျွန်တော်တစ်သက်လုံး မေ့မှာမဟုတ်ပါဘူး ပြီးတော့ ကျွန်တော်ပေးထားတဲ့ ဆွဲကြိုးလေးလဲရှိပါတယ်''

ဟု ဆိုကာ ကားထဲမှထွက်၍ ကျောင်းသားများရှိရာသို့ လျှောက်လာခဲ့လေတော့၏။

အဖြူအစိမ်း ဆင်တူဝတ်ထားသော ကျောင်းသားအုပ်ကြီး ကြားထဲတွင် မိမိတွေ့ချင်သော ကလေးတစ်ယောက်ကို စမ်းတဝါးဝါး ရှာရသည်မှာ မလွယ်ချေ။ ကျောင်းရှေ့ ကုက္ကိုပင်ရိပ်တွင် ရပ်ရင်း ကလေးတွေရဲ့ မျက်နှာကို တစ်ယောက်ချင်း သေသေချာချာ ကြည့်နေလိုက်သည်။ တောကျောင်းမို့သာ တော်သေးသည်။ ကျောင်းသားကျောင်းသူများမှာ မြို့မှာလောက် မများသော်လည်း ကျောင်းဝင်းနှင့် ကျောင်းရှေ့ကန်ဘောင်ရိုးမှာ အကျယ်ကြီးမို့ ဟိုမှသည်မှ သွားလာနေသူများမှာ ရှုပ်ယှက်ခတ်နေ၏။

သူငေးကြည့်နေစဉ်မှာပင် ကျောင်းသားအုပ်ကြီးထဲမှ ဖြူဖြူ အရိပ်ကလေးတစ်ရိပ် တိုးထွက်လာပြီး သူ့ဆီတန်းတန်းမတ်မတ် ပြေးလာသည်ကို တွေ့လိုက်ရ၏။



''အစ်ကိုကြီး''

တစ်ဆက်တည်းမှာပင် သူ့လက်မောင်းကို အားကိုးတကြီး ပြေးဖက်ကာ သူ့ကိုခေါ်လိုက်လေသည်။

''နှင်းနှင်း ... ညီမလေး''

သူ့ ဘာကိုမှ ဂရုမစိုက်နိုင်တော့ ရင်ထဲက ထွက်လာသည့် အတိုင်း ခေါ်လိုက်သည်။

''အစ်ကိုကြီး ညီမလေးဆီ လာတယ်နော် ညီမလေးကို လာခေါ်တာလားဟင်''

ကလေးငယ်၏ စကားဆုံးတွင် သူဘာပြန်ဖြေရမှန်း မသိဘဲ နှုတ်ဆိတ်ဆွံ့အသွားတော့သည်။

''အစ်ကိုကြီး လာမယ်ဆိုပြီး အကြာကြီးနေတယ် ညီမလေး နေ့တိုင်းမျှော်နေတာ''

''ဟုတ်လား အစ်ကိုကြီး အလုပ်တွေမအားဘူး ညီမလေးရဲ့ အခုလည်း''

''အခု ညီမလေးကို ခေါ်သွားမှာလား ဟင်''

သူ့လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းရင်း မေးလိုက်သော သူမ၏ စကားက သူ့ရင်ထဲမှ အသည်းနှလုံးသို့တိုင် ယိမ်းထိုးလှုပ်ရှားသွားစေ၏။ ထိုမေးခွန်းအတွက် အဖြေစကားတစ်ခွန်းကို ကြိုတင်ရှာဖွေခဲ့သော်လည်း သူမ၏ စိုလက်သောမျက်ဝန်းရွှဲကြီးများကို မြင်လိုက်ရသည့်ခဏ၌ ကစဉ့်ကလျား ပျောက်ကွယ်သွားသည် ချည်း

www.burmeseclassic.com



သာဖြစ်၏။

"ညီမလေးကို အစ်ကိုကြီး သိပ်ပြီး ခေါ်ချင်တာပေါ့ကွယ်၊ ဒါပေမယ့် ညီမလေးအဖေနဲ့အမေက ထည့်မှာမဟုတ်ဘူး"

"ဘယ်သူမှမသိအောင် တိတ်တိတ်လေး လိုက်ခဲ့ပယ်လေ"

"အဲဒါဆို အစ်ကိုကြီးကို ကလေးခိုးတယ်ဆိုပြီး ဖမ်းကြမှာပေါ့"

သူမ၏မျက်လုံးများသည် ရုတ်ချည်းပင် မှိန်းဖျော့ မှိုင်းပြသွားလေတော့သည်။ မျှော်လင့်ချက်တို့နှင့် လင်းလက်တောက်ပနေသော မျက်လုံးများတွင် အရိုးအငွေ့များ ရစ်သိုင်းဖွဲ့သီလာကာ မျက်တောင်များကို တစ်ဖျက်ဖျက် ပုတ်ခတ်နေလေသည်။

"ဒါပေမယ့် အစ်ကိုကြီးညီမလေးဆီကို မကြာမကြာ လာခဲ့မယ်သိလား၊ ဒီမှာ ညီမလေးဖို့ မုန့်တွေ၊ အစ်ကိုကြီး ပြန်မယ်နော်"

"ခရစ္စမတ်နေ့ရောက်ရင် လာခေါ်ပါနော်"

သူ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ကလေးမလေးကို ကျောင်းရှေ့တွင် ထားရစ်ကာ သူ လှည့်ပြန်လာခဲ့တော့သည်။ စိတ်မကောင်းဖြစ်ခြင်း သနားဂရုဏာသက်ခြင်းတို့ကြောင့် နောက်ကိုလှည့်ကြည့်လိုက်ချင်သော်လည်း သူမကြည့်ရဲ၊ မကြည့်ရက်ပါချေ။ သူ ပေးခဲ့သော မုန့်ထုတ်လေးကို ပွေ့ပိုက်ရင်း မျက်စိတစ်ဆုံး လိုက်ငေးနေမည့် ကလေးမလေးသည် အရွယ်နှင့်မလိုက်သော ရင့်ကျက်တည်



ငြိမ်မှုမျိုးနှင့် တစ်ယောက်တည်း ကြိတ်မှိတ်ဝမ်းနည်းပြီး ကျန်ခဲ့မည်ဆိုတာ သူအတတ်သိလိုက်သည်။

"ဘယ့်နှယ့်လဲ တွေ့ခဲ့ရတယ်မဟုတ်လား၊ ဒေါက်တာ"

သူ ခေါင်းညိတ်ပြရင်း ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက်သည်။

"ကျွန်တော် အတော်လေး စိတ်ထိခိုက်မိတယ် မခင်မာ၊ ကလေးဟာ အသက်အရွယ်နဲ့မမျှအောင် လိမ္မာတယ်၊ ပြီးတော့ တည်ငြိမ်ရင့်ကျက်ပြီး ဖြစ်လာတဲ့အခြေအနေကို အေးအေး ဆေးဆေး လက်ခံလိုက်တာ၊ ကျွန်တော့်ညီမလေးရဲ့ စိတ်ဓာတ်အစစ်အမှန်ပဲ၊ မဟုတ်မခံစိတ်ရှိတာကလွဲရင် အစစအရာရာ၊ နူးညံ့သိမ်မွေ့တဲ့ ကလေးပါ"

"စိတ်မကောင်းပါဘူး ဒေါက်တာ၊ ကျွန်မတို့ အကောင်းဆုံးဖြစ်မယ့်အရာတစ်ခုကို ဖြည်းဖြည်းချင်း ရှာတွေ့လာမှာပါ"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဒယ်ဒီပြန်လာပြီ၊ အေမီရေ ဒီမှာ ဒယ်ဒီပြန်လာပြီ"

အိမ်ရှေ့ဆင်ဝင်အောက်တွင်ကားရပ်လိုက်သည်နှင့် သမီးကြီးက အားရဝမ်းသာအော်ကာ ညီမဖြစ်သူကိုလည်း လှမ်းခေါ်လိုက်၏။ အခဏအကြာတွင် အိမ်ထဲမှ သမီးငယ်အေမီနှင့် ဇနီးဖြစ်သူ မေချိုထွက်လာသည်။

"ဟော ကို ပြန်လာပြီ၊ ဒီနေ့ ဆေးရုံကိုဖုန်းဆက်တော့ ဂျူတီအော့(ဖ်)ဆိုလို့ မေကမျှော်နေတာ ဘယ်တွေသွားနေတာလဲ"

ဇနီးသည်က သူ့လက်ထဲမှအိတ်ကိုလှမ်းယူရင်း ခရီးရောက်မဆိုက် မေးလေသည်။

"အိုး ကိုကားမှာလည်း ဖုန်တွေရွှံ့တွေ မနဲပါလား၊ ဘယ်အထိများ သွားခဲ့တာလဲကို"

လိမ္မာပါးနပ်သောဇနီးသည်ကို အမြဲလို ချီးကျူးခဲ့သော်လည်း သည်တစ်ကြိမ်တော့ စိတ်ခုသွားမိသည်။

"နယ်က ကိုယ့်အသိတစ်ယောက် နေမကောင်းလို့ သတင်းသွားမေးတာ၊ အဝေးကြီးပါပဲ မေရယ်"

မုသားသုံးပေမယ့် စကားက လက်ာမချောသလို ယုတ္တိလည်း မတန်လှချေ။ ဇနီးသည်က မျက်မှောင်ကျုံ့ရင်း

"အိုး ဘယ်ကမိတ်ဆွေလဲ ကို၊ နယ်မှာ ကိုယ့်မိတ်ဆွေရှိတယ်လို့ မေလည်းတစ်ခါမှ မကြားမိပါလား"



"ဆေးရုံမှာ ဆေးလာကုရင်း အသိဖြစ်သွားတာ၊ သူတို့က သိပ်ပြီး ဆင်းရဲတယ်၊ အဲဒါကြောင့် တတ်နိုင်သလောက် သွားထောက်ပံ့တာ၊ ရောဂါကလည်း မသက်သာ မိသားစုစားဝတ်နေရေးကလည်း ကျပ်တည်းနေလို့"

"အို ဒီလိုလား ဆိုးဆောရီးကို၊ မေက အဲဒါမသိလို့ပါ ကဲ ရေချိုးတော့နော် ထမင်းစားရအောင်"

လိမ္မာယဉ်ကျေးလှသော ဇနီးသည်သည် သူ့ဘေးနားမှထကာ အိမ်နောက်ဘက် ထမင်းစားခန်းဆီသို့ ထွက်သွားလေတော့သည်။ ထိုအခါမှ သူလည်း သက်ပြင်းချနိုင်လေတော့သည်။

"ဒယ်ဒီ ဒီမှာ သမီးရဲ့ရီပို့ကဒ်ရပြီ၊ လက်မှတ်ထိုးပေးပါဦး"

"အိုကေ သမီး၊ ယူလာခဲ့"

သမီးကြီး ဟန်နီချိုက သုံးတန်းဖြစ်ပြီး သမီးငယ် အေမီချိုက ခုမှ တစ်တန်းသာရှိသေးသည်။

"ဟား ဒယ်ဒီသမီးက တော်လှချည်လား နောက်လတွေလည်း တစ်ပဲ ရအောင်လုပ်နော် ကဲ သမီးငယ်ရော ရီပို့ကဒ်ဘယ်မှာလဲ"

"မရသေးဘူး ဒယ်ဒီ၊ တီချယ်က မနက်မှတဲ့"

"ဩော် အေးအေး၊ ဒါနဲ့ သမီးဟန်နီက ဒီလ အဆင့်တစ်ဆိုတော့ ဒယ်ဒီ ဘာဝယ်ပေးရမလဲ"

"သင့်(ခ်)ယူ ဒယ်ဒီ၊ အခုမဝယ်ပေးနဲ့ဦး ခရစ္စမတ်ကျမှ

www.burmeseclassic.com

www.burmeseclassic.com



ပျှရဲခင့်(န်) ကောင်းကောင်းပေးပါ''

သမီးကြီး၏ စကားကြောင့် 'ခရစ္စမတ်ကျရင် လာခေါ်ပါနော်' ဆိုသည့် ကလေးမလေး၏ မျက်နှာကို ပြန်မြင်ယောင်လိုက်မိလေသည်။ သူမသည် ယခုထိ ခရစ္စမတ်ကို မမေ့သေးဘဲ သတိရနေဆဲပင်ဖြစ်ကြောင်း ပြလိုက်ခြင်းပင်။ ခရစ္စမတ်နေ့မှ ဟုတ်ပါဘူး ကလေးရယ် ဖြစ်နိုင်ရင် အခုပဲလာခေါ်ချင်တာပါဟု သူ့စိတ်ထဲက တီးတိုးရေရွတ်လိုက်မိ၏။

ထိုစဉ် ...

''ကိုရေ ရေချိုးတော့လေ ဒီမှာ ထမင်းပွဲပြင်ပြီးပြီ''

ဟူသော မေချို့အသံကြောင့် သူ့အတွေးစသည် ရုတ်တရက် ပျံ့လွင့်သွားလေတော့သည်။



ဒေါက်တာမြင့်နိုင်သည် နုနုထံသို့ မကြာခဏ လာတွေ့လေ့ရှိရာ ဆရာကြီးဦးစောဥန်းမှာ တစ်ကြိမ်တွင် အမှတ်မထင် တွေ့သွားလေသည်။ ထို့ကြောင့် ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း အလွန်သိချင်မိလေ၏။ တစ်ရက်တွင် နုနု၏ ဖခင်ဖြစ်သူနှင့် ရွာထဲတွင်အမှတ်မထင် သွားဆုံမိကြတော့သည်။

''ဟော ဆရာ၊ ဘယ်ကလှည့်လာတာလဲ''

''ဒီနားကဲ၊ ဆရာမဒေါ်နွယ်နွယ်အိမ်ကပဲ''

''နုနုရော စာကောင်းကောင်း လိုက်နိုင်ရဲ့လားဆရာ၊ မလိမ္မာရင်ဆုံးမပါဆရာ၊ သူက သိပ်ပြီးတော့ ခေါင်းမာတယ်''

''ဟုတ်လား ဒါပေမယ့် ကျောင်းမှာတော့ လိမ္မာပါတယ် ဉာဏ်လည်းအတော်ကောင်းတယ်ဗျ၊ တစ်ခါတစ်လေအဲ့သြရတယ် သူ့လည်လွန်းလို့၊ ဒါနဲ့ သူ့မှာ တခြားကဆွေမျိုးသားချင်းတွေ ရှိသေးလား''

ဆရာရယ်မဟုတ် မေးလိုက်သောသူ့စကားအဆုံးတွင် ဦးအုန်းသန်းမှာ သိသိသာသာ မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရလေသည်။

''ဘာ ဘာဖြစ်လို့လဲ ဆရာ''

ဆရာဦးစောဥန်းမှာ ကျောင်းသို့ လာလာတွေ့နေသော လူအကြောင်း ပြောပြလိုက်ရရင်ကောင်းမလား၊ မပြောဘဲ နေရရင် ကောင်းမလားဟု စဉ်းစားရင်း တုံ့ဆိုင်းဆိုင်း ဖြစ်နေလေသည်။

''ပြောပါဆရာ၊ ဆရာ ဘာကိုတွေ့ထား သိထားလို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



“ဩော် ဒီလိုဗျ၊ ကျောင်းကိုလူတစ်ယောက် တစ်လ နှစ်ခေါက်သုံးခေါက်လောက် လာလာတွေ့တာ မြင်မိလို့ပါ၊ အဲဒါ သူနဲ့ဘယ်လိုပတ်သတ်နေသလဲ သိချင်လို့ပါ၊ ပြီးတော့ ကိုအုန်းသန်းတို့ မိသားစုက ဗုဒ္ဓဘာသာဝင်လား တခြားဘာသာလားဆိုတာလဲ ကျွန်တော်ဇဝေဇဝါ ဖြစ်နေတာ”

“ကျွန်တော်တို့က ဗုဒ္ဓဘာသာပါဆရာ၊ ကျောင်းကို လူတစ်ယောက်လာ တွေ့တယ်ဆိုတာတော့ ဆရာပြောမှ သိရတာပါ”

“အေးဗျ ကျွန်တော်က ကလေးရဲ့အပြုအမူတွေက သိပ်ထူးဆန်းတယ် ထင်မိလို့ပါ”

“ဟုတ်ပါတယ် ဒီကလေးက အဲဒီလိုပဲ၊ ကျွန်တော်တို့က ဗုဒ္ဓဘာသာစစ်စစ်ပါဆရာ”

“အမျိုးတွေထဲမှာရော ခရစ်ယာန်ဘာသာဝင်တွေဘာတွေ မရှိဘူးလား”

ထိုအခါ ဦးအုန်းသန်းသည် ပျာပျာသလဲနှင့် ခေါင်းရမ်းကာ

“မရှိပါဘူး ဆရာ”

ဟု ငြင်းလေသည်။ ဆရာဦးစောလွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း

“ဘယ်လိုမှတော့ သဘောမထားပါနဲ့ဗျာ၊ ကျွန်တော်က စပ်မိစပ်ရာ မေးကြည့်တာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး”

ဟုဆိုကာ ထွက်သွားလေတော့၏။



“မေးတာကို မှန်မှန်ဖြေနော်၊ ညာရင်ရိုက်မှာ ကျောင်းကို ဘယ်သူလာသေးလဲဖြော”

မမြကျင်က သမီးဖြစ်သူအား ချော့၍တစ်မျိုး ချောက်၍တစ်ဖုံ အမျိုးမျိုးမေးလေသည်။ နုနုမှာ ခေါင်းမာပေကပ်စွာ ငြိမ်သက်နေသည်။

“အေး ညည်းမဖြေချင်နေ၊ နောက်နေ့ကျောင်းမတတ်ရတော့ဘူးသာ မှတ်လိုက်တော့”

“မင်းကလည်းကွာ ကလေးကို နားဝင်အောင် ပြောမှပေါ့”

“အိုး ဒီထက်နားဝင်အောင် ဘယ်လိုများပြောရဦးမှာလဲ၊ သူကိုက အကြောတင်းနေတာ၊ တော်ကြာ ဟိုတစ်ယောက်အမျိုးတွေဆို ဘယ်လိုလုပ်မလဲ”

ထိုသို့ပြောလိုက်ရာ ဦးအုန်းသန်းမှာ မျက်နှာပျက်သွားပြီး

“မင်းဟာက ဟုတ်မယ်မထင်ပါဘူးကွာ၊ ဒီအချိန်ရောက်မှ သူတို့မှတ်မိမှာလဲ မဟုတ်ပါဘူး ပြီးတော့ ဒီလောက်အဝေးကြီးကို ဘယ်လိုလာနိုင်မလဲ”

ဟု ပြောလိုက်လေသည်။ နုနုမှာ လူကြီးတစ်ယောက်လိုပင် ငြိမ်သက်စွာ နားထောင်နေ၏။ ထို့ကြောင့် လင်မယားနှစ်ယောက်မှာ တစ်ယောက်နှင့် တစ်ယောက် မျက်ရိပ်ပြလိုက်ပြီး နှုတ်ဆိတ်နေကြတော့သည်။ အတန်ကြာမှ …

“သမီး အမေမေးတာဖြေစမ်း ကျောင်းမှာ သမီးတို့ ဘယ်

www.burmeseclassic.com



သူလာတွေ့လာလဲ''

''ဘယ်သူလာတွေ့တွေ့ပေါ့ အဖေတို့သိတော့ ဘာလုပ်မလို့လဲ''

''အဖေတို့က ဘာမှမလုပ်ဘူး၊ သမီးကိုဖမ်းသွားရင် ဘယ်နှယ့်လုပ်မလဲ''

သူမမျက်လုံးက ရန့်လိုစွာ စူးရဲတောက်လက်သွားကြသည်။

''အစ်ကိုကြီးက သမီးကို ဘယ်တော့မှ မဖမ်းဘူး၊ အဖေတို့ အမေတို့သာ သမီးကို ဖမ်းထားတာ၊ သမီးသွားချင်တဲ့ဆီ မသွားရအောင် ဖမ်းထားတာ သိရဲ့လား၊ အိုးဟိုး ဟိုး''

သမီးဖြစ်သူ၏ စကားကြောင့် လင်မယားနှစ်ယောက်မှာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူတို့၏ ရင်တွင်းသို့တိုင် နာကျင်ခံခက်လှစေသောစကားကို သူမ ပြောလိမ့်မည်ဟု လုံးဝထင်မှတ်မထားခဲ့ချေ။

''နင် နင် တော်တော်တတ်နေပါလား နုနု၊ ဟင် နင့်ကို ကျောင်းမထားတော့ဘူး မနက်ဖန်ကစပြီး နင် ကျောင်းမတက်ရဘူးမှတ်ထား''

မိခင်၏ စကားဆုံးသောအခါ သူမ၏ မျက်နှာမှာ နီရဲသွားပြီး စကားတစ်ခွန်းမှ မဆိုဘဲ အံကိုတင်းတင်း ကြိတ်ထားလေသည်။ ဖခင်ဖြစ်သူမှာ ...

''တော်တော်ဆိုးတဲ့ ကောင်မလေး''



ဟု တစ်ယောက်တည်း ညည်းညူလိုက်လေ၏။

နောက်တစ်နေ့တွင် နုနုအား ကျောင်းသို့ မလွှတ်တော့ချေ။ ကျောင်းသို့မလွှတ်ခြင်းမှာ သူမအား မှတ်လောက်သားလောက်အောင် အပြစ်ပေးခြင်းပင် ဖြစ်သည်ဟု ယူဆထားကြလေသည်။

သို့သော် သူတို့ထင်ထားသလို ဖြစ်မလာသည့်အပြင် သူမမှာ ကျောင်းသို့သွားရန် မပူဆာတော့ဘဲ တစ်ယောက်တည်း ငေးငိုင်တွေဝေနေသည်ကို တွေ့ရသောအခါ များစွာစိတ်ပူလေသည်။

နုနုမှာ ကျောင်းမသွားရသော်လည်း အိမ်နောက်ဖေးကန့်ဘောင်ရိုးသို့သွားကာ ကျောင်းဘက်သို့ တစ်စုံတစ်ယောက်အား အဝေးမှ နေ့စဉ်ရှာဖွေရင်း ငေးမောနေလေ။

ထိုနေ့မှစ၍ ဆရာကြီး ဦးစောလွန်း၏ ကျောင်းခန်းထဲတွင် နုနုလွင်ဟူသော ကျောင်းပျော်ကလေးတစ်ယောက် လျော့သွားလေတော့၏။ ဆရာကြီးသည် ထိုကိစ္စကို တစ်ရက်နှစ်ရက်တွင် အမှတ်မထင်ရှိနေခဲ့ရာမှ တစ်ပတ်ခန့်ကြာသောအခါ ကောင်းစွာသတိထားမိသွားလေသည်။

ထို့ကြောင့် သူမ၏အိမ်သို့ လိုက်လာကာ ကျောင်းပြန်တက်ရန် ခေါ်လေ၏။

သို့သော် သူမအကြောင်းကို ကောင်းစွာသိထားသော မိဘများမှာ ဆရာကြီးကို အားနာသောကြောင့် နေမကောင်းဖြစ်၍ ကျောင်းမလွှတ်ခြ[illegible]းဖြစ်ကြောင်း လိမ်ညာပြောလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကော်ရစ်တာထောင့်တွင် သူတစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ထဘီအပြာဝတ် သူနာပြု ဆရာမတစ်ယောက်နှင့် မခင်မာမှာ စကားကောင်းလျက် ရှိနေပြီး သူလာနေသည်ကိုပင် မမြင်ချေ။

အနီးသို့ရောက်သွားမှပင် စကားပြောရပ်၍ တအံ့တသြ

"ဟော ဒေါက်တာပါလားအတော်ပဲ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်မသူငယ်ချင်း ခင်သန်းအေးတဲ့ သင်တန်းတုန်းက သူငယ်ချင်းတွေပေါ့၊ သူက တစ်နေ့က မှ ဒီဆေးရုံကို တာဝန်နဲ့ ပြောင်းလာတာ၊ အေး···ဒါ ဒေါက်တာမြင့်နိုင်တဲ့ ဟိုရက်တွေက ခွင့်ယူထားလို့ မတွေ့ရတာ"

"သြော် ··· တွေ့ရတာဝမ်းသာပါတယ် ,ဒေါက်တာ"

"ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ကြိုလည်း ကြိုဆိုပါတယ်ဗျာ လိုအပ်တဲ့အကူအညီ ရှိရင်လည်းပြောပါ"

"ကျေးဇူးပါပဲ ဒေါက်တာ၊ ဒီမှာ ဘာမှမလိုအပ်ပါဘူး၊ ကျွန်မက အင်းစိန်ရွာမအရှေ့မှာ နေတာပါ"

"ဒါနဲ့ အခုဘယ်က ပြောင်းလာတာလဲ"

သူ့စကားအဆုံးတွင် မခင်မာက ဝင်၍ ···

"သြော် အဲဒါပြောမလို့ ဒေါက်တာ၊ အေးက ခရမ်းသုံးခွဘက်ကနေ ဒီကို ထရန်စဖာကျလာတာတဲ့"

ဟု ကမန်းကတန်း ဝင်၍ပြောလိုက်လေသည်။ ထိုစကားကြောင့် သူက အလွန်ပင် စိတ်ဝင်စားမိသွားလေသည်။



ထို့ကြောင့်ပင်

"ဟုတ်လား ဆရာမ"

ဟု ခပ်သွက်သွက် မေးလိုက်ရာ ဆရာမခင်သန်းအေးက ပြုံးပြီး ခေါင်းညိတ်ပြလေသည်။

"ခရမ်းဘက်မှာ ဒေါက်တာ့အသိမိတ်ဆွေများ ရှိလို့လား"

ဟု မေးလိုက်ရာ သူ့ဘာပြန်ပြောရမှန်း ယောင်တောင်တောင်ဖြစ်သွားရ၏။

"အင်း . ဆေးရုံလာတတ်ဖူးတဲ့ လူနာမိတ်ဆွေဆိုပါတော့ဗျာ"

"သြော် ဟုတ်လား၊ ခရမ်းမြို့ပေါ်ကလား ရွာတွေကလား"

"အဲဒါတော့ အတတ်မသိလိုက်ပါဘူးဗျာ၊ ပြောတော့ပြောခဲ့သား မေ့သွားလို့"

"ကျွန်မက ခရမ်းအရှေ့ခြမ်းရွာတွေမှာ တာဝန်ကျခဲ့တာ ဒေါက်တာ"

သူတို့နှစ်ယောက် အချီအချပြောနေသည်ကို မခင်မာကဘာမှ ဝင်မပြောဘဲ ကော်ရစ်တာကိုမှီကာ နားထောင်သမား သက်သက်လုပ်၍ ငြိမ်နေလေသည်။

"နယ်ဆိုတော့ အတွေ့အကြုံစုံမှာပေါ့နော်"

"အင်း ဘယ်လိုပြောရမလဲ၊ ခလေ့စရိုက်ကတော့ သိပ်မထူးခြားပါဘူး အဖြစ်အပျက်တွေတော့ အထူးအဆန်းတွေ

www.burmeseclassic.com



အများကြီးပါပဲ ဒေါက်တာရယ်"

ထိုနောက် ဆရာမ မခင်သန်းအေးသည် သူမ၏ ညာလက်တွင် ပတ်ထားသော နာရီကိုတစ်ချက်ငုံ့ကြည့်ကာ

"ကဲ စကားကောင်းနေလိုက်ကြတာ၊ ဂျူတီချိန်တောင်နီးပြီ ဆောရီးဒေါက်တာ နောက်နေ့တွေကျမှ အေးအေး ဆေးဆေး စကားပြောကြတာပေါ့၊ ဒေါက်တာက နယ်မှာ တာဝန်မကျဖူးဘူးထင်တယ် နယ်ကအကြောင်း စိတ်ဝင်စားတယ်နော်" ဟု ဆိုလိုက်လေသည်။

"ဟုတ်တယ်အေးရယ် တစ်နေ့လောက် ဒေါက်တာ့အိမ် သွားလည်ပြီး ခရမ်းကအကြောင်းတွေ ပြောပြလိုက်စမ်းပါ၊ ဆရာက တောကအကြောင်းဆို သိပ်စိတ်ဝင်စားတာ" ဟုပြောပြီး သူ့ကို အဓိပ္ပါယ် ပါပါပြုံးကြည့်နေလေသည်။

"ခွင့်ပြုပါဦး ဒေါက်တာ"

"ဟုတ်ကဲ့ ဆရာမ"

ဆရာမ မခင်သန်းအေးသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ဆက်ဆံရေးပြေပြစ်ကာ ရုပ်ရည်မှာလည်း ခင်မင်နှစ်လိုဖွယ်ရှိလေသည်။

လုပ်သက်အရရော၊ အတွေ့အကြုံအရရော သူ့ထက်ပိုပြီး စုံလင်ကာ ပွင့်ပွင့်လင်းလင်းပြောတတ်သဖြင့် သဘောကျမိလေသည်။

ထို့ပြင် ခရမ်းမှပြောင်းလာသည်ဆိုသောကြောင့် ပို၍ပင်စိတ်



ဝင်စားမိလေတော့သည်။ အလုပ်တာဝန်တွေ မိသားစု ကိစ္စတွေနှင့် ခရမ်းသို့ သူမရောက်ဖြစ်သည်မှာ အတော်လေး ကြာသွားပြီကိုလည်း သတိရလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပုံစံမှာ ယခင်နေ့များထက် ပို၍ထူးခြားနေသည်ဟု ထင်ရလေသည်။ ယခင်နေ့များလို မှိုင်မှိုင်တွေတွေမရှိဘဲ တစ်စုံတစ်ရာကို စိတ်လှုပ်ရှားစွာ စောင့်မျှော်နေသယောင်လည်းရှိ၏။

"ဟော့ မင်း, သမီးကိုကြည့်စမ်း၊ ဒီနေ့ထူးခြားနေသလိုပဲ၊ သူကြည့်ရတာ တယ်ပြီးဂဏှာမငြိမ်ဘူး တောင်ကြည့် မြောက်ကြည့်နဲ့ ဘာကို မျှော်နေသလဲမသိဘူး၊ ညကလဲ အချိန်မတော်ကြီး ဘာတွေထအော်နေမှန်းမသိဘူး"

"ဟုတ်ပါ၊ ကျုပ်တောင်လန့်သွားတယ် သူအော်လိုက်တာ သေသေချာချာကြီး၊ ပြီးတော့ ယောင်ပြီးသီချင်းလည်း ဆိုတယ်၊ အင်္ဂလိပ်လိုအော်တာရှင့်၊ ဘာတွေ တူးကုန်ပြီဆိုလား"

အမှန်တကယ်တွင် သူတို့လင်မယားထင်သလို နှနှမှာယောင်အော်ခြင်းမဟုတ်။ လူခြေတိတ်ချိန်တွင် တစ်ယောက်တည်း ခရစ္စမတ်သီချင်းကိုဆိုကာ "မဲရီခရစ္စမတ် တူးယူအော"ဟု အော်လိုက်ခြင်းဖြစ်ပေသည်။

ထိုသို့ ဆိုသောအခါ သူ့အစ်ကိုယ်ကို သတိရမိလေသည်။ ဆောင်းဦးပေါက်လာပြီ ဖြစ်သောကြောင့် နှင်းများဝေနေသည်ကို မြင်လျှင် ဒီဇင်ဘာရောက်တော့မည်ကို သိနေသည်။ သူမနှုတ်မှ ဆွိဒီဇင်ဘာဟု ခပ်တိုးတိုး ရေရွတ်နေမိသည်။

ထို့နောက် ဤအိမ်ကို ကောင်းချီးမင်္ဂလာရောက်စေသော



အစရှိသည့် ခရစ္စမတ် သီချင်းကို ဆိုကြည့်လေသည်။ ထိုအခါ သူမသည် နှနှမဟုတ်တော့ဘဲ ခရစ်ယာန်ဘုရားရှိခိုးကျောင်းက စန္ဒီးဟူသော ကောင်မလေးဖြစ်သွား၏။ သူ့အစ်ကိုဂ နှင်းနှင်းဟု ခေါ်သော်လည်း ဘုရားကျောင်းရှိ သူငယ်ချင်းများက စန္ဒီးဟု ခေါ်ကြလေသည်။

သူမ၏အတွေးထဲတွင် ထိုအရာများက ရုပ်ရှင်ပြကွက်လို တဖျက်ဖျက် ပေါ်နေလေရာ တစ်ခါတစ်ရံ သတိလက်လွတ် ဖြစ်၍ ထအော်မိတော့သည်။

"အင်း ဒီ ကလေးတစ်ယောက်နဲ့လည်း ခက်ပါတယ်၊ အယ်ဖော အယ်ဖော ဘယ်လိုဖြစ်ပြီး ငါတို့ကို"

"အို တော်စမ်းပါ၊ ဒီစကား ဘယ်တော့မှ မပြောပါနဲ့လို့ ရှင့်ကိုဘယ်နှစ်ခါပြောရမလဲ"

ထိုအခါ ဦးအုန်းသန်းမှာ သက်ပြင်းချရင်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ ထိုအခိုက် သမီးဖြစ်သူအား သတိရ၍ လှည့်ကြည့်သောအခါ အိမ်ပေါ်တွင်မတွေ့ရတော့ချေ။

"ဒါနဲ့ ကလေးဘယ်ရောက်သွားတုန်း"

"ခုနအိမ်ပေါ်မှာပဲလေ သီချင်းတကြော်ကြော် လုပ်နေတာ ခြံထဲမှာများ ဆော့နေသလား"

ပြောရင်း အိမ်ပေါ်မှဆင်း၍ ကြည့်လိုက်ရာ မတွေ့ရပေ။ ထိုစဉ် အိမ်ရှေ့မှ ကလေးတစ်ယောက် ဖြတ်သွားသည်ကို မြင်၍

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်ရာ တစ်ဖက်ခြံမှ နုနုနှင့် ကစားဖော်ဖြစ်သော အောင်ဝဏ္ဏဆိုသည့် ကောင်ကလေးဖြစ်နေ၏။ ထို့ကြောင့် အောင်ဝဏ္ဏအား သမီးဖြစ်သူကို တွေ့မိသေးလားဟု မေးလိုက်၏။

"သား နုနုကို တွေ့မိသေးလား"

"ကျောင်းရှေ့က ကုက္ကိုပင်မှာ ထိုင်နေတယ်"

ထိုအခါ မမြင့်ကျင်မှာ ကျောင်းရှေ့ ကန်ဘောင်ရိုးသို့ လိုက်သွားမိတော့သည်။ နုနုသည် ကုက္ကိုပင်အောက်တွင် ထိုင်နေပြီး ကျောင်းဘေးရှိ လယ်ကွင်းများဆီသို့ မျှော်ငေးနေလေသည်။

သူမလှမ်းကြည့်နေစဉ်မှာပင် နုနုသည် ထိုင်ရာမှ ထလိုက်ပြီး "မဲရီခရစ္စမတ်" ဟု ကျယ်လောင်စွာအော်ကာ တစ်နေရာသို့ ပြေးသွားလေတော့၏။ နုနုပြေးသွားရာသို့ ကြည့်လိုက်ရာ လှပသော ပန်းစက္ကူနှင့် ထုတ်ထားသော ပစ္စည်းတစ်ခုကိုကိုင်လျှက် လျှောက်လာသော လူတစ်ယောက်အား တွေ့လိုက်ရလေတော့သည်။

"ဟင် … ဟို ဆရာဝန်လေးပါလား"

ဟုလည်း နှုတ်မှာတီးတိုးရေရွတ်လိုက် မိလေသည်။ ဒေါက်တာမြင့်နိုင်မှာ 'မဲရီခရစ္စမတ် တူးယူ' ဟုဆိုလျှက် နုနုအား ပွေ့ဖက်ကာ လက်ဆောင်ထုတ်ကို ပေးလိုက်လေ၏။

ထိုအခြင်းအရာကို ကျောင်းဝင်းထဲရှိ အဆောင်ရှေ့တွင် ပက်လက် ကုလားထိုင်လေးနှင့် ထိုင်နေသော ဆရာဦးစောဂျွန်သည်လည်းကောင်း၊ ကန်ဘောင်ရိုးပေါ်သို့ တက်လာသော ဦးအုန်းသန်း



သည်လည်းကောင်း လှမ်းတွေ့လိုက်ရလေသည်။ ထို့နောက် ဦးအုန်းသန်းသည် ထိုနေရာသို့ ဒေါသကြီး လျှောက်လာတော့၏။

"မင်း ဘယ်သူ့ပဲ ဘာကိစ္စ၊ ငါ့သမီးကို လာ,လာတွေ့နေရတာလဲ"

ဟု ဆိုလျှက် နုနုလက်ထဲမှ အထုတ်ကိုဆွဲယူကာ ထိုလူဘက်သို့ ပစ်ပေါက်ရင်း

"မင်း ဘာအကြံအစည်နဲ့ ငါတို့ကလေးကို လာတွေ့နေတာလဲ၊ ဒီပစ္စည်းတွေနဲ့ ဖျားယောင်းပြီး ဒီကလေးကို ခေါ်သွားမလို့လား"

မမြင့်ကျင်မှာ ယောက်ျားဖြစ်သူ၏ ထင်မှတ်မထားသောအပြုအမူအတွက် အလွန်အံ့အားသင့်နေပြီး နေရာတွင် မလှုပ်မယှက် ရပ်နေမိလေသည်။

ထိုအတူ နုနုသည် သူ့အဖေဆွဲယူလိုက်သော လက်ဆောင်ထုတ်လေးမှ ခရစ္စမတ်သစ်ပင်ပုံပါသော ကဒ်ပြားလေးကို နှမြောတသစွာကြည့်နေလေသည်။ ဒေါက်တာမြင့်နိုင်ကမူ နုနုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ရင်း ပစ္စည်းထုတ်ကို ပြန်ပေးကာ

"ဒါ ညီမလေးအတွက် ခရစ္စမတ်ဘိုးဘိုးကြီးက ပေးလိုက်တာ"

ဟု အေးဆေးစွာပြောလိုက်လေသည်။ ဦးအုန်းသန်းမှာ ထောင်းခနဲ ဒေါသထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



“မင်း ပြောနေရင်းနဲ့ ကလေးကို”

“မလုပ်ပါနဲ့အဖေ၊ ဒါ သမီးအစ်ကိုကြီးပါ”

ဒေါက်တာမြင့်နိုင်အား ကိုယ်ထိလက်ရောက် ဆုံးမရန် ရှေ့တိုးလာသော ဦးအုန်းသန်းမှ သူ့ရှေ့မှဝင်ကာလိုက်သော သမီးငယ်ကြောင့် အံ့သြသွားကာ ...

“ဘာ သမီးအစ်ကိုကြီးဟုတ်လား၊ ဘယ်ကလာ ဒါကလေးဖမ်းသမား၊ သမီးကို ဖမ်းသွားပြီးရောင်းစားမလို့၊ ဖယ်သူ့နားမကပ်နဲ့”

“မဟုတ်ဘူး”

နုနု၏ အသံစူးစူးကြောင့် မမြကျင်မှာ ငြိမ်သက်အံ့သြနေရာမှ သတိဝင်လာကာ

“အဖေကြီး မလုပ်နဲ့၊ ကျုပ်ပြောတာနားထောင်ဦး၊ ဒါသူ့အစ်ကို၊ တစ်ခါရှင့်ကို ကျုပ်ပြောဖူးတယ်လေ”

“ဘာ၊ တောက်! မင်းကပါ ကလေးနဲ့ရောပြီး ရူးနေပြန်ပြီဘယ်က အစ်ကိုလဲ အဓိပ္ပာယ်မရှိတာတွေ ငါ့လာမပြောနဲ့ ယော့ မင်း အခုပြန်မလား မပြန်ဘူးလား နောက် ငါ့သမီးဆီကို ဘယ်တော့မှ မလာနဲ့”

“ဟင့်အင်း အပြန်ရဘူး အစ်ကိုကြီးမပြန်နဲ့ မပြန်ပါနဲ့ နော်နှင်းနှင်းကို မထားခဲ့ပါနဲ့၊ အဖေ သမီးအစ်ကိုကြီးကို နှင်မထုတ်ပါနဲ့ အဖေရယ်၊ အီးဟီး ဟီး သမီးအစ်ကိုကြီးနဲ့နေပါ



ရစေ အဖေ့စကားကို သမီးနားထောင်ပါ့မယ် အစ်ကိုကြီးကို ဘာမှမလုပ်ပါနဲ့၊ အီး ဟီး ဟီး”

သူမ၏လက်များသည် သူ့လည်ပင်းကို တင်းကျပ်စွာ ဖက်ထားလေသည်။ သူ့လက်များမှာလည်း ကလေးငယ်၏ ကျောပြင်ကို ပြန်လည်သိုင်းဖက်ထားလိုက်မိလေသည်။ သူ့ပခုံးပေါ်သို့ တဆင့်စီးကျလာသော ကလေးငယ်၏ ပူနွေးစွတ်စိုသော မျက်ရည်များသည် ရင်တွင်းအသည်းနှလုံးသို့တိုင် ပျံ့နှံ့စိမ့်ဝင်သွားလေတော့၏။

ကလေး၏ ဖခင်ကို မော့ကြည့်လိုက်သောအခါ ရီဝေဆွေးမြေ့သော မျက်လုံးများနှင့် ငေးကြည့်နေပြီး တင်းတင်းဆုပ်ထားသော လက်များ တဖြည်းဖြည်း ပြေလျော့ကျလာသည်ကို တွေ့လိုက်ရ၏။

“မငိုပါနဲ့ ညီမလေးရယ်၊ အစ်ကိုကြီးကို သူတို့ဘာမှမလုပ်ပါဘူး တိတ်တော့နော်”

ကလေးငယ်ကို ချော့မော့နှစ်သိမ့်သော သူ့အသံသည် ဆို့နစ်တိမ်ဝင်လျက်ရှိပြီး ဘယ်အချိန်ကတည်းက ရစ်သိုင်းဖွဲ့သီနေမှန်းမသိသော စိုစွတ်စွတ်မျက်ရည်များသည် ပါးပြင်ပေါ်မှ တလိမ့်လိမ့်စီးဆင်းကာ ကလေးငယ်၏ ကျောပြင်ပေါ်သို့ တစ်ပေါက်ချင်းကျသွား လေတော့သည်။

“အစ်ကိုကြီး မပြန်ပါနဲ့၊ ညီမလေးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ အစ်ကိုကြီးရယ် အီး ဟီး ဟီ”

“အေးပါကွာ အစ်ကိုကြီး ညီမလေးကို မထားခဲ့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



တိတ် ... ဟိတ်ပါ ကလေးရယ်''

ဦးအုန်းသန်းမှာ သူတို့နှစ်ယောက်အားတွေတွေကြီးငေးကြည့်ရင်း သတိမေ့သူလို တောင့်မတ်စွာ ရပ်နေမိလေသည်။ သူ့ပုံခုံးပေါ်သို့ ခပ်နွေးနွေး လက်ဖဝါးတစ်ဖက်ကျလာမှပင် သတိဝင်လာလေတော့၏။

သူလှည့်ကြည့်လိုက်တော့ ကျောင်းအုပ်ဆရာကြီး ဦးစောလွှန် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

''ကလေး သိပ်သနားဘို့ ကောင်းပါတယ်ဗျာ''

''ကျွန်တော် လက်မခံနိုင်ဘူးဆရာ၊ ပြီးတော့ ယုံလည်း မယုံကြည်ဘူး၊ ကျွန်တော့် သမီးလေးကို လက်လွှတ် ဆုံးရှုံးရမှာ သိပ်စိုးရိမ်တယ်''

''ခင်ဗျားတို့မွေးထားတဲ့သမီးဟာ ဘယ်အခြေအနေပဲရောက်ရောက် ခင်ဗျားတို့သမီးပဲ ဖြစ်ရမှာပေါ့ဗျာ ဘာမှစိုးရိမ်စရာ မရှိပါဘူး''

ဆရာကြီး၏ နှစ်သိမ့်စကားကြောင့် သူတို့လင်မယား နှစ်ယောက်လုံး ပိုပြီးစိုးရိမ်တုန်လှုပ်သွားမိလေတော့၏။ ကလေးကိုလည်း သနားဂရုဏာသက်မိသည်မှာ အမှန်ပင်ဖြစ်လေသည်။

သူ ထိုင်နေရာမှ မတ်တပ်ထပြီး သူ့မ၏ဖခင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

''အစ်ကိုကြီးတို့ မိသားစုကို စိတ်အနှောင့်အယှက်ဖြစ်အောင်



လုပ်မိတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော့်မှာ ဒီကလေးအရွယ် သမီးကလေးနှစ်ယောက်ရှိလို့ သားသမီးချင်းလည်း ကိုယ်ချင်းစာမိပါတယ်၊ အစကတော့ ကလေးကိုသနားတာနဲ့ အထူးအဆန်းအဖြစ်တွေကို အံ့ဩလို့ လာလာတွေ့မိတာပါ၊ ခုတော့ ကျွန်တော်ကိုယ်တိုင် ကလေးကို သားသမီးရင်းလို သံယောဇဉ်တွယ်နေမိပြီဆိုတာ သိလိုက်ရတယ်။ မမြင်နိုင်တဲ့ သံယောဇဉ်ကြိုးက ကျွန်တော်တို့ဟာ အတိတ်ကမောင်နှမပါလားဆိုတဲ့အသိကြောင့် ပိုနိုင်မြဲစေခဲ့တယ်ဆိုလည်း မမှားပါဘူး၊ ကျွန်တော်တောင် ဒီလောက်ခံစားနေရရင် မိဘရင်းတွေဖြစ်တဲ့ အစ်ကိုကြီးတို့ ဘယ်လောက် စိုးရိမ်ပူပန်နေမလဲဆိုတာ နားလည်ပါတယ်''

ဦးအုန်းသန်းသည် ခေါင်းကို ဖြည်းညင်းစွာခါရမ်းလိုက်ရင်း ''ကျုပ်လည်း မှားသွားပါတယ်၊ ကျုပ်အဖြစ်က မိုးဖြိုမှာကြောက်လို့ ခြေနှစ်ချောင်း မိုးပေါ်ထောင်အိပ်တဲ့ တစ်တီတူးလိုဖြစ်နေပြီ ဒါကို မောင်ရင်နားလည်မှာမဟုတ်ပါဘူး ဘယ်တော့မှ နားလည်မှာလည်းမဟုတ်ဘူး''

ဟုခပ်တိုးတိုးပြောကာ နေရာမှလှည့်ထွက်သွားလေတော့၏။

''အစ်မလည်း စိတ်မကောင်းပါဘူးကွယ် ဒီလိုအဖြစ်တွေကြုံလာမယ်မှန်းသိရင်း''

မမြကျင်သည် စကားကို မပြောဘဲတစ်ဝက်တွင် ရပ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလေသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်ကိုက မှားသွားတာပါ အစ်မကြီးတို့ စိတ်မကောင်းဖြစ်မှာစိုးလို့ ပေါပေါတင်တင် လာမတွေ့တာကိုက ကျွန်တော့်အမှားပါ"

"နောက်ကို တွေ့ချင်ရင်လာတွေ့ပါ၊ အစ်မခွင့်ပြုပါ တယ် သူ့အဖေလည်း ခွင့်ပြုမှာပါ"

ဒေါက်တာမြင့်နိုင် သူ့ခေါင်းကိုဖြည်းညင်းစွာ ညိတ်ပြပြီး အိတ်ထဲက ငွေစက္ကူတစ်ထပ်ကို ထုတ်ကာ မမြကျင်လက်ထဲသို့ ထည့်ပေးလိုက်၏။

"ကျွန်တော် နောက်ကို ခဏ ခဏ မလာတော့ပါဘူး၊ ကလေးက သတိရရင်ပဲဖြစ်ဖြစ် တစ်ခုခု အကြောင်းကိစ္စရှိရင်ပဲဖြစ်ဖြစ် ဒီမှာ ကျွန်တော့်လိပ်စာကဒ်၊ အချိန်မရွေး အကြောင်းကြားလိုက်ပါ"

"ဒီ ဒီငွေတွေ မလိုပါဘူးကွယ်"

"ဘာပဲဖြစ်ဖြစ် ကလေးကို ဂရုစိုက်စောင့်ရှောက်မွေးမြူခဲ့တဲ့ အတွက် ဒီထက်မက ပေးဆပ်ဖို့သင့်တာပါ၊ ညီမလေးဆုံးသွားပြီး နှစ်နှစ်ကျော်လောက်မှာ ဖေဖေရော မေမေရော ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ်၊ ဖေဖေရဲ့ နောက်ဆုံး ဆန္ဒအရ ညီမလေးရသင့်တဲ့ အမွေတွေကို လှူပစ်ပါဆိုလို့ မျက်မမြင်ကျောင်းနဲ့ မိဘမဲ့ကျောင်းတွေမှာ အားလုံးလှူပေးခဲ့



ပါပြီ၊ ဒီကလေးကိုတော့ ကျွန်တော်တတ်နိုင်သလောက် စောင့်ရှောက်ထောက်ပံ့ပါရစေ"

မမြကျင်မှာ ဒေါက်တာမြင့်နိုင်၏ စေတနာနှင့် ဖြူစင်မြင့်မြတ်သော စိတ်ထားကို ကြည်ညိုလေးစားမိ၏။

ထို့ပြင် ထူးခြားဆန်းကျယ်လှသည့် သမီးလေး၏ ကံကြမ္မာကိုလည်း အလွန်အံ့သြနေလေသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး အစ်မကြီး"

ဒေါက်တာမြင့်နိုင်သည် မမြကျင်အား နှုတ်ဆက်ပြီးပြန်မည်ပြုစဉ် သူ့လက်ကို တင်းတင်းဆုပ်ထားသော လက်ဖဝါးလေးတစ်ဖက်ကို အမှတ်မထင် တွေ့လိုက်ရ၏။ ထို့နောက် သူမလေး၏ မျက်လုံးများတွင် မျက်ရည်များရစ်ဝိုင်းနေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရပြန်သည်။

သူမသည် နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားသော်လည်း 'ညီမလေးကို ထားသွားတော့မှာလားဟင်' လို့ မေးသံကို သူ့နားထဲတွင် ပီပီသသကြီး ကြားနေရလေသည်။ ကလေးသဘာဝ တီတာဖွဲ့နွဲ့၍ ငိုယိုနေခြင်းထက် လူကြီးတစ်ယောက်လို မျိုသိပ်ခံစားနေခြင်းက သူ့ကို အလွန်စိတ်ထိခိုက်စေခဲ့၏။ သူမ၏ မျက်နှာကိုကြည့်ကာ အစ်ကိုကြီး လာခေါ်ပါ့မယ်လို့ သူမညာရက်တော့ပေ။

"အစ်ကိုကြီးပြန်မယ်နော် ကလေး၊ နောက်တစ်ခေါက်လာရင် လက်ဆောင်တွေအများကြီး ယူခဲ့ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ တွေတွေကြီးသာ စိုက်ကြည့်နေလေသည်။ သူ့လက်ကို ရှန်းလိုက်သောအခါ အသာတကြည်ပင် ဖြေလွှတ်ပေးပြီး ဆုတောင်းစာတစ်ခုတိုးတိုးလေးရေရွတ်လိုက်သည်ကို တွေ့ရ၏။

သူ ထိုနေရာမှ ကျော့ခိုင်းထွက်ခဲ့၏။ ထိုအခါမှ သူမထံမှ ရှိုက်သံတိုးတိုးလေး ထွက်လာသည်ကိုသာ ကြားလိုက်ရတော့သည်။

BURMESE CLASSIC



အိမ်သို့ ပြန်ရောက်သောအခါ သူ့အား အေးစက်စက်မျက်နှာများနှင့် ဆီးကြိုနေသော ဖနီးသည်နှင့် သမီးနှစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုအခါ သူ့စိတ်သည် နနုထံမှ ပြန်လည်လွင့်ခါကာ မိသားစုထံသို့ စိုးရိမ်တကြီး ရောက်သွားပြန်၏။

ဖနီး မေချိုနှင့် သမီးကြီး ဟန်နီချိုမှာ သူ့အား နှုတ်ဆက်ခြင်း မေးမြန်းခြင်းတို့ကို တစ်ခွန်းတစ်ပါဒမျှမဆို သမီးငယ်သာလျှင် သူ့အားပြေးဖက်ရင်း "မဲရီခရစ္စမတ် ဒယ်ဒီ" ဟု အော်လိုက်လေသည်။ ထိုအခါမှပင် သူ့ဖနီးနှင့် သမီးကြီး၏မျက်နှာရိပ် မျက်နှာကဲကို နားလည်သွားတော့သည်။

"ဆောရီး မေ၊ ဆောရီးပါ သမီးရယ် ဒယ်ဒီ အဲလုပ်တွေ များလွန်းလို့၊ ကဲပါ ဒယ်ဒီ အခု ပရဲဆင့်ပေးမှာပေါ့ စိတ်မကောင်းမဖြစ်နဲ့နော်"

သမီးကြီး ဟန်နီချိုသည် အခန်းထောင့်မှာ ရောင်စုံမီးများ ထွန်းထားသော ခရစ္စမတ်သစ်ပင်ကို ငေးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"ကိုယ်ရောက်လာတာ နောက်မကျသေးပါဘူးနော်၊ မေ့သမီးတွေက စိတ်ကောက်နေတာထင်တယ် ဒီညခြံထဲမှာ"

"အဲဒါက အရေးမကြီးပါဘူး ကို မေသိချင်တာကို အခု ဘယ်ကပြန်လာတယ်ဆိုတာပဲ"

ဇနီးသည်စကားအဆုံးတွင် သူမလိုအပ်ပါဘဲ မျက်နှာင်ကျုံ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ မေချို၏ မျက်နှာတွင် သူ့အား ရန်လိုခြင်းအလျဉ်းမရှိသော်လည်း စိုးရိမ်ပူပန်နေဟန်က အထင်းသားပေါ်လွင်လွန်းလှသည်။

''ကိုယ် ဘယ်ကိုသွားတယ်ဆိုတာကို သတိရမှဖြစ်မှာလား မေ၊ ကိုယ်ကို သံသယ ဖြစ်နေတာမျိုးလား''

သူ့စကားက ကိုယ့်လိပ်ပြာကိုယ် မလုံခြုံမှန်း သိသာသွားစေသည်ကို ပြောပြီးမှ သိလိုက်ရ၏။

''မေ့စကားထဲမှာ စွပ်စွဲတာ၊ သံသယဖြစ်တာတွေ မပါသေးဘူး ကို၊ ကို ဘယ်သွားတယ် ဘယ်ကပြန်လာတယ်ဆိုတာ တစ်ခုပဲ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြောပေးရုံပါပဲ''

''ဘာ''

သူ့ရင်ထဲတွင် သို့ရောက်ထားခြင်းမရှိဟု ထင်ထားသော ဒေါသသည် ရုတ်ချည်းပင် ရုန်းကြွလာကာ အလန့်တကြား အော်ပစ်လိုက်မိ၏။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆိုတဲ့စကားက သူ့ဂုဏ်သိက္ခာကို များစွာထိခိုက်စေနိုင်ကြောင်း သူ့ဇနီးက လုံးဝမရိပ်မိဘူးတဲ့လား။

''မင်း မင်းပြောတာက ကိုယ်လုပ်နေတဲ့အလုပ်မှာ မင်းကို မသိစေချင်တာတွေ၊ လူသိမခံနိုင်စရာ ကိစ္စတွေပါနေရမယ်လို့ ယူဆပြီး ပြောလိုက်တာလား မေ ... ဟင်''

''မေ့ဘက်က ဘာကိုမှ မသိရသေးတဲ့အတွက် ယူဆတာတွေ ဝေဖန်တာတွေလုပ်ဖို့ စောပါသေးတယ်ကို၊ ကို ဘာလို့ ဒီလောက်ဒေါသတွေကြီးနေတာလဲ''



ကလေးနှစ်ယောက်သည် ဧည့်ခန်းထောင့်တွင် ငြိမ်သက်စွာ ထိုင်နေရင်း သူတို့လင်မယား အချီအချပြောနေသည်ကို နားထောင်နေသည်လည်း မဟုတ်၊ ဂရုမစိုက်လုပ်နေသည်လည်းမဟုတ်ဘဲ ငြိမ် သက်စွာ နားစွင့်နေကြလေသည်။

''မင်းပြောလိုက်တဲ့ စကားမှာ သံသယသံတွေပါနေရက်နဲ့ သဘောထားကြီးချင်ယောင်ဆောင်ပြီး ငါ့ကို စိတ်သဘောထားသေးသိမ်တဲ့လူအဖြစ်တွန်းပို့နေတာကရော ဟုတ်ရဲ့လား''

''သဘောထားကြီးချင်ယောင် ဆောင်တယ် ဟုတ်လား၊ မေက စိတ်သဘောထား သေးသိမ်ရက်နဲ့ ဟန်ဆောင်တယ်ပေါ့၊ ဟုတ်လား ပြောစမ်းပါဦးကို''

''ဟုတ်တယ် မင်း ဟန်ဆောင်တယ်၊ ယောက်ျားသား တစ်ယောက်ကို မထုံတတ်တေး အမှုအရာတွေ ပရိယာယ်တွေနဲ့ ပုလိပ်စစ်သလို စစ်ဖို့ကြိုးစားနေတယ် မဟုတ်ဘူးလား ပြော''

သူ့စကားကြောင့် မေချို့မျက်နှာမှာ နီရဲသွားလေတော့သည်။ သူမသည် ဒေါသတစ်ခုကို အဆမတန် မျိုသိပ်ထိန်းချုပ်လိုက်ရသည့် အခါတိုင်း ထိုသို့ဖြစ်သွားလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ မေ ဟန်ဆောင်ခဲ့တယ်၊ သိပ်ကိုကြာနေပြီ ဟန်ဆောင်တာထက် မျိုသိပ်ထားတာဆို ပိုမှန်လိမ့်မယ် ထင်တယ်၊ ကို့ ဂျူတီ အော့(ဖ်)တိုင်းမှာ မေ ဖုန်းဆက်ကြည့် တယ်၊ မရှိဘူး၊ တစ်ခါနှစ်ခါမကတော့ဘူး၊ တစ်သောက ကို့ကားမှာ ရွှေတွေဖုန်တွေပေနေတာတွေ့တယ်၊ ဘယ်တွေ အထိသွားလို့ ဒီလောက်ပေကျံနေရတာလဲ၊ နယ်ကလူမှာကို သတင်းသွားမေးတယ်ဆိုလဲ မေ့ကိုပွင့်ပွင့်လင်းလင်း ပြောရ မှာပေါ့၊ တစ်နေ့တော့ ကို့သဘောနဲ့ကို ပြောပြမှာပဲလေဆိုပြီး စောင့်ကြည့်တယ်၊ ဘာမှထူးမလာဘူး၊ ကဲ ပြောစမ်း ကို၊ ကိုနဲ့မေ ဘယ်သူကဟန်ဆောင်ဖုံး ကွယ်ခဲ့သလဲ၊ ဘယ်သူက လျှို့ဝှက်နေခဲ့သလဲဆိုတာ''

မေချို၏ စကားလုံးအဆုံးတွင် သူလုံးဝကို ခေါင်းငိုက်စိုက် ကျသွားရတော့၏။ ကိုယ်တောင်းပန်ပါတယ်ဆိုသော စကားမှတစ် ပါး အခြားပြောစရာမရှိတော့ချေ။ သို့သော် ထိုစကားကို ဘာကြောင့် မှန်းမသိ ပြောလည်း မပြောချင်ပေ။

''ကိုယ်ဘာမှ မဟုတ်တာမလုပ်ဘူး၊ မေ့ကို ပြောပြဖို့ မလို ဘူး ထင်လို့ မပြောတာပါ၊ နယ်က ကိုယ့်မိတ်ဆွေလူမှာဆို တာ အတော်လေး အခြေအနေဆိုးနေတယ် အသက်ရှင်ဖို့က ရာခိုင်နှုန်း တော်တော်နည်းနေပြီ အဲဒါ သူ့မိသားစုကလည်း ဆင်းရဲတော့ ကိုယ်သွားပြီးထောက်ပံ့နေတာပါ''



မှသားဆိုသော်လည်း ထိုစကားကို မေချိုသည် လွယ်လင့် တကူပင် ယုံကြည်လက်ခံလိုက်လေသည်။ ထို့နောက် သူမသည် အရင်လို စိတ်ကပြန်လည်ပျော့ပျောင်းသွားကာ ...

''နောက်ဆို ဘာကိစ္စပဲဖြစ်ဖြစ် မေ့ကိုပွင့်ပွင့်လင်းလင်း တိုင်ပင်ပါ၊ အခုဟာက မေ အစိုးရိမ်လွန်သွားတာလည်း ပါ,ပါတယ် ဆောရီးကို''

ဟု တောင်းပန်လေသည်။ ထိုအခါ သူစိတ်သည် များစွာ မလုံမလဲ ဖြစ်မိကာ ဘာမျှထပ်မပြောဘဲ ငြိမ်သက်နေလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ကတော့ အဲဒါပဲ မခင်မာရေ၊ အိမ်ကအမျိုးသမီးနဲ့ တော်တော်လေးရှင်းလိုက်ရတယ် ကျွန်တော်လည်း အမှန်အတိုင်း ဖွင့်ပြောမယ်လို့ စိတ်ကူးလိုက်သေးတယ်၊ ဒါပေမယ့် ..."

"ပြောလို့ ဘယ်ဖြစ်မလဲ ဒေါက်တာရဲ့၊ မိန်းမဆိုတာမျိုးက ဘာမဟုတ်တာလေးအတွက်နဲ့ စိတ်ခုချင် ခုတတ်ကြတာ၊ ပြောလိုက်ရင် သူ့စိတ်မှာ တစ်မျိုးအထင်ရောက်သွားနိုင်တယ်လေ"

"ကျွန်တော်လည်း အဲဒါတွေးမိလို့ အမှန်အတိုင်း မပြောဘဲနေတာ၊ တစ်ချိန်မှာ ဒီကလေးကို ကျွန်တော်မွေးစားဖြစ်ခဲ့မယ်ဆိုရင် ကံကောင်းခဲ့ရင်ပေါ့ဗျာ၊ ဒုက္ခရောက်နေတဲ့ကလေးတစ်ယောက်ကို သားသမီးချင်း ကိုယ်ချင်းစာပြီးလက်ခံတာကိုပဲ ကျွန်တော်လိုချင်တယ်၊ ကျွန်တော့်ဇနီးက မိသားစုကလွဲရင့်တခြားအရာတွေအပေါ် အာရုံစူးစိုက်တာမျိုး သနားဂရုဏာသက်နေတာမျိုးကို မနှာလိုမဖြစ်ပါဘူးလို့ အာမခံနိုင်တာမှမဟုတ်တာ"

"ဟုတ်တာပေါ့ ဒေါက်တာရယ်၊ သိပ်မှန်တာပေါ့"

သူနှင့် ဆရာမ မခင်မာတို့ အတိုင်အဖောက်ညီစွာ စကားကောင်းနေကြစဉ် ရုံးခန်းထဲသို့ မခင်သန်းအေး ဝင်လာလေသည်။

"ဘာတွေများ ပြောနေကြတာလဲ ခင်မာ၊ ကောင့် ဒီမနက်



ရောက်လာတဲ့အသည်းအသန် ကေ့စ်တစ်ခုအကြောင်းတော့ မဟုတ်ဘူး ထင်တယ်နော်"

မခင်မာက ထိုသို့ ခပ်ရွှတ်ရွှတ်ပြောလိုက်ရာ သူက ...

"အမှန်ပဲဗျာ၊ ကျွန်တော်တို့ မိသားစုအကြောင်း ပြောနေကြတာ၊ အခု ဆရာမရောက်လာပြီဆိုတော့ နယ်က အတွေ့အကြုံလေးတွေ ဖောက်သည်ချပါဦး"

ဟု စကားပြန်စပေးလိုက်လေသည်။ မခင်သန်းအေးသည် နယ်ကဟူသော အသံကြားသည်နှင့် မျက်နှာတစ်ခုလုံး ပြုံးသွားကာ

"နယ်က အကြောင်းများတော့ ပြော ... မပြောချင်ပါဘူးရှင့် ဒေါက်တာရယ်၊ အဲ ဒါပေမယ့် မပြောဘဲလည်း မနေနိုင်ဘူးရှင့်၊ ဇာတ်လမ်းတွေက ဆန်းမှဆန်း"

"ဘယ်လိုထူးဆန်းတာလဲ အေးရဲ့၊ ဆိုစမ်းပါဦး"

မခင်မာကပါဝင်၍ စကားထောက်ပေးလိုက်ပြန်သည်။

"ဒီလို ဒေါက်တာရဲ့၊ ကျွန်မ ခရမ်းနယ်က ရွာတစ်ရွာမှာ တာဝန်ကျခါစပေါ့၊ အဲဒီရွာမှာက တိုက်နယ်ဆေးခန်းလေးရှိတယ်၊ အဲဒီမှာ ကျွန်မရယ် တခြားသားဖွားဆရာမ တစ်ယောက်ရယ်ပေါ့၊ အဲဒီဆရာမလေးကလည်း ခုမှ သင်တန်းဆင်းစ ဘာမှ အတွေ့အကြုံမရှိသေးဘူးပေါ့၊ ကျွန်မတို့ အဲဒီရွာကို စရောက်ရောက်ချင်းဆိုတော့ ဝန်ထမ်းအိမ်ရာလည်း မရှိသေးဘူး၊ အဲဒါနဲ့ အဲဒီရွာဥက္ကဋ္ဌအိမ်မှာ ကျွန်မရယ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆရာမလေးဆုံး နေရတာ၊ တစ်နေ့တော့ ကျွန်မလည်း ဈေးဝယ်စရာရှိတာနဲ့ ခရမ်းကို လှည်းကြုံရှိလို့ လိုက်သွားတာ အိမ်မှာ ဆရာမလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့ရော၊ ဖခင်လမ်းက အဲဒီမှာ စတော့တာပဲ ဒေါ်က်တာရယ်၊ ဒါလည်း ကျွန်မခရမ်းကပြန်လာမှ တခြားလူတွေ ပြန်ပြောပြလို့သိရတာ၊ ဖြစ်ပုံကဒီလိုဒေါ်က်တာရဲ၊ အဲဒီ ဆရာမလေးနဲ့ ဥက္ကဋ္ဌကြီးတို့နှစ်ယောက်သား ထမင်းစားပြီး ရေနွေးကြမ်းသောက် စကားစမြည်ပြောနေတုန်း အိမ်အောက်ကနေ ခေါ်သံကြားလိုက်ရတယ်တဲ့။ ဆရာမ ... ဆရာမ၊ လုပ်ပါဦး၊ ကျုပ်ညီထွန်းမောင် ပေါက်တူးနဲ့ အခုတ်ခံရလို့ဆိုတဲ့ လူတစ်ယောက်အသံကြားလိုက်ရတယ်တဲ့၊ ဒါနဲ့ပဲ ဥက္ကဋ္ဌက လူနာဘယ်မှာလဲ ခေါ်ခဲ့လေကွာလို့၊ ပြောလိုက်တယ်တဲ့၊ ခဏလော ကြာတော့ လူတစ်ယောက်ကို ဆောင်ပုခက်ထဲ ထည့်ပြီး ဥက္ကဋ္ဌအိမ်ကို ထမ်းလာပါလေရောတဲ့၊ ဆရာမလေးကလည်း ပေါက်တူးနဲ့ အခုတ်ခံရတယ်ဆိုတော့ ခြေထောက်တို့ဘာတို့ထိပြီး လမ်းမလျှောက်နိုင်တာလောက်ပဲ ထင်ပြီး ဆေးနဲ့ပတ်တီးတွေယူပြီး စောင့်နေလိုက်တယ်တဲ့၊ ဥက္ကဋ္ဌက ဘာဖြစ်တာလဲ ပေါက်တူးက မတော်တဆလား၊ သူများခုတ်တာလားဆိုတော့ ရန်ဖြစ်လို့ ခုတ်လိုက်တာလို့ ပြောတယ်တဲ့၊ အဲဒီမှာ ဆရာမလည်း ဘာလုပ်ရမှန်း မသိဘဲ



ဥက္ကဋ္ဌကြီးရယ် ပူးလိ(ခ်)ကော့(စ်)ဆိုရင်တော့ ကျွန်မလုပ်ပေးလို့ မရဘူးလို့ ပြောလိုက်တာပေါ့၊ သူတို့တွေက ဘယ်လိုပြောပြော နားမလည်ဘူးတဲ့၊ လူနာရှင်က ဆရာမရယ်၊ ဘာပဲဖြစ်ဖြစ် လူနာကိုတော့ ဆေးကုပေးပါလို့ အတင်းဝိုင်းတောင်းပန်တယ်တဲ့၊ လူနာကလည်း နေပူပူနဲ့ သွေးတွေဘယ်လောက်ထွက်နေသလဲဆို ပုခက်စောင်ကနေတောင် အောက်ကိုစီးကျနေတယ်တဲ့၊ အမလေးပြောရင်း ကြက်သီးတောင် ထလာပါပြီ၊ ဒေါ်က်တာရယ်"

ဆရာမ မခင်သန်းအေးက ပြောရင်း ပုခုံးကို ဟန်ပါပါတွန့်ပြလေသည်။ သူနှင့် မခင်မာမှာ မျက်တောင်မခတ်ဘဲ စကားကို အာရုံစိုက်နားထောင်နေမိကြ၏။

"အဲဒါ ခရမ်းဆေးရုံကို သွားမယ်ပေါ့၊ ဇီလာလောဆယ်တော့ သက်သာအောင် လုပ်ပေးလိုက်ပါဆိုပြီး ဒဏ်ရာကို ဆရာမကိုခေါ်ပြတယ်တဲ့၊ ဒဏ်ရာကမိုက်မှာတဲ့ ဒေါ်က်တာရယ်၊ ပတ်ထားတဲ့ ပုဆိုးကွင်းလည်း ဖြေလိုက်ရော သွေးတွေ ဒလဟောထွက်ရုံတင်မကဘူး၊ အူတွေပါ မြင်လိုက်ရဆိုပဲ ဘယ်ပြောကောင်းမလဲ ဆရာရေ၊ အဲဒီဆရာမဆိုတာ တစ်ချီတည်း သတိလစ်သွားလိုက်တာ မနည်းနှာနပ်ယူရတယ်တဲ့၊ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်သွားတာပဲ"

"ဒါနဲ့ လူနာကရော"

www.burmeseclassic.com



"လူနာကတော့ ဆေးရုံကို လှည်းနဲ့အသွား လမ်းမှာတင်ပဲ သွေးထွက်လွန်ပြီး ဆုံးသွားတာပေါ့ရှင်"

"ဖြစ်မှဖြစ်ရလေဗျာ"

မခင်မာကလည်း စိတ်မကောင်းသလို စုတ်တသပ်သပ်နှင့်

"မြို့နဲ့ အလှမ်းဝေးတာတွေ ဆေးဝါးပစ္စည်း မပြည့်စုံတာတွေကြောင့် မပျက်စီးသင့်ဘဲ ပျက်စီးရတာ၊ ရှစ်တန်းကျောင်းသားလေးတစ်ယောက်ဆို လယ်ထဲမှာ ပိုးထိတာ ဆေးခန်းကို အချိန်မီရောက်ရင် ကယ်နိုင်ရက်နဲ့ သူ့အဖေက ဥုံဟုံ ဖွဟုံဆိုပြီး မန်းမှုတ်နေတာနဲ့ပဲ ကလေးခမျာ အဆိပ်လွန်ပြီး စကားမေးမရမှ ဆေးခန်းရောက်လာတော့တယ် ဆေးခန်းရောက်တော့ တစ်ကိုယ်လုံး အဆိပ်ကပျံ့နေပြီ ဘယ်လိုမှမကယ်နိုင်တော့ မျက်စိရှေ့တင် သေသွားရတာ"

"စိတ်မကောင်းစရာပဲနော် ဆရာမကြုံခဲ့ရတာလည်း သည်းထိတ်ရင်ဖိုတွေပါပဲလားဗျာ"

"ဟုတ်ပ၊ အေးရယ်၊ တို့ဝန်ထမ်းတွေဘဝကလည်း နယ်စုံရောက်၊ လူမျိုးစုံ အဖြစ်အပျက်မျိုးစုံနဲ့ ကြုံရတယ်နော်"

"ဒါနဲ့ ဆရာမတာဝန်ကျခဲ့တယ်ဆိုတာ ခရမ်းနယ်က ဘယ်ရွာတွေလဲ"

"ရွာတွေကတော့ စုံလို့ပဲ ဒေါက်တာရဲ့၊ ဘုရားဖျားမှာ အရင်ဆုံးတာဝန်ကျတာ၊ ပြီးတော့ ကျိုက်နီချောင်၊ အဲဒီကနေ



ဒေးပေါက်ဆိုတဲ့ရွာ၊ ကျိုက်နီချောင်မှာတော့ အတော်လေး ကြာလိုက်တယ်"

သူနှင့် မခင်မာမှာ တအံ့တဩ ဖြစ်သွားကာ ...

"အိုး ဟုတ်လားဗျာ"

ဟုပင် မေးလိုက်မိလေတော့သည်။ မခင်မာသည် သူ့အား မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေလေ၏။ ဆရာမ မခင်သန်းအေးသည် သူတို့နှစ်ယောက်၏ အလွန်အံ့ဩသွားသော အမူအရာများကို မြင်လျှင်

"ဒေါက်တာက အဲဒီရွာကိုသိလို့လား၊ အသိတွေဘာတွေရော ရှိလို့လား"

ဟု မေးလေ၏။

"အင်း ဆိုပါတော့ဗျာ"

"ဘယ်သူတွေလဲဆရာရဲ့၊ ကျိုက်နီချောင်ဆိုရင် ကျွန်မ မသိတဲ့လူမရှိသလောက်ပဲ"

ထိုအခါ မခင်မာသည် လှဝင်းစားမလေးအကြောင်းကို ချန်လှပ်ကာ ဦးအုန်းသန်း ဒေါ်မြကျင်တို့နှင့် သိကျွမ်းဖူးသည့်အကြောင်းကို ပြောပြလိုက်၏။

"ဦးအုန်းသန်းတို့ ဒေါ်မြကျင်တို့ကို ကျွန်မကောင်းကောင်းသိတာပေါ့ ဒေါက်တာ သူတို့နဲ့ ကျွန်မတော်တော်ရင်းနှီးခဲ့ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် သူ မနေနိုင်တော့ဘဲ ...

သူကိုမှာ သမီးလေးတစ်ယောက်ရှိတယ်မဟုတ်လား ဆရာမ ဟု မေးလိုက်မိလေသည်။

"သမီးလေးတစ်ယောက်မဟုတ်ဘူး၊ အားလုံးသားသမီးလေးယောက်တောင်ရှိတယ် ဒေါက်တာရဲ့၊ အားလုံးရန်ကုန်မှာချည်းပဲ၊ သူတို့သားသမီးတွေက အားလုံး အရွယ်ရောက်ကုန်ပြီ"

သူ စိတ်ထဲ ခုခုတော့ လွဲနေပြီဟု ထင်လိုက်မိ၏။

"ဟို အားလုံး ငါးယောက်မဟုတ်ဘူးလား ဆရာမ အငယ်ဆုံးကလေးမလေး တစ်ယောက်ရှိသေးတယ်လေ၊ ခုမှ ငါးနှစ်ကျော် ခြောက်နှစ်လောက်ပဲ ရှိဦးမယ်"

ထိုအခါ မခင်သန်းအေး၏ မျက်နှာသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားကာ

"အငယ်ဆုံးကလေးမလေးဟုတ်လား ဒေါက်တာ အခု သူတို့မှာ အဲဒီကလေး ရှိသေးတယ်လား"

ဆရာမ၏ စကားကြောင့် သူပင် ကြောင်တောင်တောင် ဖြစ်သွားလေသည်။

"ဟုတ်တယ်လေ ဆရာမ၊ မမှတ်မိလို့လား"

ဆရာမ မခင်သန်းအေးသည် ခေါင်းကိုဖြည်းညင်းစွာ ခါရင်း

"မမှတ်မိလို့ မဟုတ်ပါဘူး ဒေါက်တာ၊ အံ့သြမိလို့ပါ၊



ကျွန်မ ကောင်းကောင်းမှတ်မိပါတယ်"

ဟု ဆိုကာ အဝေးသို့ ငေးမောနေလေတော့သည်။ သူနှင့် မခင်မာသည် ရုတ်ချည်းပြောင်းလဲသွားသော မခင်သန်းအေး၏ အမူအရာကိုကြည့်ကာ အံ့သြမိသော်လည်း နောက်ထပ် ဘာမှထက်မမေးဖြစ်ကြချေ။ မေးလျှင်လည်း ပြောပြမည့်အရိပ်လက္ခဏာ မတွေ့ရသောကြောင့်ပင် ဖြစ်၏။

www.burmeseclassic.com



ဒေါက်တာမြင့်နိုင်သည် သူမထံသို့ နှစ်လသုံးလကြာလျှင် တစ်ခေါက်မှန်မှန် လာတွေ့လေသည်။ လာတိုင်းလည်း သူမအတွက် အဝတ်အစား ဖိနပ်အစရှိသည့် ပစ္စည်းများကို သူမနှစ်သက်သည် အရောင်အတိုင်းဝယ်လာလေ့ရှိ၏။ သူမသည် အသက် တစ်နှစ်ထက် တစ်နှစ် မတူတော့ချေ။

ဒေါက်တာရောက်လာလျှင် ပျော်ရွှင်တတ်ပြီး ပြန်သွားသည့်အခါတိုင်း ဝမ်းနည်းမိသော်လည်း အရင်လို ငိုယိုပြီးမနေရစ်ခဲ့ပေ။ နောက်တစ်ခေါက် ဒေါက်တာမြင့်နိုင် ရောက်လာမည့်ရက်ကိုသာ တစ်ခါပြန်စောင့်ရင်း နေ့ရက်များကို ကုန်လွန်စေလေသည်။

ကြာလာသောအခါ သူမ၏မိဘများနှင့် ဒေါက်တာမြင့်နိုင်မှာ သွေးသားရင်းချာများသဖွယ် ရင်းနှီးသွားလေတော့၏။

သူမသည် နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း အလွန်ပျော်ရွှင်နေလေ့ရှိသည်။ သူမအား ချစ်ခင်ပြီး အလိုလိုက်သော မိဘနှစ်ပါး အပြင် ဂရုတစိုက်နှင့် ကြင်နာတတ်သော အစ်ကိုကြီးရှိသည့်အတွက် တခြားကလေးများထက် ပိုမိုကံကောင်းသည်ဟု ထင်မှတ်မိ၏။

သို့သော် သူမ၏ပျော်ရွှင်မှုလေးသည် အချိန်ကာလ အတိုင်းအတာတစ်ခုအထိသာ နိုင်မြဲလိုက်သည်။

သူမအသက်တစ်ဆယ့်နှစ်နှစ်ပြည့်သည့်နှစ် ခရစ္စမတ်ရောက်ခါနီးတွင် သူမတို့အိမ်သို့ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ရုပ်ရည်ချောမောပြေပြစ်သော အမျိုးသမီးတစ်ဦး ရောက်လာလေသည်။



ထိုအချိန်၌ အမေသည် မီးဖိုချောင်ထဲတွင် ထမင်းဟင်းချက်နေပြီး သူမက ကန်တောင်ရိုးမုကစားပြီး ပြန်လာခဲ့ခြင်းဖြစ်၏။ သူမသည် အိမ်ပေါ်သို့မတက်သေးဘဲ ထရံပေါက်မှ ထိုဧည့်သည် အမျိုးသမီးကို ချောင်းကြည့်နေလိုက်၏။

နုနုသည် ဧည့်သည်ရောက်လျှင် သူမ၏ အဖေအမေများ မသိအောင် ချောင်းကြည့်ရခြင်းကို အလွန်သဘောကျ၏။

မီးဖိုထဲမှထွက်လာသော အမေသည် အိမ်ရှေ့မှ ဧည့်သည်ကို မြင်သောအခါ အလွန်ထိတ်လန့်သွားသော အမူအရာနှင့် ...

"ဆ ... ဆရာမ ... ဆရာမ၊ ဟုတ်ပါတယ်နော်"

ဟု အထစ်ထစ်အငေါ့ငေါ့နှင့် ပြောလိုက်လေသည်။ ထိုအခါ ဆရာမဟု အခေါ်ခံရသော အမျိုးသမီးက ...

"ဟုတ်ပါတယ် မမြကျင်၊ ကျွန်မပါ၊ ဒါနဲ့ ကလေးရော ဘယ်သွားနေလဲ"

ထိုအမျိုးသမီးက သူ့ကိုသိနေခြင်းအတွက် နုနုမှာအလွန်အံ့ဩသွားရသည်။

"ရှိ ... ရှိပါတယ် ဆရာမရယ်၊ ဒါ ... ဒါနဲ့ ဆရာမက ဘယ်ကဘယ်လို"

"ဒီလိုပါဘဲရှင် သတိရလို့ လာခဲ့တာပေါ့၊ ကိုအုန်းသန်းရော ဘယ်သွားလဲ"

"လယ်ထဲသွားနေပါတယ်၊ ခဏလေးနော် ... ဆရာမ၊

www.burmeseclassic.com



ရေနွေးသောက်ဦး၊ ကျွန်မ ဟင်းအိုးသွားချလိုက်ဦးမယ်''

အမေသည် အသိအကျွမ်းတစ်ယောက်နှင့် ပြန်ဆုံရသောကြောင့် ပျော်ရွှင်နေရမည့်အစား တစ်စုံတစ်ခုကို စိုးရိမ်သလို ဂဏှာမငြိမ်ဖြစ်နေလေသည်။

ခဏကြာတွင် မီးဖိုထဲမှ အမေပြန်ထွက်လာလေသည်။

''ကလေးဆို အတော်လေး အရွယ်ရောက်ပြီပေါ့နော်၊ အင်းလေ ကျွန်မတောင်ဒီကိုမရောက်တာ. ကြာလှပြီဘဲ၊ ဒါပေမယ့် ဘယ်လိုပဲ အချိန်တွေကြာကြာ ကလေးကိုတော့ မမေ့ပါဘူးရှင်''

နုနုသည် ထူးဆန်းလှသောစကားများချည်း ကြားနေရသည်ဖြစ်ရာ. အသံမပေးဘဲ တိတ်တဆိတ်ပင် နားထောင်နေမိ၏။

''အမှန်အတိုင်းပြောရရင် ကျွန်မကတော့ ဒီကိစ္စကို မေ့ထားတယ် ဆရာမရယ်၊ ကျွန်မတို့ လင်မယားနှစ်ယောက်လုံး ဒီကိစ္စကို ဘယ်တော့မှ ပြန်အစမဖော်တော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားတာ''

''ကျွန်မလည်း ဒီအကြောင်းတွေပြန်ပြီးအစမဖော်ချင်ပါဘူး၊ ဒါပေမယ့် ကျွန်မလက်နဲ့ မွေးပေးလိုက်ရတဲ့ ကလေးကိုတော့ ဘယ်လိုမေ့ရမလဲရှင်၊ ပြီးတော့ ကျွန်မညီမရင်းလေးလို သံယောဇဉ်ဖြစ်ခဲ့ရတဲ့ သူ့အမေကိုရော့ပဲ၊ သေသောသူကြာရင် မေ့ဆိုပေမယ့် နော်အယ်ဖောကိုတော့ ကျွန်မ မေ့လို့



မရသေးပါဘူး''

ကြားလိုက်ရသောစကားက နုနုရင်ကို အတော်လေးတုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ ဒီလောက်တော့ သူ့အလွယ်တကူနားလည်တတ်ခဲ့ပြီ။

'ဘုရားသခင်၊ ငါ့ကိုမွေးတဲ့ အမေကသေသွားပြီဆိုပါလား' ဟူသည့် အတွေးက နုနယ်သော နှလုံးသားကို မီးစနှင့်ထိုးသည့်နှယ် ဝမ်းနည်းခြင်း ယူကျုံးမရဖြစ်ခြင်းကြောင့် မျက်ရည်များက အလိုလိုစီးကျလာသည်။ စိတ်မကောင်းစရာရှိလျှင် မျိုသိပ်ထားရသည်မှာ အလွန်ပင်ပန်း၏။ ထို့ကြောင့် စိတ်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေသည့်စိတ်ကို သက်သာရာ ရအောင် ချောင်းမြောင်းနေသည့် ထရံအကွယ်မှထွက်ပြီး

''အမေ''

ဟုအော်ကာ အမေ့ရင်ခွင်တွင်းသို့ ပြေးဝင်လိုက်ချင်သည်။ သို့သော် ခြေထောက်တွေက ထုံကျင်ပြီး နေရာမှ တော်တော်နှင့်ရွေ့မရချေ။ ထိုနေရာတွင် ထိုင်ရင်းသာ မျက်ရည်များက တလိမ့်လိမ့်ကျနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ အဖေနှင့် အမေသည် သူမအားပို၍ ဂရုစိုက်လာကြသည်။ သူမမျက်နှာ အရိပ်အကဲကို အမြဲစောင့်ကြည့်နေသော အဖေနှင့် အမေရဲ့အသွင်မှာ အလွန်သနားစရာကောင်းသည်ဟု ထင်မိလေသည်။ သို့သော် ထိုအတွေးသည် တာရှည်မခံလိုက်။ ဝမ်းနည်းစရာကောင်းသော ကိုယ့်ဘဝကို စိတ်ညစ်လာပြန်သည်။

"သူပြောသွားတာ တကယ်လား အမေ"

ဆိုတော့ မျက်ရည်အဝိုင်းသားနဲ့ တွေတွေကြီးဖြစ်သွားတဲ့ အမေ့မျက်နှာဟာ တစ်လောကလုံးက ဝမ်းနည်းခြင်းတွေ သိမ်းကျုံးခံစားရသူလို ဖြစ်သွားတော့၏။

"ငါ့သမီးရယ် ညည်းဟာငါမွေးတဲ့ ငါ့သမီးအရင်းကြီးပါ"

ဆိုတဲ့အသံဟာ ဆို့နစ်ကြေကွဲပြီး အလွန်ဝမ်းနည်းစရာကောင်းလှသည်။ သူမစိတ်ကိုလည်း တအား တက်လာစေခဲ့၏။ နားထဲတွင် ကြားနေရသော စကားများကို ဖျောက်မရနိုင်ခြင်းကသာ အတော်ခက်လေသည်။

"မဟုတ်ဘူး အမေ၊ ဟို အဒေါ်ကြီးက ပြောသွားတယ်လေ၊ သမီးအမေက သေသွားပြီတဲ့၊ သမီးအမေအကြောင်း ပြောပြပါလားဟင်"

ထိုစကားအတွက် အမေ့ခမျာ အတော်လေးစိတ်မကောင်းဖြစ်သွားလေတော့သည်။ အဖေက မျက်မှောင်ကျုံ့ပြီး ငြိမ်သက်တိတ်ဆိတ်နေရာမှ ...



"ကလေးစိတ်ချမ်းသာအောင် ပြောပြလိုက်ပါကွာ အခုမှတော့ ဖုံးထားလည်းအပိုပဲ"

ဟု ဝင်ပြောလေသည်။ သို့သော် အဖေသည် ထိုစကားကို အမှန်တကယ်ပြောစေချင်ပုံမရသလို အမေလည်း ပြောမထွက်ဟန်နှင့် မျက်ရည်ကျရင်း ခေါင်းကိုသာ တွင်တွင်ခါရမ်းနေလေသည်။

ထိုစကားကို ကြားလိုက်ရခြင်းအားဖြင့် သူမ စိတ်ချမ်းသာသွားမည် မဟုတ်သော်လည်း သိချင်စိတ်က ပိုများနေလေသည်။

"သမီးရဲ့အမေက နော်အယ်ဖောဆိုတဲ့ သူနာပြုဆရာမလေးပေါ့၊ ဒီရွာကို စရောက်တော့ သမီးအဖေ အောင်ဇော်လွင်နဲ့ လက်ထပ်ပြီးကာစပဲ ရှိသေးတယ်၊ တစ်နေ့တော့ အမျိုးသမီးတစ်ယောက် ရွာကိုလိုက်လာတယ်၊ သူက အောင်ဇော်လွင်ရဲ့ မိန်းမတဲ့လေ၊ သမီးအမေခမျာ မိန်းကလေးလည်းဖြစ် ဝန်ထမ်းလည်းဖြစ်တော့ ရှက်လွန်းလို့ ခေါင်းမဖော်နိုင်ခဲ့ဘူး ပိုပြီးကံဆိုးသွားတာက နော်အယ်ဖောဟာ မိဘဆွေမျိုးမရှိတဲ့ ခရစ်ယာန် မိဘမဲ့ကျောင်းက တစ်ကောင်ကြွက်မလေး ဖြစ်နေတော့ သူ့မှာ အားကိုးရာမဲ့တော့တာပေါ့၊ မယားကြီးကို မလွန်ဆန်နိုင်တဲ့ သမီးအဖေဟာ နောက်ဆုံးတော့ သမီးအမေကိုထားပြီး ပြန်ပြေးတော့တာပဲ၊ ဘာပဲဖြစ်ဖြစ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတဲ့ကြားက အမေတို့ အကူအညီနဲ့ သမီးလေးကို ခက်ခက်ခဲခဲမွေးပြီး မီးတွင်းထဲမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားရှာတယ်၊ အောင်ဇော်လွင်ကတော့ လူယုတ်မာတစ်ယောက်ပါ သမီးရယ်၊ မိန်းမကိုပစ်ထားပြီး ထွက်သွားလိုက်တာ သတင်းအစအနတောင် မရတော့ဘူး၊ သမီးအမေက သိပ်ပြီး သတ္တိကောင်းတဲ့ ကရင်မလေးပါပဲ၊ သူမွေးလာတဲ့ သားဘဲဖြစ်ဖြစ် သမီးဘဲဖြစ်ဖြစ်၊ အောင်ဇော်လွင့်လက်ထဲကို မရောက်ပါစေနဲ့လို့ အတန်တန်မှာသွားခဲ့တယ်၊ သူသေမှာကို ကြိုသိနေသလားတောင် မပြောတတ်ပါဘူး သမီးရယ်၊ ပြီးတော့ အောင်ဇော်လွင်နဲ့ပတ်သက်တဲ့ အကြောင်းအရာမှန်သမျှ ဘာမှပြောမသွားဘူး၊ သူ စိတ်နာသလို သမီးနဲ့လည်း အဆက်အသွယ် ပြတ်စေချင်တဲ့ သဘောပေါ့ကွယ်”

အမေ့စကားကို နားထောင်ရင်း ကိုယ့်ဘဝကိုယ် မကျေနပ်ခြင်း ယူကျုံးမရခြင်းမှလွဲ၍ ထူးထူးခြားခြား ဝမ်းနည်းကြေကွဲခြင်း ပြင်းပြစွာ မဖြစ်မိချေ။ သူမမြင်ဖူးလိုက်သော နော်အယ်ဖောဆိုသည့် အမေရင်းကို သနားစရာမိန်းကလေးတစ်ယောက် အဖြစ်လည်းကောင်း အောင်ဇော်လွင်ဆိုသည့် အဖေကို ဗီဒီယိုထဲမှ လူကြမ်းတစ်ဦးအဖြစ်လည်းကောင်း မြင်ယောင်လာလေသည်။

ကိုယ့်ဘဝအဖြစ်အမှန်ကို နားထောင်ပြီး ဝမ်းပမ်းတနည်း ငိုလိုက်မဟဲ့ဆိုပြီး တွေးထားသော အတွေးသည် ရုတ်ချည်းပင် လွင့်စင်ပျောက်ပျယ်ကာ တအံ့တဩ ငြိမ်သက်နေမိတော့သည်။

သူမကို ဘယ်လိုပြုစုပျိုးထောင် မွေးမြူခဲ့ရကြောင်း



ပြောရာတွင် အမေ့အသံသည် တစ်ချက်တစ်ချက် တိုးသက်တိမ်ဝင်သွားလိုက် ရှိုက်သံနှင့်ကျယ်လာလိုက်နှင့် အမျိုးမျိုး ဖြစ်နေ၏။

ထိုအကြောင်းများသည် သူမသိပြီးသား အကြောင်းအရာများပါသလို မမှတ်မိသော၊ ရေးတေးတေးသာ မှတ်မိသော အကြောင်းများပင် ဖြစ်၏။

“အမေ အသက်လေးဆယ်ကျော်မှ သမီးကို မွေးခဲ့တယ်လို့ တချို့လူတွေကို ပြောထားခဲ့တယ်၊ နောက် ရွာထဲက လူတွေနဲ့အဆက်အသွယ် သိပ်မလုပ်ဘဲ ကင်းကင်းရှင်းရှင်းနေတဲ့အထိ သမီးနားထဲ ဘာသတင်းမှမရောက်အောင် နေခဲ့ပါတယ်၊ အံ့ဩစရာကောင်းတာက အမေ့မေတ္တာကြောင့် သမီးလေးစို့ခဲ့တဲ့ နို့ဟာ အမေ့နို့ရည်အစစ်တွေဖြစ်ခဲ့တယ်၊ သမီး အမေ့နို့ကိုစို့ပြီး ကြီးပြင်းခဲ့တာပါ သမီးရယ်”

နှစ်ကာလများစွာကြာအောင် မျိုသိပ်ခဲ့သမျှ အမေသည် တစ်ချိတည်း ဖွင့်ချတော့၏။ သူမ၏မျက်စိထဲတွင် ကလေးနီတာရဲ းမှာ နို့ဆာသောကြောင့် သူ့မိခင်မဟုတ်တဲ့ အမျိုးသမီးကြီးရဲ့ ကိုစို့ရင်း ပျော်ရွှင်နေသည်ကို မြင်ယောင်လာ၏။ ထို့နောက် ဖြည်းဖြည်း စို့ဖန်များ၍ နို့ချိုများထွက်လာသည့်အခါ ပီတိနှင့် ဝင်းပသာနေသော အမေ့မျက်နှာကို မြင်ယောင်လာပြန်၏။

ယခုအမေ့မျက်နှာသည် အသက်ငါးဆယ်ကျော်ခြောက်ဆယ် ရောက်၍ ပါးမို့မို့များမှာ အရေအကြောင်းများထင်ကာ လျော့ကွ

www.burmeseclassic.com

www.burmeseclassic.com



ကျနေပြီဖြစ်လေသည်။ သို့သော် ကွာဟနေသော အသက်အရွယ်များကြားတွင် အမေသည် ပို၍အိုမသွားဘဲ လှမြဲပင်ရှိသေး၏။ ထို့အတူ အမေ့မေတ္တာသည်လည်း ရောင်စုံပန်းပွင့်များလို အဆင်အသွေးစုံစွာ တောက်ပနေမြဲပင်။

သို့သော် သူမသည် နေ၍မပျော်တော့ချေ။ နုနယ်သောနှလုံးသားတွင် တွယ်ရာမဲ့သော အားငယ်စိတ်က အရိုးပြည့် နေရာယူလွှမ်းမိုးထားလိုက်ပြီဖြစ်၏။

"သမီး အစ်ကိုကြီးဆီ သွားနေချင်တယ်"

ဟု ပြောလိုက်သောအခါ ပထမတော့ အမေသည် အိမ်မက်မှ လှုပ်နှိုးခံလိုက်ရသူလို တုန်လှုပ်ချောက်ချားသွား၏။ သူမစိတ်တွင် အမေ အလွန်စိတ်ဆိုးသွားလိမ့်မည်ဟု ထင်နေခဲ့သည်။

အမေ လုံးဝစိတ်မဆိုးပါချေ။ မျက်ရည်တို့ ပြည့်လျှမ်းသော မျက်ဝန်းအစုံနှင့် တွေကြည့်ပြီး ခေါင်းညိတ်ကာ

"ငါ့သမီးနေလို့ မပျော်တော့ဘူးဆိုတာ အမေသိပါတယ် အေ"

ဟု တစ်ခွန်းသာ ဝမ်းနည်းသံကြီးနှင့် ဆိုလေသည်။ ထို့နောက် အသက်ရှူရပ်မတတ် ငြိမ်သက်နေသော အဖေ့ဘက်သို့လှည့်ကာ

"ကျုပ်တို့တော့ ရင်ကွဲပြီဖအေကြီးရဲ့ ဘယ်မလဲ ရင်သိမ်းထားတဲ့ ဟိုဆရာဝန့်လိပ်စာ၊ သွား ... ခရမ်းကနေ သွား



အကြောင်းကြားလိုက်တော့"

ဟု ပြောလိုက်၏။ အဖေသည် သက်ပြင်းကို ရှိုက်ရင်း

"ဖြစ်ပါ့မလား"

ဟု ဆိုလေသည်။

"မတတ်နိုင်တော့ဘူး၊ ကျုပ်တို့ ဒီတစ်လမ်းဘဲ ရွေးစရာရှိတော့တယ်၊ ကလေးစိတ်ချမ်းသာဖို့ ဒီတစ်လမ်းဘဲ ရွေးစရာရှိတော့တယ်၊ ကျုပ် မပြောလား ဖအေရဲ့၊ ဝမ်းနဲ့မလွယ် သားမမည်ပါလို့"

www.burmeseclassic.com



"စိတ်ချပါ ... ရာ၊ မတာတ်သာလွန်းလို့ ပို့ရတယ် ရင်ထဲမချိဘူးတော့"

အမေသည် ခေါင်းပေါင်းတဘက်စနှင့် မျက်ရည်သုတ်ကာ ငိုရင်း မှာပြန်သည်။

"စိတ်ချပါ အစ်မရယ်၊ ဘာမှစိတ်မပူပါနဲ့၊ သူစိတ်ပျော်အောင်ထားမှာပါ၊ ဘယ်နေရာမှာနေနေ စိတ်ချမ်းသာဖို့ပါဘဲ"

ဒေါက်တာမြင့်နိုင်မှာ အလွန်ပျော်ရွှင်နေပုံရပြီး သူမအားစိတ်ပြောင်းသွားမှာစိုးသောကြောင့် မုန့်နှင့်ကစားစရာ အရုပ်များဝယ်ကာ အေးစိမ့်နေသော ကားထဲတွင် ဝင်ထိုင်ခိုင်းထားလေသည်။

ထို့နောက် အဖေနှင့် သူမကျောင်းဆက်တက်ဖို့ ကိစ္စနှင့် ကျောင်းထွက်လက်မှတ် လာယူမည့်အကြောင်းကို အတန်ကြာပြောဆိုပြန်သည်။ ထို့နောက် အမေသည် သူမအား ခေါင်းမှခြေဖျားအထိ အပြန်ပြန်အလှန်လှန်ကြည့်ပြီး ...

"ဟော သမီးရေ အမေခုမှသတိရတယ်၊ သမီးဆွဲကြိုးပါမလာဘူးပဲ"

ဟုဆိုကာ အိမ်ဘက်သို့ ပြန်သွားကာ ပျောက်မှာစိုး၍ ဖြုတ်သိမ်းထားသော ဆွဲကြိုးလေးကို ပြေးယူလာခဲ့လေသည်။

ထို့နောက် သူမလက်ထဲသို့ ဆွဲကြိုးလေးကိုထည့်ကာ

"ငါ့သမီး အမေမှာတာမမေ့နဲ့နော်၊ ညတိုင်းဘုရားရှိခိုးပြီး



အိပ်၊ အဖေနဲ့အမေကိုလည်း ရှိခိုး၊ သမီးဆရာကြီးကိုလည်း ရှိခိုး ... ကြားလား၊ ဘုရားစာရွတ်ဖို့လည်း မမေ့နဲ့"

ဟု မှာလေ၏။ သူမပြုံးပြီး ခေါင်းညိတ်ပြ‌ေမိုက်သည်။

"သမီးအစ်ကိုကြီးအိမ်မှာ ဘုရားစင်ရှိချင်မှရှိမယ် အိမ်က ဘုရားကို စိတ်ထဲကနေ မြင်အောင်ကြည့်ပြီး ရှိခိုးကြားလား၊ အင်္ကျီတွေလည်း မညီးပေနေအောင် မဝတ်နဲ့၊ မိုးလင်းတာနဲ့ မျက်နှာသစ်ပြီး သနပ်ခါးလိမ်း အဲဒီက ကလေးတွေနဲ့လည်း တည့်အောင်ပေါင်း ဝိုင်းကူလုပ်ပေးကြားလား အမေတို့ဆီလည်း မကြာမကြာလာလည် စာလည်းကြိုးစားနော်"

"ဟုတ်ကဲ့ပါ"

ထို့နောက် အဖေနှင့် အစ်ကိုကြီးမှာကား အနီးသို့လျှောက်လာကြလေသည်။

"ကဲ ... သွားစို့ အစ်မကြီးရေ၊ သွားမယ်နော်"

ပြောရင်း အစ်ကိုကြီးက ကားမောင်းသူနေရာတွင် ဝင်ထိုင်၏။

"အစ်ကိုကြီး၊ ခဏ ခဏလေး ကားတံခါးဖွင့်ပေးပါဦး"

"ဘာလုပ်မလို့လဲ ... ဟင်"

"အဖေနဲ့ အမေကို ကန်တော့ချင်လို့"

"အို နေပါစေ၊ သမီးညက ကန်တော့ပြီးပြီလေ နေ့နေ့ အဝတ်တွေ ဖုန်ပေကုန်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေက ပျာပျာသလဲ တားသောကြောင့် သူမကားပေါ်မှ မဆင်းဖြစ်တော့ချေ။

"ဒါဆို သွားမယ်နော်"

"အေး အေး သမီး သွား"

ကားလေးက သိမ့်ခနဲ မောင်းထွက်၏။ အိတ်ဇောပိုက်မှ မီးခိုးတွေနှင့် လှည်းလမ်းကြောင်းက ဖုန်လုံးတွေက ကားနောက်မှာ အလိပ်လိုက် ကျန်ခဲ့သည်။ သူမကားဘေးမှ ခေါင်းလေးပြူပြီး ကြည့်တော့ ဖုန်လုံးများကြားမှ လက်ပြနေသော အဖေနှင့်အမေကိုတွေ့ရလေသည်။

သူမလည်း ပြန်ပြီးလက်ပြလိုက်သည်။ ထို့နောက် ရွာထဲမှ သူမတို့ကားလေးကိုထွက်ကြည့်သောကလေးများက သူမကိုမြင်တော့ မျက်လုံးလေးတွေပြူးလျက် လက်ညှိုးထိုးကာ တအံ့တသြ ဖြစ်နေကြသည်ကို ကားပေါ်မှ ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရသည်။

ဆရာကြီး ကျောင်းရှေ့ရောက်တော့ ကျောင်းပိတ်ရက်မို့ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျောင်းကြီးနှင့် ဆရာကြီးနေသောအိမ်ကလေးကို တွေ့ရသည်။ သူမလက်ပြနှုတ်ဆက်ခဲ့၏။ ထို့နောက် လယ်ကွင်းများကြားမှ ကွေ့ပတ်မောင်းနေသော ကားလေးသည် သက်န်းပင်ကြီးတစ်ပင်တည်း ထီးထီးမားမားထွက်နေသည့် ကျိုနီချောင်ရွာကလေးကို ချန်ရစ်ကာ တရိပ်ရိပ် ပြေးလွှားလာခဲ့၏။

လယ်ကွင်းထဲသို့ရောက်သောအခါ ပဲ, ကောက်နေသူများက ကားလေးကို ခေါင်းထောင်ပြီး လှမ်းကြည့်ကြသည်။



သူမစိတ်ထဲ ပျော်သလိုလို စိတ်အားတက်ကြွသလိုလို ဖြစ်လာပြန်သည်။ ထိုမှလွန်သော် လယ်ကွင်းထဲရှိ တဲအုပ်စုစုလေးများကို မြင်ရ၏။ သူမနှင့် သိသည့်တဲများကို မြင်လျှင် ဝမ်းသာသလိုဖြစ်သွား၏။

တဖြည်းဖြည်းရွာနှင့် ဝေးကာ တဲအုပ်များ တခြားရွာများက ကျိုနီချောင်ရွာလေးကို ကွယ်ပစ်လိုက်လေ၏။ ထိုအခါမှသူမ ကားရှေ့လမ်းမဆီ ကြည့်မိတော့သည်။ မကြာမီ ခရမ်းမြို့ကို တွေ့ရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးသည် ထည့်ဝါခမ်းနားလှသောခြံကျယ်ကြီးအတွင်းမှ တိုက်အိမ်ကြီးရှေ့တွင် ရပ်လိုက်လေ၏။ ထို့အတူ အစ်ကိုကြီးက သူမဘက်သို့ ပြုံးပြီးလှည့်ကြည့်ကာ

"ကဲ ရောက်ပြီကလေး၊ ဒါ အစ်ကိုကြီးအိမ်၊ မှတ်မိရဲ့လား"

"သူမ ခေါင်းရမ်းပြလိုက်တော့ အစ်ကိုကြီးကရယ်ရင်း"

"တစ်ခေါက် ရောက်ဖူးတယ်လေကွာ စဉ်းစားကြည့်ပါဦး"

အမေနှင့် သူမရောက်ခဲ့သည့်အိမ်က ယခုအိမ်လောက်မကြီးသလို ခြံထဲမှာလည်း မြက်ခင်းစိမ်းတွေ ရောင်စုံပန်းအိုးတွေက ယခုလောက် မလှဟုထင်နေမိသည်။

"အခုအိမ်က ပိုလှနေသလိုပဲနော်"

"အဲဒါက ခံစားတဲ့အပေါ်မှာ မူတည်တယ် ကလေးရဲ့၊ အရင်ကကလေးက ငယ်ငယ်ပိစိကွေးလေးဆိုတော့ လှတာတွေမြင်လည်း ခံစားတက်ကမှမဟုတ်တာ၊ အခုကျတော့ နည်းနည်းအရွယ်ရောက်လာပြီလေ၊ လှတာမလှတာ သိလာပြီပေါ့ မဟုတ်ဘူးလား"

သူမ ပြုံးရင်း ခေါင်းညိတ်လိုက်သည်။ ကားအကြာကြီးစီးခဲ့ရသောကြောင့် ခြေထောက်တွေ တောင့်နေ၏။ ကားဟွန်းကိုနှစ်ချက်ဆင့်၍ တီးလိုက်ချိန်တွင် အိမ်ထဲမှ ပြေးထွက်လာသော ကောင်မလေးနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ



တော့သည်။

ကောင်မလေးနှစ်ယောက်အနက် တစ်ယောက်က သူ့ထက်အသက်ပိုကြီးမည့် ပုံဖြစ်ပြီး တစ်ယောက်က ရွယ်တူလောက်ပင်ရှိဦးမည် နှစ်ယောက်လုံး စကတ်တိုတိုကလေးတွေ ဝတ်ထားသည်။ အမျိုးသမီး ကတော့ အစ်ကိုကြီးမိန်းမပင် ဖြစ်မည်ဟု တွေးလိုက်မိ၏။

အမေကော သမီးနှစ်ယောက်ပါ တောက်ပသပ်ရပ်စွာ လှနေကြသည်မို့ သူမမျက်လုံးလေးဝိုင်းရင်း ငေးနေမိသည်။

"ဆင်းလေ ... ကလေး"

နူးညံ့ညင်သာတဲ့ အစ်ကိုကြီးအသံကြားမှ သူမသတိဝင်လာသည်။ အဝတ်အစားထည့်ထားတဲ့ လွယ်အိတ်ကလေးပိုက်ပြီး ကားပေါ်ကဆင်းလိုက်တော့ သူမကို စူးစမ်းနေသည့်မျက်လုံးသုံးစုံကိုတွေ့ရ၏။ မျက်လုံးနှစ်စုံက သူမကိုအကဲခတ်ခြင်းသက်သက်နှင့်သာ ကြည့်နေသော်လည်း နောက်ဆုံး ကောင်မလေး၏မျက်လုံးတွင် အံ့သြခြင်း နှစ်လိုခြင်းတို့ပါ ပြည့်နေသည်ကို မြင်ရလေသည်။

ထို့စဉ် နူးညံ့ပူနွေးသော လက်တစ်ဖက်က သူမပုခုံးပေါ်ဖွဖွလေးကျလာပြီး ဖိဆုပ်ဖျစ်ညစ်လိုက်သည်။

သူမရင်ထဲက အားငယ်စိတ်တွေ လွင့်ခနဲပျောက်သွားကြသည်။

"မေ ... ဒါ ကိုယ်ပြောတဲ့ ကလေးပဲ"

အမျိုးသမီးက သူမရဲ့စိုးရိမ်ကြောက်ရွံ့နေတဲ့ မျက်လုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ကြည့်ပြီး သိမ်မွေ့စွာပြုံးပြ၏။ သူမ၏အပြုံးတွင် မိခင်စိတ်ရှိပြီး ကြင်နာရိုင်းလှမ်းသော ဓာတ်များကို တွေ့လိုက်ရသောကြောင့် ပြောမပြတတ်အောင် ဝမ်းသာသွားသည်။

"သမီး သမီးတို့ဒယ်ဒီကို နှုတ်ဆက်လိုက်ဦးလေ"

အကြီးမလေးက ခေါင်းတစ်ချက်ငုံ့ကာပြုံးရင်း ...

"ဆောရီး ... ဒယ်ဒီ၊ သူကိုငေးနေတာနဲ့ နှုတ်ဆက်ဖို့ မေ့သွားတယ်"

ဟု ဆိုလေသည်။ ထို့နောက် သူတို့အားလုံး အိမ်ထဲရောက်သွားသောအခါ အငယ်မလေးက အောင့်အီးမျိုသိပ်မထားနိုင်သော မျက်နှာနှင့်

"ဒယ်ဒီ၊ သူက အေမီတို့နဲ့ နေမှာလားဟင်"

ဟု မေးလေသည်။ ဒေါက်တာမြင့်နိုင်က ခေါင်းညိတ်ပြရင်း

"သမီးတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒယ်ဒီ့မိတ်ဆွေရဲ့ သမီး၊ သူ့ကို ဒယ်ဒီခေါ်လာတာ၊ နောက်ဆိုသူဒီမှာ သမီးတို့နဲ့ အတူနေတော့မှာ သူ့နာမည်က နနတဲ့၊ ကလေး ဒါ ဟန်နီချို့တဲ့ ကလေးထက် နှစ်နှစ်ကြီးတယ် မမပေါ့၊ သူက အေမီချို့တဲ့ ကလေးနဲ့ရွယ်တူပဲ ခုနှစ်တန်းအတူတူ တက်ရမှာ"

"ဟုတ်ကဲ့"



သူမပြောရင်း ခေါင်းညိတ်ပြလိုက်၏။ အေမီက သူမကို တစ်ချက်ရယ်ပြလိုက်သည်။ သူမလည်း ပြန်ရယ်ပြလိုက်မိသည်။ ဟန်နီက လက်တစ်ဖက်ဆန့်တန်းရင်း

"မင်္ဂလာပါ တွေ့ရတာဝမ်းသာပါတယ်"

ဟု ဘိုဆန်ဆန်နှုတ်ဆက်လေသည်။ သူမလက်ကို ယောင်နနနှင့် လှမ်းဆုပ်ရင်း

"ဟုတ်ကဲ့"

ဟု ပြန်ပြောလိုက်ရလေသည်။

"ဒါက ...အစ်ကိုကြီးမိန်းမ အန်တီမေလို့ခေါ် ကြားလား"

"ဟုတ်ကဲ့ ... အစ်ကိုကြီး"

အစ်ကိုကြီး၏စကားအဆုံးတွင် သူမတို့သုံးယောက်မှာ တအံ့တသြဖြစ်သွားလျက် သူမအား မျက်လုံးအဝိုင်းသားနှင့် လှမ်းကြည့်ကြလေသည်။

"ယူက ဒယ်ဒီ့ကို အစ်ကိုကြီးလို့ခေါ်တယ်၊ ဟီ ...ဟီ၊ ယူ ဖူး(လ်)"

"ဟဲ့ အေမီ၊ သူများကို အဲဒီလိုမပြောရဘူးလေ"

ဟန်နီက လူကြီးဟန်လေးနှင့် ဝင်ဟန့်လိုက်လျှင် အေမီသည် ဇက်ကလေးပုသွားပြီး ရယ်နေလေသည်။

"ဆောရီးနော်"

"ဟုတ်သားပဲ သမီးရဲ့၊ အန်ကယ်လို့ခေါ်လေ၊ ဒါမှဟုတ် ဦးဦးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ၏ စကားအဆုံးတွင် အစ်ကိုကြီး မျက်နှာကို အားကိုးတကြီး မော့ကြည့်လိုက်မိသည်နှင့်

"သူခေါ်တတ်သလို ခေါ်ပါစေကွာ"

အစ်ကိုကြီးက ဘာမှု ထွေထွေထူးထူးရှင်းမပြဘဲ ထိုသို့ ပြောလိုက်၏။ ထို့နောက် ဟာန်နီတို့ သားအမိသုံးယောက်သည် သူမ၏ အခေါ်အဝေါ်နှင့်ပတ်သတ်ပြီး တစ်စုံတစ်ရာဝင်မပြောကြတော့ချေ။

နုနုသည် အရွယ်ချင်းမတိမ်းမယိမ်းဖြစ်သောအမှိုကို မြင်မြင်ချင်း ခင်မင်မိသော်လည်း အပျိုပေါက်အရွယ်ရောက်ပြီး လူကြီးနည်းနည်းဆန်ချင်နေသော ဟာန်နီကို နည်းနည်းရှိန်သလို ကြောက်သလို ဖြစ်မိလေသည်။

ထို့အတူ အန်တီမေ့ကိုလည်း ဘာကြောက်မှန်းမသိ ခေါ်ပြောရမှာ ရွံ့တွံ့တွံ့ ဖြစ်နေမိလေသည်။ သို့သော် အန်တီမေသည် သူမအား ကြင်နာစွာဆက်ဆံ၏။ အန်တီမေမှာ အပြောအဆို အလွန်သိမ်မွေ့ကာ လျှို့ဝှက်သိပ်သည်းစွာ နေထိုင်တတ်သူလည်းဖြစ်၏။

သူမတို့မိသားစုနှင့် နုနု၏ စတင်တွေ့ဆုံမှုမှာ ထင်ထားသည်ထက် ပိုမိုအေးဆေးကာ အံ့သြစရာလည်း ဘာမှမတွေ့ရချေ။

သို့သော် မိသားစုအားလုံးသည် ခုမှတွေ့ရသော သူစိမ်းကလေးမလေးအား ရင်းနှီးနွေးထွေးစွာ ခေါ်ပြောဆက်ဆံခြင်းမှာ အလွန်အံ့သြဖွယ် ကောင်းလှသည်။



ထိုနေ့က ညနေစာစားကြသောအခါ ဟာန်နီနှင့် အေမီမှာ သူမိဘနှစ်ပါးကဲ့သို့ပင် ဇွန်းနှင့်ခက်ရင်းကို ကျွမ်းကျင်စွာ ကိုင်တွယ်စားသောက်တတ်သော်လည်း နုနုမှာ လက်နှင့်သာ စားတတ်သောကြောင့် ကသိကအောက်ဖြစ်ရလေသည်။ထိုအခါမျိုးတွင် အန်တီမေက အသားများကို နွှင်ပြီး ပန်းကန်ထဲထည့်ပေးကာ

"သူတို့စားတာကို လိုက်ကြည့်ထား၊ နောက်ဆို အဲဒီလို အမြဲစားရမယ်"

ဟုပြောလေသည်။ ထိုအခါ အေမီသည် သူမ မည်မျှကျွမ်းကျင်ကြောင်း ပြလိုသည့်အနေနှင့် မဆီမဆိုင် ထမင်းဝိုင်းမှထသွားကာ ဇွန်းထည့်သော ဗူးရှည်လေးအတွင်းမှ တူတစ်စုံယူလာကာကြာဇံသုတ်ကို တူနှင့်စားပြသောအခါ နုနုမှာ တမေ့တမော လိုက်ငေးကြည့်မိတော့၏။ ထိုအချိန်၌ အစ်ကိုကြီးနှင့် အန်တီမေမှာ သူမတို့နှစ်ယောက်ကို ကြည့်၍ ပြုံးစေ့စေ့လုပ်နေကြလေသည်။

အေမီသည် ဆရာကြီးလုပ်လိုသည့် အရိပ်အယောင်ရှိသည်မှလွဲ၍ အလွန်သဘောမနော ကောင်းသူလေးဖြစ်၏။ ဟာန်နီလို လူကြီးပုံစံနှင့်လည်း မနေတတ်ချေ။ ညစာစားပြီးသောအခါ အေးစိမ့်နေသော ရေခဲရေကို သူမနှစ်ခွက်တိတိ သောက်ဖိစ်လိုက်သောအခါ ဟာန်နီက

"အို ဘုရားသခင်"

ဟု အလန့်တကြား ရေရွတ်ရင်း တစ်စုံတစ်ခုသည် သူမမှာ ညည့်ခန်းထဲက တီဗွီအကြီးကြီးဆီသို့သာ အာရုံရောက်၍ ဟာန်နီ ဘာပြောလိုက်သည်ကို မကြားရတော့ချေ။ အေမီသည် သူမ တီဗွီ

www.burmeseclassic.com



ကြည့်ချင်နေသည်ကို ရိပ်မိ၏။ တီဗွီရှေ့သို့သွား၍ အခွေတစ်ခွေ ထည့်ကာ သွက်လက်စွာပင် ဖွင့်လေသည်။

"ဟော ... ယူ၊ မစ်ကီမောက် ကြိုက်လား"

သူမမစ်ကီမောက်ကို မသိပါ။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် အတိုင်း ခေါင်းခါလိုက်ပြီး ....

"မကြိုက်ဘူး တခြားဟာဖွင့်"

"ဒေါနယ်ဒက် ရော"

လာပြန်ချေပြီ နောက်တစ်မျိုးဟု တွေးလိုက်မိ၏။ ဒေါနက် ဒက်ဆိုသည့် မင်းသား သူမကြားဖူးပါ။ အင်္ဂလိပ်မင်းသားပဲ ဖြစ်မည် ဟု ထင်လိုက်မိသည်။

"ဟင့်အင်း"

"ဒါဆို ကြောင်နဲ့ကြွက်ပဲ ကြည့်ကြတာပေါ့"

ဒီတစ်ခါတော့ ငြင်းနေလို့မဖြစ် ဘယ်လိုမင်းသား မင်းသမီး ပဲ ထွက်လာထွက်လာ ကြည့်လိုက်ရုံပဲဟု စိတ်ပိုင်းကာ ခေါင်းညိတ် လိုက်ရတော့၏။ မင်းသားမင်းသမီးလား ဇာတ်ကားနာမည်လား မကွဲပြားသော ထိုကြောင်နှင့်ကြွက်ကို ကြည့်ရန်အားယူနိုက် ...

"သမီးရေ စပျစ်သီးလာစားလှည့်"

ဟူသော အန်တီမေ့အသံကို ကြားလိုက်ရသည်။ ထို့အတူ ထမင်းစားခန်းထဲမှ ဘဲဥပုံ ဖိုင်ဘာပန်းကန်နှင့် စပျစ်သီးများထည့် ယူလာသော အန်တီမေ့ကိုပါ တွေ့လိုက်ရ၏။ အေမီက သင့်(ခ်)ယူ



မာမီဟု သွက်လက်စွာ ပြောလိုက်လေသည်။

"စား သမီးလည်းစား ကြိုက်လား"

သူမခေါင်းညိတ်ပြလိုက်သည်။ သမီးဟူသော အခေါ်အဝေါ် သည် သူ့ရင်ထဲ ငြိမ့်ခနဲဖြစ်သွားစေ၏။

ဘာကြောင့်ရယ်မသိ။ ဒေါက်တာမြင့်နိုင်ကိုတော့ အစ်ကို တစ်ယောင်လိုသာချစ်ပြီး အန်တီမေ့ကို မိခင်တစ်ယောက် ဖြစ်စေ ချင်သည်။

"သမီးကြီး ဟန်နီရော"

"စာသွားကျက်နေတယ် ဒယ်ဒီ"

"ဪ ... အေး အေး"

ဒေါက်တာမြင့်နိုင် အခန်းထဲဝင်သွားမှ အေမီ့နားသို့ သူကပ် ကာ

"ကျောင်းပိတ်ထားတယ် မဟုတ်လား မမဟန်နီက ဘာစာတွေသွားကျက်တာလဲ"

ဟု တိုးတိုးလေး မေးလိုက်မိသည်။

"ကျောင်းပိတ်ပေမယ့် ကျူရှင်တက်ရတယ်လေ ပြီးတော့ မမက စပီကင်လည်း တက်တယ်"

"စပီကင်က ဘာလဲဟင်"

အေမီက စပျစ်သီးအစေ့ကို နှုတ်ခမ်းဖေးချွန်ပြီး ထွေးထုတ် ကာ ...

www.burmeseclassic.com



"ဒါတောင် မသိဘူးလား အင်္ဂလိပ် စကားပြောသင်တာကိုပြောတာ"

"သြော် … အေမီရော တက်လား"

"ဟင့်အင်း မမလို တီချာနဲ့မသင်ဘူး၊ ချာ့(ချ်)က ဖာသာကြီးသင်ပေးတယ်၊ နောက်ဆို ယူလည်းတက်ရမှာ"

သူမ ဝမ်းသာသွားမိသည်။ သူတို့တွေ စကားပြောတိုင်း အင်္ဂလိပ်လို ရောညှပ်ပြောတာ အလွန်နားထောင်ကောင်းလေသည်။

"ငါ့ကို ယူ့,ယူလို့ မခေါ်ပါနဲ့ဟယ်၊ နုနုလို့ပဲ ခေါ်ပါ"

"အိုကေလေ ယူ့သဘောပဲ၊ အဲ ဆောရီး နုနုသဘောပဲ"

အေမီသည် ပြောပြီးခစ်ခနဲရယ်လိုက်လျှင် သူမပါ ရောယောင်ပြီး ရယ်မိလေတော့၏။

"ဒါနဲ့ ကြောင်နဲ့ကြွက်မဖွင့်တော့ဘူးလား"

"သြော် ဟုတ်သားပဲ၊ စပျစ်သီးဆီ စိတ်ရောက်နေတာနဲ့ မေ့သွားတယ်"

သူမသည် ပြောပြောဆိုဆို တီဗွီကိုပြေး၍ ဖွင့်လိုက်လေသည်။ ထိုအခါ တီဗွီထဲတွင် သူမျှော်လင့်နေသော မင်းသားမင်းသမီးများမဟုတ်ဘဲ ကာတွန်းရုပ်ကလေးများသာ ထွက်လာသောကြောင့် ဘယ်လိုပါလိမ့်ဟု နှုတ်ကဖွင့်ပြောမိမတတ်ပင် ဖြစ်သွား၏။ သို့သော် သူမနှုတ်မှ တစ်စုံတစ်ရာဖွင့်မပြောတော့ချေ။ ထိုကာတွန်းကားကို ပထမတော့ ဘာမှန်းနားမလည်သော်လည်း အတော်အတန်ကြည့်မိ



သောအခါ ကြောင်နှင့်ကြွက်ကို သဘောကျလာမိလေသည်။

"ကြိုက်လား"

"အင်း"

"အေမီလည်း ကြိုက်တယ် မစ်ကီမောက်လည်း ကောင်းတာပဲ ဘာဖြစ်လို့မကြိုက်တာလဲ"

"အင်း အဲ ဒီဟာလောက်မကြိုက်ဘူး"

သူမ တစ်ခါမျှ ကာတွန်းဇာတ်လမ်းမကြည့်ဖူးကြောင်းကို ဝန်မခံချင်ပေ ။

"ပင်ဂွင်းကားရောရှိတယ် ကြည့်မလား"

"နေပါစေတော့ ဒီဇာတ်လမ်းကောင်းနေသားပဲ"

"အေမီ ဒီအခွေကို ခဏ ခဏကြည့်ပြီးပြီ ယူ အဲ နုနုကြည့်မယ်ဆို မာမီ့ကို အခွေသစ်ထပ်ဝယ်ခိုင်းရမယ်"

ထိုစဉ် အခန်းထဲမှ ဒေါက်တာမြင့်နိုင်ထွက်လာကာ

"ဟော အေမီ မအိပ်သေးဘူးလား သမီး"

"အစောကြီးရှိသေးတယ် ဒယ်ဒီရဲ့"

"ကလေးရော မအိပ်ချင်သေးဘူးလား"

သူမပြုံးရင်း ခေါင်းရမ်းပြလိုက်သည်။ ဒီညဘယ်သူနဲ့ အိပ်ရမှာလဲဟု မေးလိုက်ချင်သည်။ သို့သော် မမေးဝံ့သောကြောင့် အသာငြိမ်နေလိုက်သည်။ အေမီတို့ကရော ဘယ်သူနဲ့ အိပ်မှာပါလိမ့် သူ့အမေအမေတွေနဲ့ အိပ်ကြမှာလား၊ ဒါဆို သူမကဘယ်သူနှင့် အိပ်ရမှာပါလိမ့်ဟု တွေးကာ စိုးရိမ်စိတ်လေးဖြစ်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘယ်သူနဲ့အိပ်ရမလဲဟင်"

ထိုသို့ မေးလိုက်သောအခါ အေမီသည် ပါးစပ်ကိုလက်ဝါးနှင့်ကာ၍ ခစ်ခနဲရယ်လေတော့၏။

"အေမီ သမီးက မမနဲ့သွားအိပ်လိုက် သမီးအခန်းနုနုကိုပေးလိုက်"

ထိုခဏတွင် အေမီသည် အလိုမကျသလို မျက်မှောင်ကျုံ့သွားလေသည်။ သို့သော်

"ဟုတ်ကဲ့ ဒယ်ဒီ"ဟု သွက်လက်စွာ ပြန်ပြောလိုက်လေတော့၏။ ထို့နောက် သူ့အဖေထွက်သွားသောအခါ သူမဘက်သို့လှည့်၍

"မမနဲ့ သွားအိပ်ရမှာ စိတ်ပျက်ဖို့ကောင်းတယ်"

ဟု ဆိုလေသည်။

"ဘာဖြစ်လို့လဲ အေမီ"

"သူက အရမ်းအအိပ်ဆိုးတယ် သူနဲ့အိပ်ရင် ကုတင်ပေါ်ကပြုတ်ကျတာပဲ"

"ဒါဆို ငါနဲ့ အတူတူအိပ်လေ"

"ဟင့်အင်း ကုတင်က တစ်ယောက်ပဲ အိပ်လို့ရတယ်"

"မမဟန်နီ အခန်းကရော"

"သူ့ကုတင်က နှစ်ယောက်တော့ အိပ်လို့ရပါတယ်"

အေမီကို သူမ,သနားသွားမိသည်။ သူတို့ ဘာသာသူတို့



နေလာတာ ငါရောက်မှ ဟိုရွှေ့ဒီပြောင်းနဲ့ ဒုက္ခရောက်ရတော့မယ်ဟု တွေးပြီး စိတ်မကောင်းဖြစ်မိပြန်၏။

"ဒီလိုဆို သူ့အခန်းမှာ ငါတို့သွားအိပ်မယ်လေ မမဟန်နီကို အေမီ့အခန်းမှာ အိပ်ခိုင်းပေါ့"

"မမက,လဲမှာမဟုတ်ဘူး သူ့အခန်းထဲမှာ သူ့ပစ္စည်းတွေ စာအုပ်တွေနဲ့ ပြောင်းဖို့သိပ်မလွယ်ဘူး"

"ဒါဆိုလည်း ငါနဲ့ပဲ အိပ်ပါလားဟယ်"

အေမီသည် နှာခေါင်းကို ချစ်စဖွယ်ရှုံ့ပြလိုက်ပြီး

"အဲဒါဆို ငါကန်တာနဲ့ နင်ပြုတ်ကျမှာဘဲ"

ဟု ပြောလိုက်လေ၏။ ထိုညတွင် အေမီသည် သူမ၏ အစ်မအခန်းသို့ သွားအိပ်သောကြောင့် နုနုမှာ အခန်းထဲတွင် တစ်ယောက်တည်း အိပ်လိုက်ရလေတော့သည်။

နောက်တစ်နေ့ မနက်မိုးလင်းသောအခါ အေမီနှင့် ဟန်နီမှာ မနေ့ညက ဝတ်ထားသော အဝတ်အစားများနှင့် မဟုတ်ဘဲ အကျီ ဘောင်းဘီ ဆင်တူကလေးများနှင့် အိပ်ခန်းထဲမှ ထွက်လာကြသည် ကို တွေ့လိုက်ရလေ၏။

"ဟဲ မျက်နှမသစ်သေးဘူးလား"

"ဘယ်မှာသစ်ရမလဲ"

"လာ လိုက်ခဲ့၊ ငါပြမယ်"

ပြောပြောဆိုဆို အေမီက သူမလက်ကိုဆွဲ၍ အခန်းတသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆွဲခေါ်သွားသည်။ ယင်းနောက် နံရံမှာ တညီတည်းဖြစ်နေသော တံခါးပေါက် နှစ်ခုအနက် တစ်ခုကိုဆွဲဖွင့်ကာ နံရံမှ မီးခလုတ်လေးကို ထောက်ခနဲနှိပ်ဖွင့်လိုက်ပြီးလျှင်

"ဒီထဲမှာ ရေချိုးလို့လည်းရတယ်၊ မျက်နှာလည်း ဒီမှာပဲ သစ်ရမယ်"

"ဪ ... ဟို၊ ဆားနည်းနည်းလောက်"

"ဆား၊ ဆားက ဘာလုပ်ဖို့လဲ"

"သွားတိုက်ဖို့လေ"

"ရှစ်(ထ်)၊ ဆားနဲ့သွားတိုက်ရင်း ငကုန်မှာပေါ့၊ ရော့ဒီမှာ သွားပွတ်တံအသစ်၊ ဒီမှာသွားတိုက်ဆေး၊ ဒါနဲ့ တိုက်ရတယ်"

အေမီက သွားပွတ်အမျှင်များပေါ်သို့ သွားတိုက်ဆေးကိုညှစ်ချကာ

"ဒီလိုတိုက်"

ဟုဆိုပြီး လက်ဟန်ခြေဟန်လုပ်ပြကာ ကမ်းပေးလေသည်။ သူမက ရယ်ရင်း လှမ်းယူလိုက်သည်။

"ငါသိပါတယ်ဟယ်"

"သိရင် ဘာလို့ ဆားနဲ့တိုက်မယ်ပြောလဲ"

"ငါ့မှာ သွားပွတ်တံပါမလာခဲ့လို့ သူများဟာနဲ့မတိုက်တတ်လို့"



"ဪ ဒီလိုလား၊ ငါလည်းဒီလိုပဲ သူများသွားပွတ်တံ မသုံးဘူး၊ ဒယ်ဒီကလည်း ပြောတယ်၊ မသုံးနဲ့တဲ့ ပိုးကူးတတ်တယ်တဲ့ နင်တို့ဒယ်ဒီကရော၊ မှာထားသလား"

"ဟင်"

"အိုး ဆိုးဆောရီး နင့်မှာ ဒယ်ဒီမှမရှိဘဲ ငါမေ့သွားတယ်"

ဒေါက်တာမြင့်နိုင်သည် သူမအကြောင်းကို ဤအိမ်တွင် ကြိုပြောထားဟန်ရှိလေသည်။ ထို့ကြောင့် အားလုံး သူမကို ဂရုဏာသတ်သည့် အကြည့်နှင့်သာကြည့်ပြီး ကြင်ကြင်နာနာ ဆက်ဆံကြောင်း နားလည်လိုက်မိ၏။

သို့သော်သူမအဘာယ်ကြောင့် ဒေါက်တာမြင့်နိုင်အား အစ်ကိုကြီးဟု ခေါ်ရသည်ကိုမူ နားမလည်နိုင်ချေ။

"မြန်မြန်လုပ်၊ ဘရိတ်ဖတ်စားဖို့ စောင့်နေကြပြီ"

အေမီက သူမအား မြန်မြန်လုပ်ရန် လောဆော်လေသည်။ ထို့ကြောင့် သနပ်ခါးပင်မလိမ်းနိုင်ဘဲ ထမင်းစားခန်းထဲသို့ လိုက်ခဲ့ရတော့၏။ မနက်အဆာပြေစာကို အိမ်မှာ ထမင်းကြမ်းနှင့် ညကကျန်သော ဟင်းကိုသာ စားသောက်ခဲ့ရသော သူမအတွက် ပေါင်မုန့်မီးကင်နှင့် ကော်ဖီပန်းကန်များကို တွေ့ရသောအခါ အံ့သြဝမ်းသာဖြစ် သွားရလေသည်။

"စားနော်ကလေး ဗိုက်ပြည့်အောင်စား"

အစ်ကိုကြီးသည် ကိတ်မုန့်ပန်းကန်ကို သူမရှေ့သို့ တိုးပေး

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒီမနက် ထမင်းထပ်စားရဖို့ လမ်းမမြင်သဖြင့် ကိတ်မုန့်နှင့် **ကော်ဖီ**ကို အဝစားပစ်လိုက်သည်။

“ဟန်နီ၊ ညီမလေးကိုကြည့်စမ်း၊ သူကောင်းကောင်းစားနိုင်တယ်၊ သမီးစားတာသောက်တာ ဒယ်ဒီ အားမရဘူး၊ များများစားမှ ကျန်းမာရေးကောင်းမှာ”

ပိုးဟပ်ဖြူလို ပိန်ဖျော့နေသော **မမဟာန်နီ**က သူမဘက်သို့ လှမ်းအကြည့်တွင် ဘာကြောင့်မှန်းမသိ ရှက်သွားမိသည်။

ထို့ကြောင့် ကော်ဖီကို တစ်ဝက်ပဲသောက်ပြီး ပြန်ချထားလိုက်၏။ မမဟာန်နီသည် အစားအသောက် ချေးများပြီး အနည်းငယ်သာ စားတတ်သည်။ အေမီကတော့ သူလိုပင် ဘာပဲဖြစ်ဖြစ် အကုန်စားပြီး အစားပုပ်သူဖြစ်သည်။

ကော်ဖီသောက်ပြီးသောအခါ ဒေါက်တာမြင့်နိုင်သည်နာရီကို တစ်ချက်ကြည့်ရင်း …

“မေ ကိုယ်သွားမယ်၊ ဒီနေ့မြို့ထဲသွားရင် ကလေးတွေခေါ်သွားပြီး ဝယ်စရာရှိတာ ဝယ်နော်”

အန်တီမေက ဘာမှမပြောဘဲ ခေါင်းညိတ်ပြလေသည်။

“အေမီနဲ့ နုနုကို ကျူရှင်အပ်လိုက်ရင် ကောင်းမလား”

“ကလေးတွေ လွှပ်လွှပ်လပ်လပ် နားပါစေဦး ကိုရယ်၊ သကြံန်ပြီးမှ တက်ခိုင်းတာပေါ့”

ခေါင်တာမြင့်နိုင်က ခေါင်းတစ်ချက်ညိတ်ပြီး ကုလားထိုင်မှ



ထသည်။ အန်တီမေနှင့် မမဟာန်နီလည်း နေရာမှထကာ ဒေါက်တာမြင့်နိုင်နောက်သို့ တန်းလိုက်သွားကြသည်။

ဆေးရုံသွားတော့မည်ဖြစ်၍ လိုက်နှုတ်ဆက်တာဖြစ်ကြောင်း သူသဘောပေါက်လိုက်၏။

“အေမီ အစ်ကိုကြီးသွားတော့မယ် ထင်တယ်၊ နင် လိုက်မပို့ဘူးလား”

အေမီက ပါးစပ်ထဲမှ ဝါးလက်စမုန့်ကိုမျိုချပြီး …

“ဟင့်အင်း လိုက်ပို့ရတာ ပျော်ဖို့မကောင်းဘူး၊ **ပြန်လာမှ** ထွက်ကြိုရတာ ပျော်စရာကောင်းတာ၊ **မယုံရင် ညနေငါနဲ့** အတူတူလိုက်ကြိုကြည့်”

သူမပြောတာဟုတ်သလိုလိုပဲ ဟုစဉ်းစားလိုက်မိ၏။ သို့သော် အစ်ကိုကြီးအလုပ်သွားတာ သူကြည့်ချင်သေးသည်။

ထို့ကြောင့် နေရာမှထကာ အိမ်ရှေ့ခန်းသို့ အပြေးအလွှားထွက်ခဲ့၏။ ထိုအချိန်တွင် ဒေါက်တာမြင့်နိုင်မှာ ကားပေါ်သို့ပင် ရောက်နေချေပြီ။ အန်တီမေက လက်ထဲမှ လက်ဆွဲအိတ်အနက်ကို ကားထဲသို့ ထည့်ပေး၏။ မမဟာန်နီက မလှမ်းမကမ်းတွင် ရပ်ရင်း လက်ပိုက်ကြည့်နေသည်။

သူမတစ်ယောက်သာ ဘယ်နားသွားရပ်ရမှန်းမသိဘဲအိမ်ရှေ့သံဘာကျာတံခါးနားတွင်ရပ်ကာ အစ်ကိုကြီးကို ငေးနေမိ၏။ ကားစက်နှိုးအပြီးတွင် ဒေါက်တာမြင့်နိုင်သည် အိမ်ဘက်သို့ တစ်ချက်ငေးကြည့်

www.burmeseclassic.com



ရာ သူမမျက်လုံးများနှင့် သွားဆုံမိကြလေသည်။ သူမရင်ထဲ ထိန့်ခနဲ ဝမ်းသာသွားသည်။

အစ်ကိုကြီးက သူမအားပြုံးရင်း လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်သည်။ သူမလည်း လက်ကလေးထောင်ပြရင်း ပြုံးလိုက်မိ၏။ ရင်ထဲတွင် မတော်တစ်စုံတစ်ခု လစ်ဟာသွားသလို နင့်သွားမိသည်။ အလိုလိုနေရင်း အားငယ်သလိုလည်း ဖြစ်လာမိလေသည်။

သို့သော် အန့်တီမေဓာ သူမအနီးလာရပ်ပြီး ပုခုံးကိုဖက်လိုက်ရိုန်တွင် ထိုစိတ်သည် ရုတ်ချည်းလွင့်ပျယ်သွားကာ အန့်တီမေ၏ နုညံ့နွေးထွေးသော လက်များကို ပြန်လည်ဆုပ်ကိုင်ထားလိုက်မိတော့၏။



"အမလေး ဘယ်လိုရုပ် ပေါက်နေမှန်းလဲ၊ မသိပါဘူး၊ ဗိုက်ကလည်းပူ နှုတ်ခမ်းကလည်းထော်ပြီး အင်္ကျီပဲ ဝတ်ထားတယ်၊ ဟိ ဟိ ရယ်စရာကြီး"

ရှိုးကေ့စ်ပေါ်မှာတင်ထားသော အဝါရောင်ရုပ်လေး နှစ်ရုပ်ကိုကြည့်ပြီး ပြောလိုက်ခြင်းဖြစ်၏။ လက်တစ်ဖက်က ခါးကိုထောက်ရင်း အရုပ်ကို ရန်တွေ့သလိုခြေဟန်လက်ဟန်နှဲ့ပြောနေသော နနမှာ နောက်ကဝင်လာသော အမေ့ကို မမြင်ချေ။

"ဟိတ်"

"ဘုရားသခင်"

"ဟား ဟား လန့်သွားလား၊ တစ်ယောက်တည်း ပွစိပွစိနဲ့ ဘာတွေပြောနေတာလဲ"

သူမက တစ်ချက်ပြုံးလိုက်ပြီး ရှိုးကေ့စ်ပေါ်မှာတင်ထားသောအရုပ်ကလေးကို မေးငေါ့ပြလိုက်သည်။

"ဩော် သူ့ကို သဘောကျလို့လား အဲဒါ Pooh လေ၊ ပြီးခဲ့တဲ့နှစ် ခရစ္စမတ်တုန်းက ဒယ်ဒီပေးထားတာ၊ မမနဲ့ ငါ့အတွက်၊ ငါတို့နှစ်ယောက်လုံး ဒီကောင့်ကို သိပ်ချစ်တာ"

"ဟုတ်လား"

အမေ့စကားကို သူ ခေါင်းညိတ်နားထောင်ရင်း တစ်ပတ်ဘားပွဲမှာ တင်ထားတဲ့ဓာတ်ပုံကို အမှတ်မထင် လှမ်းကြည့်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရောင်စုံပွင့်ခတ်များကြားမှာ နုပျိုလှပသော မိန်းမတစ်ယောက်၏ နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ပွင့်ကို တွေ့လိုက်ရသည့်ခဏ သူမ၏စိတ်အစဉ်သည် **ရုတ်တရက်** ရီဝေမှိုင်းပြသွားခဲ့၏။

သေသေချာချာကြည့်ပါက **ဓာတ်ပုံ**ထဲမှ မိန်းမသည် ပြုံးနေသော်လည်း မျက်လုံးများက ကြေကွဲရိပ်သမ်းနေသည်ကို မြင်နေရသည်။ ဒါဟာတစ်ချိန်က သူမ၏မျက်လုံးများ သူမ၏ အပြုံးများဖြစ်ခဲ့ဖူးသည်။ ယခုတော့ ပြန်မြင်တွေ့ရသည့်ပုံရိပ်မှာ ထိတ်လန့်ကြေကွဲဖွယ် အသွင်သဏ္ဌာန် ဖြစ်နေပေပြီ။

"ဟဲ ဘာတွေငေးနေတာလဲ၊ နင် ဒီအရုပ်ကို သဘောကျလို့လား"

အမေ့အသံကြောင့် သူမတွေးစပြတ်သွားရသည်။ ဓာတ်ပုံဆီမှအကြည့်ကိုဖယ်ခွာကာ အရုပ်လေးကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"တကယ်ကြိုက်တာ သေချာလား"

အမေကမျက်ခုံးကို ဟန်ပါပါပင့်ရင်း လက်ကလေးထောင်ပြီး မေးပြန်သည်။ ချစ်ဖို့ကောင်းသလို ရယ်စရာကောင်းသော အရုပ်လေးကို တစ်ချက်ပြန်ကြည့်လိုက်၏။ ကိုယ်လုံးအဝါရောင်ပေါ်မှာ အကျိအနီရဲရဲ ခါးတိုနှင့် ဗိုက်တစ်ဝက်ပေါ်နေသော အရုပ်လေးမှာ အလွန်နှစ်သက်ဖွယ် ကောင်းသည်။

သူ့ကိုပွေ့ဖက်ထားရရင် သိပ်ကောင်းမှာပဲဟု ထင်မိ၏။



"တကယ်ကြိုက်တာပေါ့"

အမေက ခေါင်းတစ်ချက်ညိတ်ပြီး ရှိုးကေ့စ်ပေါ်က အရုပ်နှစ်ခုကို ခြေဖျားထောက်ပြီး လှမ်းယူသည်။

"နင် တကယ်ကြိုက်တာသေချာရင် ငါအခန်းထဲယူသွားပြီး သိမ်းတော့မလို့၊ တော်ကြာ နင် ယူဆော့နေရင် ညစ်ပတ်ကုန်မှာပေါ့၊ မဟုတ်ဘူးလား"

ပြောပြောဆိုဆို အမေက ပုခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြရင်း အရုပ်နှစ်ခုကို ဘယ်ညာခါးစောင်းတင်ကာ သူမရှေ့မှ လှည့်ထွက်သွားတော့၏။

"ခွေးစုတ်မလေး"

အမေ့ကို သူခပ်တိုးတိုးဆဲရေး ပစ်လိုက်သည်။ အမေက တစ်ခါတစ်လေ အဲဒီလို ကြဲကြဲဖန်ဖန် အူတိုတတ်သူလည်း ဖြစ်၏။ အရုပ်လေးကို သူမယူဆော့မည်ဟု ထင်ခြင်းသည် **အမေ၏ အတွေး**တိမ်မှုတစ်ခုသာဖြစ်သည်။ သူမ ထိုအရုပ်ကို နှစ်သက်ရုံကလွဲပြီး ယူပြီးဆော့ကစားဖို့အထိ စိတ်ကူးပင် မရှိချေ။ ကလေးတစ်ယောက်လို ကစားရခြင်းသည် သူနှင့်ဘယ်တုန်းကမှ သက်ဆိုင်သည်လည်း မဟုတ်ခဲ့ချေ။

သူမအရုပ်ကလေးထားရာ ရှိုးကေ့စ်ပေါ်မှ နေရာလွတ်လေးကိုကြည့်ရင်း သက်ပြင်းချလိုက်မိ၏။

"ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



သူမနောက်မှ ဘယ်အချိန်ကရောက်နေမှန်း မသိသော အစ်ကိုကြီးကို ရုတ်တရက် တွေ့လိုက်ရသည်မို့ အံ့သြသွားမိသည်။

"အစ်ကိုကြီး အားလုံးကြားလိုက်ပါတယ်၊ ညီမလေး အဲဒီ အရုပ်ကလေးကို လိုချင်လို့လား"

သူမခေါင်းရမ်းပြလိုက်သည်။ အစ်ကိုကြီးက ပြုံးရင်း သူမ မေးစေ့လုံးလုံးလေးကို ဆွဲမော့ကာ ...

"ပြောစမ်း ညီမလေး၊ အဲဒီအရုပ်လေးကို သဘောကျရက်နဲ့ အားနာလို့ ခေါင်းရမ်းတာ မဟုတ်လား"

"ဟင့်အင်း မဟုတ်ဘူး၊ ညီမလေး အဲဒီအရုပ်ကို သဘောကျပေမယ့် မလိုချင်ပါဘူး၊ ညီမလေးက အရုပ်နဲ့ကစားရတာလဲ ဘယ်တုန်းကမှ ဝါသနာမပါခဲ့ဘူး"

အစ်ကိုကြီးက သူမခေါင်းကို ဖွဖွပုတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်သည်။

"သိပ်လိမ္မာတဲ့ကလေး၊ အစ်ကိုကြီးညီမလေးဟာ ကလေးတစ်ယောက်ပြန်ဖြစ်သွားတာကလွဲရင် ဘာမှမပြောင်းလဲပါဘူးကွယ်၊ ဘာပဲဖြစ်ဖြစ် လူကြီးတစ်ယောက်လို ဟန်ဆောင်မှုသိပ်တတ်တာ၊ အားနာလိုက်လျောတာတွေက အရင်အတိုင်းပဲ"

သူ့သမီးကြီး ဟန်နီမှာ ကိုးတန်းကျောင်းသူပင်ဖြစ်သော်လည်း ဤကလေးမလောက် အတွေးအခေါ် စိတ်သဘောထား ဘာ တစ်ခုမှ မပြည့်ဝချေ။ ယခုအချိန်ထိ ညီမလုပ်သူနှင့် ရန်ဖြစ်ချင် ဖြစ်တတ်သည်။ စိတ်ကောက်ချင် စိတ်ကောက်နေတတ်သူ ဖြစ်၏။



ယခုလည်း သူမအား အခန်းသီးသန့်ပေးခြင်းကို မကျေနပ်ကြောင်း 'အသံမထွက်ဘဲ' အမူအရာနှင့် ကန့်ကွက်သည်။

"သေသေချာချာ တွေးကြည့်ရင် သူတို့က ညီမလေးရဲ့ တူမတွေပဲ နေရာတကာ သူတို့နဲ့လိုက်တုရင် ညီမလေးက အစ်ကိုကြီးညီမ၊ သူတို့ အဒေါ်ဘယ်ဟုတ်တော့ မလဲနော်"

"မှန်တာပေါ့ ညီမလေးရယ် ညီမလေးက ကလေးတွေရဲ့ အဒေါ် အစ်ကိုကြီး ညီမလေးပဲပေါ့"

သူတို့နှစ်ယောက်လုံး ပီတိနှင့် လှိုက်လှဲစွာ ပြုံးလိုက်မိတော့၏။

www.burmeseclassic.com



အားလုံးက သူမကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်သော အခါ သူမ မနေတတ်သလို ဖြစ်နေမိ၏။ ခပ်ကဲကဲ ကလေးများက ဆိုလျှင် အေမီအား သူမနှင့်မိတ်ဆက်ပေးရန် ပြောကြသည်။

"ဟေ့ အေမီ၊ ဒါ ... ယူ့သူချင်းအသစ်လား၊ တို့တွေနဲ့ မိတ်ဆက်ပေးဦးလေ"

အေမီက သူမဘက်သို့ ခပ်ပြုံးပြုံးလှည့်ကြည့်ရင်း ...

"သူငယ်ချင်း အင်း သူငယ်ချင်းတော့ မဟုတ်ဘူး၊ သူက တို့အိမ်မှာလာနေတာလေ"

"ဒါဆို အမျိုးပေါ့"

အေမီက မျက်ခုံးလေးကျုံ့ရင်း တစ်စုံတစ်ခုကို အပြင်း အထန် စဉ်းစားသလို လုပ်နေသည်။

စပ်စုသောစူးစူးစမ်းစမ်း မျက်လုံးလေးများက သူတို့နားမှာ ဝိုင်းဝိုင်းလည်နေ၏။

"အမျိုးလို့ပဲ ပြောလိုက်ပါ အေမီ"

သူမ အေမီနားသို့ တိုးကပ်ရင်း ခပ်တိုးတိုးပြောလိုက်သည်။ သို့သော် အေမီ သူမစကားကို လုံးဝနားမထောင်ပါချေ။

"သူက ငါ့ဒယ်ဒီမိတ်ဆွေရဲ့သမီး သူ့ကို ဒယ်ဒီက အိမ်မှာ နေဖို့ခေါ်လာတာ"

အေမီ့စကားကြောင့် သူမ အတော်လေးစိတ်မကောင်း ဖြစ် သွားမိသည်။ အေမီက သူပြောတာဘာမှားလို့လဲဟူသော အကြည့်နှင့် ခပ်စူးစူး ပြန်ကြည့်၏။ သူမ ခေါင်းငုံ့ထားလိုက်သည်။



"သြော် ဒါဆို၊ သူက ယူတို့အိမ်မှာကပ်နေတာပေါ့ သူ့မှာ မိဘတွေ မရှိတော့ဘူးလား"

ထိုအခါတွင် အေမီက

"အဲဒါတော့ ထို့လည်းမပြောတတ်ဘူး ယူတို့က သိပ်စပ်စု တာပဲ"

ဟု မျက်နှာထားတင်းတင်းနှင့် ဘု ပြောလွှတ်လေတော့ သည်။ ထို့နောက် တခြားကောင်ကလေး၊ ကောင်မလေးများ မရှိတော့ သည့်အခါမှ ...

"နင့်ကို ငါတောင်းပန်ပါတယ်နော်၊ ငါ သူတို့မေးလို့ပြော မိတာပါ၊ နင် ဒယ်ဒီ့ကို ပြန်မတိုင်ဘူး မဟုတ်လားဟင်"

ဟု ပြောလေသည်။ သူမပြုံးရင်း ခေါင်းရမ်းပြလိုက်သည်။

"ဘာဖြစ်လို့ တိုင်ရမှာလဲ၊ နင်ပြောတာ အမှန်တွေပဲဟာ ငါ စိတ်မဆိုးပါဘူး"

အေမီသည် အလွန် အကင်းပါးသော ကောင်မလေးပင်။

"နင် စိတ်မကောင်းဖြစ်နေတယ် မဟုတ်လား"

"ရပါတယ် ဘာမှမဖြစ်တော့ပါဘူး ငါတိုင်လည်း မတိုင်ပါ ဘူး"

"သင့်(ခ်)ယူ၊ နင်က သိပ်ပြီး ခင်ဖို့ကောင်းတယ်"

ထို့နောက် အေမီသည် သူမ၏ လက်ကိုဆွဲ၍ စာသင်ခန်း သို့ ဝင်ခဲ့လေတော့၏။

**ဇာတ်သိမ်း**

www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"ဘာလဲ သမီးရဲ့"

အေမီက မီးဖိုထဲတွင် ချက်ပြုတ်နေသော မိခင်ဖြစ်သူအနီးတွင် ပွတ်သီးပွတ်သပ်လုပ်ရင်း ကလေးလေးလို ချွဲနွဲ့နေသည်။

"ဟို နုနုက အေမီတို့နဲ့ ဘာတော်လဲဟင်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"ဟိုတစ်နေ့က ချာ့(ချ်)ကို နုနုနဲ့သွားတော့ သူငယ်ချင်းတွေက မေးတယ် နုနုနဲ့ အေမီတို့နဲ့ ဘာတော်လဲတဲ့၊ အဲဒါ အေမီက ဘာမှမတော်ဘူး ဒယ်ဒီ့မိတ်ဆွေရဲ့ သမီးလို့ ပြောလိုက်တယ် အဲဒါ ဟုတ်တယ်မို့လားဟင်"

"ဟုတ်တယ်လေ သမီးရဲ့၊ နုနုက သမီးတို့ဒယ်ဒီ့ မိတ်ဆွေရဲ့ သမီးပဲဟာ၊ သမီးပြောခဲ့တာ ဘာမှားလို့လဲ"

"ဒါပေမယ့် နုနုက အေမီအဲဒီလိုပြောတာ စိတ်မကောင်းဖြစ်သွားသလိုပဲ၊ ပြီးတော့ သူက အမျိုးတော်တယ်လို့ ပြောနိုင်းတယ်"

သမီးငယ်စကားကြောင့် သူမ မျက်ခုံးများ အလိုမကျစွာ တွန့်ချိုးသွားရသည်။

"သူက အဲဒီလိုပြောနိုင်းတယ်လား"

"ဟုတ်တယ် မာမီ၊ သူက အမျိုးတော်တယ်လို့ ပြောလိုက်တဲ့"



"ဟုတ်လား ဒါနဲ့ သူစာရောလိုက်နိုင်ရဲ့လား အင်္ဂလိပ်စကားပြောလေ"

"နုနုက အရမ်းဉာဏ်ကောင်းတယ်၊ သိလား၊ သူငယ်ချင်းတွေကတောင် သူ့ကိုအံ့သြနေကြတယ်၊ အရင်းက သူ အင်္ဂလိပ်စာ သက်သက်မသင်ဖူးဘူးဆိုပြီးတော့"

"ကဲပါ သမီးရယ်၊ သွား ရေချိုးချေတော့ စကားတွေများမနေနဲ့၊ ခဏနေလို့ သမီးဒယ်ဒီပြန်လာရင် ထမင်းစားကြတော့မှာ"

"ဟုတ်ကဲ့ ... မာမီ"

သမီးငယ်အေမီက သူမအားမှ လှစ်ခနဲ ပြေးထွက်သွားတော့၏။ သူမရင်ထဲ တစ်စုံတစ်ခုကို တင်းကျပ်လေးလံနေသလို ဖြစ်မိသည်။ ထို့အတူ သက်ပြင်းမောတစ်ချက်ကိုလည်း ခပ်ဖွဖွရှိုက် လိုက်မိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မေရေ ဒီနေ့ သမီးနှစ်ယောက်ကိုပဲ ဘုရားကျောင်း လွှတ်လိုက်တော့၊ ကိုယ် နုနုကို မြို့ထဲလိုက်ပို့ပေးဦးမယ်. သူ့ခမျာ ဒီရောက်ကတည်းက ဘယ်မှရောက်ဖူးတယ်မရှိ သေးဘူး"

ဒေါက်တာမြင့်နိုင်က ပြောပြောဆိုဆို အဝတ်အစား သွားလဲလေသည်။

"ကိုတို့ချည်းပဲ သွားမှာလား သမီးတို့ကို ခေါ်မသွားတော့ဘူးလား"

"သူတို့ ခဏ ခဏရောက်နေတာပဲ မခေါ်တော့ပါဘူး"

"ဒါဖြင့်လည်း ပြီးတာပဲ"

ပြောပြောဆိုဆို သူမခန်းထဲကထွက်လာတော့ အခန်းဝတွင်ရပ်နေသည့် နုနုမှာ ဘောအကွယ်တွင် အလန့်တကြားလေး ပုန်းနေလိုက်သည်။ မနေ့ကတည်းက အစ်ကိုကြီးက သူမအား မြို့ထဲလျှောက်လည်ကြမည်ဟု ပြောထားသောကြောင့် အိပ်ရာမှ အစောကြီးထကာ ပြင်ဆင်ထားခြင်းဖြစ်၏။ အခန်းဝတွင်ရပ်ရင်း အစ်ကိုကြီးအား ခေါ်မည်စိတ်ကူးတုန်း မျက်နှာထားတင်းတင်းနှင့် ထွက်လာသော အန်တီမေကို တွေ့လိုက်ရသောကြောင့် လန့်ပြီးပုန်းနေခြင်းဖြစ်သည်။

"ညီမလေး ဟာ၊ ဒီမှာ ဘာလုပ်နေတာလဲ"

"အစ်ကိုကြီးကို လာစောင့်နေတာ"

"သြော် ကဲ၊ အားလုံးပြင်ဆင်ပြီးသွားပြီလား ဒါဆို သွားမယ်လေ"



"အစ်ကိုကြီး ဟို အန်တီမေ"

"လာပါ ကားပေါ်ရောက်မှပြော၊ ဘာမှ အရေးမကြီးဘူး မဟုတ်လား"

အစ်ကိုကြီးက ပြောပြောဆိုဆို သူမလက်ကိုအတင်းဆွဲခေါ်လေသည်။ ကားပေါ်ရောက်တော့ အိမ်ဘက်ကိုတစ်ချက်ပြန်ကြည့်မိသေးသည်။ အန်တီမေတစ်ယောက် လုံးဝထွက်မလာ။ ဟန်နီနှင့် အေမီကတော့ အိပ်ရာမှနိုးဟန်မတူချေ။

"အန်တီမေနဲ့ အစ်ကိုကြီး စိတ်ဆိုးခဲ့သေးလားဟင်"

အစ်ကိုကြီးက ကားမောင်းရင်း သူမဘက်သို့လှည့် ကြည့်ပြီး

"မဆိုးပါဘူး ညီမလေးရဲ့ ဘာဖြစ်လို့လဲ"

"ဟို အန်တီမေ"

"အန်တီမေက သဘောမကောင်းဘူးလား၊ အေမီတို့ ဟန်နီတို့ကရော"

"ကောင်းပါတယ် အားလုံးသဘောကောင်းကြပါတယ်"

"အဲဒါဆိုလည်း ပြီးတာပဲပေါ့"

သူမစကားပင် မဆုံးလိုက်ရတော့။ အစ်ကိုကြီးက သူမအား တစ်စုံတစ်ရာကို ပြောစေချင်ပုံ၊ သိစေချင်ပုံမရချေ။ သူမတစ်ခုခု ပြောချင်နေမိ၏။ သို့သော် လှပကျယ်ဝန်းသော ကုန်တိုက်ကြီးတစ်ခုရှေ့သို့ ကားလေးထိုးဆိုက်သွားချိန်တွင် သူမစိတ်ကူးတွေ ပြောင်းလဲသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်တိုက်ပေါ်ဂို့ ဓာက်လှေကားဖြင့် တက်ရသောအခါတွင်လည်း သူမမှာ အသည်းတအေးအေးနှင့် ပါသွားရ၏။

အထဲတွင် အဝတ်အစား၊ ကစားစရာများနှင့် အမျိုးစုံလင်လှသော ပစ္စည်းများကို တွေ့သောအခါ သူမမှာ ရင်သပ်ရှုမောအံ့သြရတော့၏။ အခန်းထဲတွင် ပူအိုက်မနေဘဲ အေးစိမ့်မွှေးပျံ့နေလေသည်။

"လှတယ်နော် အစ်ကိုကြီး၊ ပျော်စရာလဲကောင်းတယ်"

"ဟိုအင်္ကျီလေး မလှဘူးလား၊ ညီမလေးနဲ့ဆိုလိုက်မှာ"

အစ်ကိုကြီးက ပြောပြောဆိုဆို ချိတ်ထားတဲ့ အင်္ကျီလေးကိုယူပြီး သူမကိုယ်မှာကပ်ကြည့်သည်။

"တကယ်ပဲ လှလိုက်တာ"

"အဲဒါလေး ယူမလား"

"အင်း"

သူမအင်္ကျီအိတ်လေးကိုပိုက်ရင်း ထိုနေရာမှထွက်ခဲ့သည်။ နောက်တစ်ဆိုင်ရောက်ပြန်တော့ ပိုလှသော အင်္ကျီလေးတွေ အများကြီးတွေ့ပြန်သည်။ သူမလှမ်းကြည့်တော့ အစ်ကိုကြီးက နားလည်သဘောပေါက်ဟန်နှင့် အင်္ကျီတွေကို ရောင်စုံအကုန်ဝယ်ပစ်လိုက်သည်။

အစ်ကိုကြီးကို အလွန်အားနာသွားမိ၏။ နောက်အင်္ကျီလှလှလေးတွေမြင်လျှင် တမေ့တမော လိုက်မငေးတော့ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် အင်္ကျီလှလှလေးများကတော့ တစ်ထည်မဟုတ်



တစ်ထည် တွေ့လာရတာပင်။ တွေ့တိုင်းလဲ သူမနှင့်လိုက်မယ်ထင်ရင် အစ်ကိုကြီးကဝယ်ရှာတော့၏။ ကြာတော့ သူမလက်ထဲမှာရော အစ်ကိုကြီးလက်ထဲမှာပါ အင်္ကျီထုတ်တွေ မနိုင်မနင်းဖြစ်လာသည်။

"ညီမလေး ဟို ဖိနပ်ကလေး စီးကြည့်စမ်း၊ ရွှေရောင်လေးလေ၊ အဲဒါလည်း ညီမလေးနဲ့လိုက်မှာ"

"တော်ပါပြီ ညီမလေး ဖိနပ်အကောင်းကြီးရှိသေးတာပဲ"

"စီးကြည့်စမ်းပါ တော်ရုံလား ကြည့်မလို့"

သူမ,မရဲတရဲနှင့် ကွင်းထိုးဖိနပ်အမြင့်လေးထဲသို့ ခြေထောက်လေးစွပ်ကြည့်သည်။ ဖောင်းဖောင်းမို့မို့ ခြေထောက်လေးနှင့် ဖိနပ်ကအံဝင်ခွင်ကျပင်။

"ကဲ ကြည့်စမ်း ဘယ်လောက်လှလဲ၊ ညီမ အဲဒါနဲ့ပါတ် ဘယ်လောက်လဲ"

ကောင်တာမှ ကောင်မလေးက ဖိနပ်ကိုကြည့်လိုက်ပြီး

"လေးဆယ့်တစ်ပါရှင့်"

"ဟုတ်ပြီ အဲဒါမျိုး အနီရောင်လေးရှိသေးလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဒါဆို နှစ်ရံပေးနော်၊ ရွှေရောင်ရယ် အနီရယ်"

အစ်ကိုကြီးက သူမကိုလှည့်မကြည့် ဖိနပ်လေးနှစ်ရံကို အိတ်ထည့်ပေးနေသော ကောင်မလေးထံမှ ဖိနပ်ကို လှမ်းယူကာ ကျသင့်ငွေကို ထုတ်ပေးသည်။

www.burmeseclassic.com



ထို့နောက်မှ အရုပ်ဆိုင်ရှေ့သို့ရောက်သွားကြတော့သည်။

"ညီမလေး ဟိုမှာကြည့်စမ်း၊ ညီမလေးကြိုက်တဲ့ အရုပ်မျိုးလေး"

ကိုယ်လုံး အဝါရောင်ပေါ်မှာ အကျီအနီ ခါးတိုလေးဝတ်ထားသော နားရွက်ထောင်ထောင် အကောင်လေးကို လှမ်းပြခြင်းဖြစ်၏။

"ယုန်မလားဟင်"

"ဟင့်အင်း ညီမလေးက၊ ကလေးမမဟုတ်တာ ကလေးဖြစ်လည်း မလိုချင်ပါဘူး"

ပြောရင်း ထိုဆိုင်မှလွန်အောင် ခပ်သွက်သွက်လျှောက်တော့ အစ်ကိုကြီးက နောက်မှရယ်ရင်း တဖြည်းဖြည်းလျှောက်လာသည်။

"ကဲ ကလေးမဟုတ်တဲ့ လူကြီးမလေး၊ မမောဘူးလား။ ခင်ဗျားတော့ မသိဘူး၊ ကျုပ်တော့ ဆာလှပြီ၊ တစ်ခုခုသွားစားရအောင်"

"ဒီဆိုင်ကြီးထဲမှာ ဘာစားမှာလဲ"

"ဟာ စားလို့ရတာပေါ့၊ လာ ဟိုရှေ့မှာ ကော်ဖီဆိုင်ရှိတယ် မုန့်လည်းစားမယ်"

သူမ ထိတ်ခနဲ ဝမ်းသာသွားရသည်။ အစ်ကိုကြီးကို အားနာလို့ဘာမပြောတာ။ သူမလည်း ဗိုက်ဆာနေတာဖြစ်သည်။

ဆိုင်ထဲရောက်တော့ အစ်ကိုကြီးက သူမကို ဘာစားမလဲဟု မေးမနေတော့ ကောင်းနိုးရာရာ မုန့်တွေအကုန်မှာပေးသည်။



"စားလို့ကောင်းလား ဆရာမ"

သူမပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ အစ်ကိုကြီးက သူမ ကိုကြည့်ရင်း ကော်ဖီကို တစ်ငုံချင်း အေးအေးဆေးဆေး သောက်၏။ အစ်ကိုကြီးမှာ ဆရာဝန်ပီသပြီး ကြင်နာတတ်သော အပြုံးနှင့်အတူ သိမ်မွေ့နူးညံ့သည့် မျက်လုံးများရှိသည်။ အစ်ကိုကြီးမို့ ပြုံးလိုက်လျှင် ဘယ်သူနှင့်မျှ မတူအောင် လှပချောမွေ့နေတတ်၏။

"အစ်ကိုကြီး ... အစ်ကိုကြီးက ချောလှည်းချောတယ်၊ သဘောလည်းကောင်းတယ်နော်၊ ညီမလေးလေ အစ်ကိုကြီး လိုလူမျိုးတစ်ယောက်မှ မတွေ့ခဲ့ဖူးဖူးထင်တာပဲ အမေလည်း သဘောကောင်းတာပဲ ဒါပေမယ့် အစ်ကိုကြီးနဲ့ကို မတူတာ"

"ကဲ ကဲ ညီမလေး ဘာစားချင်သေးလဲပြော ညည်းကငါ့ ကပ်မြှောက်နေပြန်ပြီ"

"တကယ်ပြောတာ၊ အစ်ကိုကြီး အသက်လေးဆယ်ပြည့်ပြီ လားဟင်၊ အင်း ပြည့်ပြီထင်တယ်နော်"

"လေးဆယ့်နှစ်နှစ်ရှိပြီဗျ၊ မရွေချောရဲ့ သိရဲ့လား"

"မထင်ရဘူး၊ တစ်ချို့လူကြီးတွေများ လေးဆယ်ကျော်လာ ရင် ကြည့်မကောင်းတော့ဘူး အစ်ကိုကြီးကျတော့ ဝလည်း မဝဘူး သုံးဆယ်လောက်ပဲ ထင်ရတယ်"

"အဟား တကယ်ကို မြှောက်တာပါလားဟေ့၊ ညည်းပြော

www.burmeseclassic.com



တာနဲ့ အစ်ကိုကြီးတော့ ဘဝင်တောင်မြင့်ချင်နေပြီ''

''ခစ် ... ခစ် တကယ်၊ တကယ်ချောတာ''

''တော်ပါဗျာ၊ ဆေးမကုဘဲ မင်းသားဝင်လုပ်မိတော့မယ်''

သူတို့နှစ်ယောက်လုံး သဘောကျစွာ ရယ်လိုက်မိတော့၏။

''ဪ ပြောမလို့မေ့နေတာ၊ နောက်နေ့ကျရင် ညီမလေးကို အစ်ကိုကြီးမိတ်ဆွေ ဆရာမတစ်ယောက်နဲ့ တွေ့ပေးရဦးမယ် သူက ညီမလေးကို တွေ့ချင်လို့တဲ့''

''ဘာဖြစ်လို့ ညီမလေးကို တွေ့ချင်တာလဲ ဟင်၊ သိလို့လား''

''လူချင်းတော့ မသိဘူးပေါ့၊ ဒါပေမယ့် အစ်ကိုကြီး ပြောထားလို့ ညီမလေးနဲ့အစ်ကိုကြီးနဲ့ မောင်နှမဆိုတာ အဲဒီဆရာမက သိတယ်၊ ယုံလည်းယုံတယ် အစ်ကိုကြီး မိန်းမနဲ့ သမီးတွေတောင်သိတာမဟုတ်ဘူး''

''ဪ''

ဒီလိုဆိုတော့ သူမအသွင်လေးက တအံ့တဩနှင့် လေးနက်တည်ကြည်သွားရပြန်တော့သည်။ အထူးသဖြင့် အတိတ်ကအကြောင်းအရာတိုင်းသည် သူမစိတ်ကို အမြဲလို ပြောင်းလဲနိုင်စွမ်းလေ၏။ သူတို့နှစ်ယောက် စကားများ ရယ်မောပြောဆိုနေပြီး သူတို့ကို ကောင်မလေးနှစ်ယောက်က တစ်နေရာမှကွယ်ကာ ချောင်းကြည့်နေသည်ကို မသိလိုက်ကြပါချေ။

ဖဖဖဖဖ



အစ်ကိုကြီးဝယ်ပေးထားသော ပစ္စည်းများကို အခန်းထဲသို့ ပို့ပြီး အပြင်ထွက်လာတော့ ရေချိုးခန်းတံခါးဆီမှ တဒုန်းဒုန်း ထုနက်သံကြောင့် သူအလွန်ထိတ်လန့်သွားမိတော့၏။

''ဒုန်း ... ဒုန်း''

''အေမီ ... အေမီ''

အထဲမှအော်သံကိုလည်း ကြားလိုက်ရ၏။ သူမအနားသို့ ရောက်သွားချိန်မှာတော့ ရေချိုးခန်းတံခါးကိုအပြင်မှမီးပိတ်ပြီး သော့(ခ်) ချထားသည်ကို တွေ့လိုက်တော့၏။

ထို့ကြောင့် ဖွင့်ပေးရန် ပြင်လိုက်စဉ် သူ့လက်ကို တစ်စုံတစ်ယောက်က ဖျပ်ခနဲ့လှမ်းဆွဲလိုက်တာ မြင်လိုက်ရသည်။

''ဟင် ..၊ အေမီ''

''ရှူး၊ အထဲမှာ မမဟန်နီကို ငါ ထည့်ပိတ်ထားတာ''

အေမီက သူမလက်ကိုဆွဲရင်း ထိုအခန်းနှင့်ဝေးရာကို အတင်းဆွဲခေါ်သည်။

''နင် အဲဒီလို မလုပ်သင့်ဘူး၊ အကြောက်လွန်ပြီး သတိလစ်သွားလိမ့်မယ်''

အေမီက နှာခေါင်းရှုံ့ရင်း ပုခုံးကိုဟန်ပါပါတွန့်ကာ ...

''ဘာမှမဖြစ်လောက်ဘူး ငါတို့အဲဒီလို နောက်နေကျ''

ထို့စဉ် အခန်းထဲမှ ဟန်နီ့အော်သံ ထွက်လာပြန်သည်။

''အေမီ အေမီ၊ တံခါးဖွင့်ပါ ငါသေလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"အေမီ တံခါးဖွင့်ပေးလိုက်တော့"

အေမီက ခေါင်းကိုသွက်သွက်ရမ်းရင်း မျက်နှာကိုရှုံ့မဲ့ကာ မထိတထိ ပြောင်ပြလိုက်၏။

"အေ ... မီ"

နောက်ထပ်ခေါ်သံထွက်အလာတွင် သူမတံခါးဆီသို့ ပြေးသွားလိုက်သည်။ အေမီက အတင်းပြေးလိုက်ပြီး ရှေ့မှကာထား၏။

"မဖွင့်ရဘူး၊ နောက် ငါးမိနစ်နေမှ ငါဘာသာငါ ဖွင့်မယ်"

"ဟင့်အင်း၊ အခုပဲ ငါဖွင့်ပေးလိုက်တော့မယ်"

"မလုပ်နဲ့"

"လုပ်မှာပဲ၊ အထဲကလူ ဒုက္ခရောက်လိမ့်မယ်၊ အဲဒီလိုမ ကစားနဲ့ ငါမကြိုက်ဘူး အရမ်းအန္တရာယ်များတယ်"

အေမီက သူမကို ရွံ့ရှာစက်ဆုပ်သလိုကြည့်ပြီး ရှစ်(တ်)ဟု ခပ်တိုးတိုးဆဲရေးလေသည်။ သူမရင်ထဲ ရှူးရှူးဝါးဝါး နာကျင်သွားမိသည်။

"နင် ငါ့ကိုမဆဲနဲ့၊ ငါ နင့်ရဲ့အဒေါ်ဟဲ့၊ နားလည်လား"

သူမ၏ အော်သံအဆုံးတွင် အေမီ့မျက်လုံးက အဆမတန် ပြူးကျယ်ပြီး ရုတ်တရက် အံ့သြမင်တက်သွားတော့သည်။ အေမီ အံ့သြတကြီး ငြိမ်သက်သွားသည်ကို အခွင့်ကောင်းယူပြီး သူမရေချိုး ခန်းတံခါးကို အလျှင်အမြန် ဖွင့်လိုက်နိုင်လေသည်။

"အေမီ ... အရူးမ၊ နောက်တစ်ခါ နင့်အလှည့်ပဲ



ဟန်နီက ရယ်မောပြောဆိုရင်း ထွက်လာသည်။ သူမသက် ပြင်းရှိုက်ရင်း ထိုနေရာမှ လှည့်ထွက်ဖို့ပြင်လိုက်သည်။

"ခဏနေဦး နုနု၊ နင် ခုနပြောတာ ငါ့ကိုရှင်းပြဦး"

"ဘာလဲ ... အေမီ၊ ဘာလဲ"

ဟန်နီက ရှေ့တိုးလာရင်း လှမ်းမေးသည်။ သူမနှုတ်ခမ်းကို တင်းတင်းစေ့ရင်း နောက်ကိုပြန်လှည့်လိုက်၏။

"နုနုပြောလိုက်လေ၊ နင် ဘာလုပ်ထားလဲ ညီမလေးကို ဘာပြောထားလဲ"

အေမီက ပြောတော့မလို နှုတ်ခမ်းတပြင်ပြင် လုပ်နေသည်။

"မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ နင်ပြောတယ်၊ မမ သူပြောတယ် သူ့ကအဒေါ်တဲ့"

"ဘာ"

ဟန်နီ့မျက်နှာက မဲ့ကျသွားသည်။ သူမအံကြိတ်ရင်း ခေါင်း ငုံ့ထားလိုက်မိ၏။

"အဒေါ်၊ ဘာအဒေါ်လဲ၊ နင့်အရွယ်လေးက ငါတို့အဒေါ် ဖြစ်မယ်တဲ့လား"

"အဒေါ်တစ်ယောက်ပဲ ရှိတယ်၊ အဲဒါလည်း သေသွားပြီ"

"ဟုတ်တယ် သေသွားလို့ ပြန်ရောက်လာတာပဲ၊ ဘဝဟောင်းက အဒေါ်၊ နင်တို့က ငါ့တူမတွေ ငါပြောတာနား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရမယ်''

''အရှုး''

အေမီက မျက်နှာကိုရှုံ့တွမဲ့ရွဲ့ရင်း သူမကို ခုပ်ကိုးတိုးဆဲသည်။ ဟန်နီက အံကိုတင်းတင်းကြိတ်ရင်း သူမမျက်နှာကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေ၏။ ထို့နောက် သူမရင်ဘက်ကို တွန်းထုတ်ကာ

''သွား ... ထွက်သွားတော့၊ ဒီအခန်းထဲ မလာနဲ့''

သူမခန်းပြင်ကို နောက်ဆုတ်၊ နောက်ဆုတ်နှင့် ရွေ့လျားလာသည်။

''ဝုန်း''

အခန်းတံခါးကို ဆောင့်ပိတ်လိုက်သံက မိုးခြိမ်းသံတမျှ ကျယ်လောင်သွားသည်။ သူမခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပစ်လိုက်ချိန်တွင် မျက်ရည်စများက ပါးပေါ်သို့ ကြမ်းတမ်းစွာ စီးဆင်းသွားတော့၏။

ဖနဖနလ



''ညီမလေး မအိပ်သေးဘူးလား''

အခန်းထဲတွင် လင်းထိန်နေသော မီးရောင်ကြောင့် အခန်းထောင့်တစ်နေရာတွင် ကျုံ့ကျုံ့လေး ထိုင်နေသော သူမကိုမြင်ကာ အခန်းတွင်းသို့ ဝင်လာခြင်းဖြစ်၏။

''အိပ်တော့မလို့ပါ''

''ညနေက အေမီနဲ့ ညီမလေး ရန်ဖြစ်ကြတယ်''

''ဟင် ဟုတ်လား''

အစ်ကိုကြီးမျက်နှာက ချက်ချင်း အထိတ်တလန့် အရောင်ပြောင်းသွားသည်။

''ညီမလေးကြောင့်ဖြစ်ရတာပါ ညီမလေး စကားမှားလို့''

''ဘယ်လို ညီမလေးက ဘာစကားမှားတာလဲ မဖြစ်နိုင်တာ''

''အေမီက မမဟန်နီကို ရေချိုးခန်းထဲမှာ ထည့်ပိတ်ထားတယ် အဲဒါ ညီမလေး ဖွင့်ပေးတော့ သူစိတ်ဆိုးသွားတယ်၊ ညီမလေးကို ဘာဆိုင်လို့ ဝင်ရှုပ်တာလဲမေးတော့ ငါ နင်တို့အခေါ်လို့ ပြောလိုက်မိတယ်''

''အဲဒီတော့ အဲဒီတော့ သူတို့ကဘာပြောလဲ''

ထိုစဉ် အခန်းထဲသို့ အန့်တီမေဝင်လာသည်။

''ကိုက ဒီရောက်နေတာကိုး ထင်တော့ ထင်သား ဟိုမှာ

www.burmeseclassic.com



ကိုသမီးနှစ်ယောက် စိတ်ကောက်နေကြလေရဲ့ ညစာလည်းမစားဘူး. အဲဒါ သွားချော့လိုက်ပါဦး''

အန်တီမေ့ အကြည့်စူးစူးက သူမကိုယ်ပေါ် ဝေ့ဝဲဖြာကျသွားသည်။ နုနုမှာ အပြစ်ရှိသူတစ်ယောက်လို ခေါင်းငုံ့ရင်း အံကြိတ်ထားလိုက်မိ၏။

မိမိကိုယ်ကို အပြစ်ရှိသူတစ်ယောက်လို ခံစားလိုက်ရသည်။ အန်တီမေ၏ အကြည့်များတွင် သူမအား မလိုမုန်းထားသည့် အရိပ်အရောင်တစ်ချို့ ပါဝင်နေလေသလားဟု ထိတ်လန့်တုန်လှုပ်စွာ တွေးလိုက်မိသေးသည်။

အစ်ကိုကြီးက သက်ပြင်းတစ်ချက်ရှိုက်ရင်း သူ့ခေါင်းကို ခပ်ဖွဖွလေးပုတ်ကာ

''ကဲ ကဲ အိပ်တော့ ကလေး မိုးလည်းချုပ် လှပြီနော်''

''ဟုတ်ကဲ့''

အစ်ကိုကြီးက အခန်းတံခါးကို သေချာစွာပိတ်ပေးပြီး ထွက်သွားသည်။ ထိုအခါမှ သူမလည်း ကုတင်ပေါ်တတ်ပြီး စောင်ခေါင်းမြီးခြုံကာ အိပ်လိုက်လေတော့၏။



သူမတစ်ရေးနိုးလာသည့်အခါ နားထဲတွင် ညည်းသံလိုလို၊ ငိုသံလိုလို ကြားလိုက်ရသောကြောင့် လန့်ပြီး ထထိုင်လိုက်မိ၏။

အသေအချာ နားစွင့်ထောင်လိုက်သောအခါ မိန်းမတစ်ယောက်၏ ငိုသံဖြစ်ကြောင်း သဲသဲကွဲကွဲ ကြားလိုက်ရတော့သည်။

''တိတ်တိတ်နေစမ်း ကလေးတွေနိုးကုန်လိမ့်မယ်''

သေချာပြီ။ ဒါ … အစ်ကိုကြီးအသံပင် ဖြစ်သည်။ နုနုမှာ ကုတင်ပေါ်မှ အသာလေးလျှောဆင်းပြီး ခြေဖျားထောက်ကာ တံခါးကို အသံမမြည်အောင် ဖွင့်လိုက်သည်။ စပ်စုတယ်ပဲ ထင်ထင်၊ သူမဂရုမစိုက်တော့။ သူမ ဒီအိမ်စရောက်သည့် နေ့မှစ၍ အစ်ကိုကြီးနှင့် အန်တီမေ ရန်ဖြစ်တာ မဆိုထားနှင့်၊ စကားပင် တစ်ယောက်နှင့်တစ်ယောက် မာမာထန်ထန် မပြောဖူးကြချေ။

''မမနွယ်လာပြောတုန်းက မေ ဘယ်လောက် စိတ်ထိခိုက်သွားတယ်ထင်လဲ၊ ဥပမာပေးသလိုလို နှိုင်းနှိုင်းသလိုလိုနဲ့ မေ့ကိုရွဲ့ပြောသွားတာ မေချိုရေ သတိထားဦးတဲ့၊ ဒေါက်တာက ဇာတ်လမ်းထဲကလို တခြားမိန်းမနဲ့ ခြေပုန်းခုတ်ထားလို့ရတဲ့ ကလေးကို အိမ်ခေါ်လာတာဆို မခက်ဘူးလားတဲ့၊ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ ပြီးတော့ … ဒီကလေးနောက်ကြောင်း မရှင်းဘူးဆိုတာ မေ သိတယ်''

''ကျွတ်၊ အခိုးအငွေ့မရှိတာတွေ လျှောက်မပြောနဲ့မေ၊ သူများပြောတိုင်းယုံရအောင် မင်းမှာဦးနှောက်မရှိဘူးလား မိဘမဲ့နေ

www.burmeseclassic.com



တဲ့ ကလေးတစ်ယောက်ကို သနားလို့ သားသမီးရင်း တစ်ယောက်လိုခေါ်ပြီး မွေးစားမယ်ဆိုတာနဲ့က မင်းမဲ့ ကြည်ကြည်ဖြူဖြူ သဘောတူခဲ့တာ၊ အခုကျမှ မင်းကဒီစကားမျိုး ပြောတယ်ဆိုတော့၊ တောက် ... မင်းကွာ''

''ဟုတ်တယ်၊ မချိုကြည်ဖြူခဲ့တာ မှန်တယ်၊ အခု ဒီ ကလေးအကြောင်းတွေအားလုံး သိလိုက်ရပြီ၊ သူ့အမေက သူ့ကိုမွေးပြီး ဆုံးသွားတယ်၊ ဖအေက သူမမွေးခင်ကတည်းက ကွဲနေသလိုလို၊ ပစ်ထားသလိုလို ဘာမှမရေရာဘူး၊ အဲဒီ ပတ်ဝန်းကျင်က ဘာပြောနေပြီလဲ ကို သိရဲ့လား''

''တော်စမ်း မေ၊ အောက်တန်းကျတဲ့စကားတွေ ဆက်မပြောနဲ့တော့ မင်းပြောတဲ့စကားတွေက ကိုယ့်ဂုဏ်သိက္ခာကို ထိပါးနေတာနဲ့ အတူတူပဲ''

''ဟုတ်တယ်၊ မေ အောက်တန်းကျတယ်ပဲ ထားပါတော့ အဲဒီလို မိန်းမမျိုးက ရှင့်လို သူတော်ကောင်းကြီးနဲ့ဆက်ပေါင်းဖို့မသင့်ဘူး မဟုတ်လား''

သူတို့စကားအဆုံးတွင် နုနုအခန်းရှေ့တွင် ငြိမ်သက်စွာရပ်နေမိ၏။ အသံမထွက်အောင်ရှိုက်ရင်း ရင်ထဲမှာ အစ်ကိုကြီးကို သနားလိုက်တာဟု အကြိမ်ကြိမ်ပြောနေမိတော့သည်။ အခန်းထဲမှ ခြေသံများကို ကြားရသောကြောင့် အခန်းဆီသို့ ပြန်ပြေးလာခဲ့ပေမယ့် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေမိသည်။



''ဟန်နီ အေမီ၊ လာ သမီးတို့ ... သွားမယ်''

''မာမီ ဘယ်သွားမှာလဲ''

''မမေးနဲ့၊ သမီးလာ မာမီနဲ့ လိုက်ခဲ့''

ဟန်နီနှင့် အေမီမှာ အန်တီမေဆွဲခေါ်ရာနောက်သို့ အိပ်မှုန်စုံမွှား ပါသွားကြသည်ကို သူမအခန်းတံခါးကြားမှ ချောင်းကြည့်နေမိသည်။ ခဏကြာတော့ ကားစက်နှိုးသံကြားလိုက်ရ၏။

သူမအခန်းပြင်သို့ ပြေးထွက်လာတော့ အိမ်ရှေ့တံခါးဝမှာ သူမကိုကျောခိုင်းရင်း ခါးထောက်ရပ်နေသော အစ်ကိုကြီးကိုတွေ့လိုက်ရသည်။ အချိန်မတော် ကားတစ်စီးနှင့်ထွက်သွားသော မိန်းမနှင့်သမီးနှစ်ယောက်ကိုမတားဘဲ တံခါးဝတွင် ငူငူကြီးရပ်ကျန်ခဲ့သော အစ်ကိုကြီးကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိသည်။

သူ နောက်သို့ တဖြည်းဖြည်းလှည့်လာသောအခါ ဧည့်ခန်းထဲတွင် တောင့်တောင့်လေးရပ်နေသော နုနုကို မြင်သွားခဲ့၏။

''ညီမလေး မအိပ်သေးဘူး''

သူမခေါင်းခါပြလိုက်သည်။ အစ်ကိုကြီးမျက်နှာကို မြင်မှ ပိုပြီး ငိုချင်လာမိသည်။ တောင်းပန်ဖို့ စိတ်ကရည်ရွယ်လိုက်ပေမယ့်

''ဘာမှစိတ်ထဲမထားနဲ့ ညီမလေး သူဒေါသထွက်ရင် အဲဒီလိုပဲ သွားနေကျ၊ ဘာမှမပူနဲ့ ပြန်လာလိမ့်မယ်''

အစ်ကိုကြီးပြောတဲ့စကားတွေထဲမှာ ထိုစကားကို သူမယုံကြည်ဆုံးပင် ဖြစ်၏။ ဒေါသထွက်ရင် သွားနေကျဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ ဒေါသထွက်တာ တစ်ခါမှ မမြင်ဖူးခဲ့ချေ။ လှှယ်လင့်တကူ စိတ်ဆိုး စိတ်ကောက်သော မိန်းမတွေထဲမှာ အန်တီမေ ပါဝင်လိမ့်မည် မဟုတ်ဟု သူမနားလည်လိုက်သည်။

သို့သော် အစ်ကိုကြီးကို သူမစိတ်ဒုက္ခမပေးလိုတော့။ ခေါင်း တစ်ချက်ညိတ်ပြရင်း အခန်းထဲသို့ ဝင်လာခဲ့သည်။



"ဟဲလို၊ ကျွန်တော် ဒေါက်တာမြင့်နိုင်ပါ"

" × × × × "

"ဟုတ်ပါတယ်ခင်ဗျား ဘာဖြစ်လို့လဲ"

" × × × ×"

"ဗျာ! ဟုတ်ကဲ့၊ ကျွန်တော် အခုပဲလိုက်ခဲ့ပါမယ်"

အစ်ကိုကြီးဖုန်းပြောနေသည်မှာ ဟှာဟှာသလဲ နိုင်လှသည့်ပြင် သူ့မျက်နှာတွင် စိုးရိမ်ပူပန်မှုကိုလည်း အတိုင်းသား တွေ့လိုက်ရလေသည်။

"အစ်ကိုကြီး ဘာဖြစ်လို့လဲဟင် အခုဘယ်သွား မလို့လဲ"

"မေတို့ ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံမှာတဲ့"

"ဟင်"

"သိပ်ပြီး မစိုးရိမ်ပါနဲ့ညီမလေးရယ်၊ ဘာမှမဖြစ်ပါဘူးတဲ့ နည်းနည်းပွန်းရုံ ရှရုံပါ အခုအစ်ကိုကြီးလိုက်သွားဦးမယ်"

"ညီမလေးလည်း လိုက်မယ် လိုက်ခဲ့ပါရစေနော်"

အစ်ကိုကြီးက တစ်စုံတစ်ခုပြောတော့မလိုဟန် ပြင်ပြီးမှ ခေါင်းညိတ်ပြ၏။

"လိုက်ချင်လည်း လိုက်ခဲ့လေ"

နနမှာ အန်တီမေနှင့် အေမီတို့နှစ်ယောက်ကို အမှန်ပင်စိုးရိမ် နေမိလေသည်။ သို့သော် ဆေးရုံသို့ရောက်သွားသည့်အခါ အန်တီမေ မှာ အဖြင်တွင်ဆေးဆေးဆေးဆေး ထိုင်လျှက်ရှိသည်ကို တွေ့လိုက်ရ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေ၊ ကလေးတွေရော"

"အထဲမှာ"

အန်တီမေက ခင်ပွန်းသည်ကိုမြင်လိုက်ရ၍ ဝမ်းသာ အားတတ်သလိုဖြစ်သွားသော်လည်း နောက်မှ လိုက်ပါလာသည့် နုနုကို တွေ့သောအခါ မျက်နှာအနည်းငယ် ပျက်သွားတော့သည်။

"ညီမလေး ဒီမှာခဏနေခဲ့ဦးနော်၊ အစ်ကိုကြီး အထဲခဏ ဝင်ဦးမယ်"

သူမခေါင်းညိတ်ပြရင်း အန်တီမေ့ဘေးနားခုံတွင် အသာအယာ ဝင်ထိုင်လိုက်သည်။ လူက ငြိမ်သက်နေသော်လည်း ရင့်ထဲတွင် အလွန်စိတ်လှုပ်ရှားနေရသည်။ ခဏကြာသောအခါ ဆရာမတစ်ဦးနှင့် အစ်ကိုကြီး အခန်းထဲက ပြန်ထွက်လာသည်။

"ကလေးတွေဆိုတော့ လန့်ပြီး ရှော့(ခ်)ရသွားတာပါ ဘာမှ စိုးရိမ်စရာမရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဒါနဲ့ မခင်မာရော သူက အခုချိန် ဂျူတီအော့(ဖ်)လေ"

"သြော် ... ဟုတ်လား"

ဆရာမက စကားပြောရင်း သူမနှင့် အန်တီမေထိုင်ရာနေရာသို့ အမှတ်မထင် လှမ်းကြည့်သည်။

"သြော်ဟိုမှာ ဒေါက်တာ့အမျိုးသမီးပဲ သွားနှုတ်ဆက်လိုက်ဦးမယ်၊ ဒါနဲ့ ဒီဘက်မှာ ထိုင်နေတဲ့ကလေးက ဘယ်သူ့ကလေးများလဲ သူ့မျက်နှာမျိုးကို ကျွန်မ ရင်းရင်းနှီးနှီးမြင်ဖူး



နေသလိုပဲ၊ သူ့ကြည့်ရတာ တစ်ယောက်ယောက်နဲ့ တူလိုက်တာ၊ ဟယ်... ဒါ ဟိုကလေး၊ နုနု ...နုနု မဟုတ်လား"

ဆရာမ ပြောပြောဆိုဆို နုနုအနီးသို့ ရောက်လာကာ နုနု လက်တစ်ဖက်ကို တရင်းတနှီးပင် ဆွဲလိုက်လေ၏။

"ဒါ ... ကျွန်မကိုယ်တိုင် မွေးပေးလိုက်ရတဲ့ကလေး၊ ဒေါက်တာရဲ့ ဘယ်က ဘယ်လို"

"သူ့ကို ခရမ်းကနေ ကျွန်တော်ခေါ်ခဲ့တာပါ"

"သြော် ... ဟုတ်လား"

အန်တီမေက ဆရာမနှင့် အစ်ကိုကြီးမျက်နှာကို တစ်လှည့်စီ လိုက်ကြည့်သည်။ ဆရာမ၏ မျက်နှာကို နုနုအသေအချာကြည့်လိုက်မိ၏။ သူမတို့အိမ်ကို ရောက်လာခဲ့ဖူးသော ဆရာမဆိုသည့် အမျိုးသမီးပင်ဖြစ်ကြောင်း အသေအချာကို မှတ်မိသွားသည်။

"အန်တီက သမီးတို့အိမ်ကိုလာဖူးတဲ့ ဆရာမလား ဟင်၊ သမီးအမေကို သိတယ်ဆိုတာ"

နုနုစကားအဆုံးတွင် ဆရာမ မခင်သန်းအေးမှာ စွတ်စိုလာသော မျက်ဝန်းအိမ်မှ မျက်ရည်စများကို တို့ သုတ်ရင်း

"ဟုတ်ပါတယ်ကွယ် ... ဟုတ်ပါတယ်၊ သမီးအမေ နော်အယ်ဖောက အန်တီရဲ့ အချစ်ဆုံး သူငယ်ချင်းပါ၊ ညီမရင်းလေးတစ်ယောက်လို ချစ်ခဲ့ရတဲ့သူပါ"

"ဒါဆို သမီးအဖေကိုရော အန်တီသိမှာပေါ့နော်"

သူမမေးခွန်းကြောင့် လူကြီးများမှာ တစ်ယောက်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စူးစမ်းစွာ စိုက်ကြည့်လိုက်ကြ၏။

"သိတာပေါ့ကွယ်၊ ဒါပေမယ့် ... သမီးလေးသိလည်း အကြောင်းမထူးတော့ပါဘူး သမီးအဖေလူယုတ်မာက ဒီလောကမှာ ရှိမှမရှိတော့တာ၊ လွန်ခဲ့တဲ့ လေးနှစ်ကပဲ ဆုံးသွားပြီ၊ တကယ်လို့ရှိခဲ့ရင်လဲ ဒီလို ဖခင်ဝတ္တရားမကျေတဲ့ အဖေမျိုးကို သမီးဘာမှ ခင်တွယ်နေစရာ အကြောင်းမရှိဘူး၊ သမီးအမေသေရတာ သူ့ကြောင့်"

ဆရာမ၏ စကားအဆုံးတွင် အန့်တီမေမှာ စိတ်မကောင်းဖြစ်ဟန်နှင့် စုတ်သပ်ညည်းငြူလေသည်။

"ဘာပဲဖြစ်ဖြစ် အဖေဟာအဖေပါပဲ ဆရာမရယ်၊ ကလေးအနေနဲ့ မိဘကိုစိတ်နာပြီး နှယ်တဲ့စိတ်မှာ ဒဏ်ရာအနာတရ ဖြစ်သွားပါ့မယ်"

"ကျွန်မလည်း ဒေါသဖြစ်လွန်းလို့ ပြောမိတာပါ၊ သူတို့သားအမိ သားအဖတွေက ကံကို ဆိုးလွန်းပါတယ်"

အန့်တီမေမှာ အစ်ကိုကြီး၏မျက်နှာသို့ လှမ်းကြည့်ရင်း

"မေ၊ အထင်လွဲပြီး ပြောခဲ့တာတွေအတွက် တောင်းပန်ပါတယ် ခွင့်လွှတ်ပါနော်"

ဟု ပြောလိုက်လေသည်။ အစ်ကိုကြီးက အန့်တီမေ့ ပုခုံးကို သိုင်းဖက်ရင်း

"ကိစ္စမရှိပါဘူးကွာ၊ အဖြစ်မှန်တွေ မေသိသွားပြီဆိုတော့လည်း ကိုယ့်အနေနဲ့ ဝမ်းတောင်သာပါသေးတယ်"



ဆရာမမှာ ဒေါက်တာမြင့်နိုင်တို့ စုံတွဲကို နားမလည်သလို ကြည့်ရင်း

"ဒေါက်တာ၊ ကျွန်မသွားလိုက်ဦးမယ်၊ နောက်နေ့မှ အေးအေးဆေးဆေး စကားလာပြောတော့မယ်၊ သမီး အန့်တီ သွားမယ်နော်"

ဟု နှုတ်ဆက်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

"အစ်ကိုကြီး"

"ဘာလဲ ... ညီမလေး"

"အေမိတို့ကို ညီမလေးပဲ စောင့်ပြီး ပြုစုပေးပါရစေနော်"

"အို၊ မဟုတ်တာ သမီးရယ်၊ အန့်တီမေ စောင့်ပါမယ်"

"ဟင့်အင်း အန့်တီမေက အိမ်ပြန်ပြီး အနားယူဖို့လိုသေးတယ်၊ အစ်ကိုကြီး အန့်တီမေ့ကို အိမ်ပြန်ခေါ်သွားနော်၊ ညီမလေး တူမတွေကို စောင့်နေရစ်မယ်လေ"

သူမစကားအဆုံးတွင် အစ်ကိုကြီးက ပြုံးရင်း ခေါင်းညိတ်ပြသည်။

"သူစောင့်ချင်တယ်ဆို နေခဲ့ပါစေကွာ၊ ကိုယ်တို့အိမ် ပြန်ရအောင်"

အစ်ကိုကြီးက အန့်တီမေ့ကိုခေါ်ရင်း ဆေးရုံးအတွင်းမှထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ ... ဒယ်ဒီ"

"ဟယ် အေမီ ... အေမီ၊ သတိရလာပြီလားဟင်"

အေမီက သတိရရချင်း ကုတင်ဘေးတွင် ထိုင်နေသော နန့်ကို မြင်သည့်အခါ မျက်မှောင်ကျုံ့ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားတော့သည်။

"အေမီ၊ ဒီမှာ ဆန်ပြုတ်လာပို့ထားတယ်၊ အန်တီမေ ခုလေးတင် ပြန်သွားတာ၊ နင် ဘာမှအားမငယ်နဲ့နော်၊ ငါနင့်ကို စောင့်ပေးနေတာ၊ မမဟန်နီကတော့ စိုးရိမ်စရာမရှိဘူး၊ အိပ်ပျော်နေတာတဲ့"

"နင့်ကို ဘယ်သူက မေးလို့လဲ၊ ဘယ်သူက စောင့်ခိုင်းလဲ၊ ဘယ်မှာလဲ ငါ့မာမီ၊ သွား ... နင် မလာနဲ့"

သူမ သဘောကျစွာပြုံးလိုက်မိသည်။ အေမီက မျက်မှောင်ကျုံ့ရင်း နှုတ်ခမ်းကို စုထော်လျက် သူမကိုပြန်ကြည့်နေ၏။

"နင်တို့ကစားတာကို ဝင်ရှုပ်တဲ့အတွက် စိတ်ဆိုးနေတာလား၊ ငါတောင်းပန်ပါတယ် ဟယ်၊ နောက် ဘယ်တော့မှ အဲဒီလို မလုပ်တော့ဘူး ကတိပေးတယ်၊ ဒီမှာ ဆန်ပြုတ်မသောက်ချင်ရင် အိုဗာတင်းဖျော်ထားတယ်၊ သောက်လိုက်နော်"

အေမီက အိုဗာတင်းခွက်ကို ရှုံ့မဲ့ကြည့်ရင်း ...

"မသောက်ဘူး၊ နင့်ကိုမုန်းတယ်၊ ဟိုနေ့က နင်နဲ့ဒယ်ဒီကို ကော်ဖီဆိုင်မှာ တွေ့ကတည်းက မုန်းတာ သိရဲ့လား၊ မမ



ကလည်း နင့်ကိုမုန်းတယ်၊ နင်က လူလည်မလေး ဒယ်ဒီ့ကို ညာစားနေတာ"

ဟု ပြောကာ တစ်ဖက်သို့ မျက်နှာလွှဲလိုက်လေတော့သည်။

"အဲဒီအတွက် စိတ်ဆိုးတာဆိုလည်း ထပ်ပြီး တောင်းပန်ပါတယ်၊ ငါနင်တို့သားအမိတွေကို စိတ်ညစ်အောင်လုပ်ခဲ့တဲ့အတွက် ငါပြန်ပြီး ပေးဆပ်ပါ့ရစေ၊ နင်စိတ်ကျေနပ်တဲ့အထိ ငါ့ကိုခိုင်းပါ၊ ငါ ဘာလုပ်ပေးရမလဲ"

သူမစကားအဲဆုံးတွင် တစ်ဖက်ကုတင်၌ အိပ်နေသော ဟန်နီထံမှ ရှိုက်ခန့်လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရတော့၏။ သူမပြောဆိုနေတာတွေကို ဟန်နီနားထောင်နေတာပင် ဖြစ်မည်။

"မမ မမဟန်နီ၊ အိပ်ရာကနိုးပြီလား၊ အဲဒါဆိုရင်လည်း ဒီမှာ တစ်ခုခုသောက်ရအောင် လုပ်ထားတယ်"

"ငါ မသောက်ချင်ဘူး အေမီ့ကို တိုက်လိုက်"

"အေမီ ထပါဟယ်၊ နင်ဗိုက်ဆာနေတာ ငါသိပါတယ်"

အေမီစောင်ကိုခေါင်းမြီးခြုံထားရာမှ ဖျပ်ခနဲ ဆွဲခွာလိုက်ပြီး

"နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါ ... စိတ်တိုလာပြီနော်"

"စိတ်တိုရင်လည်း ရိုက်ပစ်လိုက်ပါဟာ၊ ဒါတော့ ထသောက်နော်"

ကြာတော့ အေမီမှာ တင်းခံမထားနိုင်တော့ဘဲ သူမတိုက်သော အိုဗာတင်းကို ထသောက်လိုက်ရလေတော့သည်။ အေမီမှာ စိတ်ဆိုးလွယ်ပြေလွယ်သူ ကလေးဖြစ်သောကြောင့် သူမ စိတ်ရှည်

www.burmeseclassic.com

www.burmeseclassic.com



လက်ရှည် ချော့ရကျိုးနပ်သွားတော့သည်။

နောက်တော့ ရယ်စရာမောစရာများ ထိုင်ပြောကြရင်း အစစ အရာရာ အရင်ကအတိုင်း ဖြစ်သွားလေတော့၏။

အန်တီမေ အစားအသောက်များယူပြီး ရောက်လာချိန်တွင် သူမအား အိမ်ပြန်စေပြီး သူကိုယ်တိုင်စောင့်ရန် ပြောသော်လည်း လက်မခံခဲ့။ အေမီကိုယ်တိုက်ကပင် သူမစောင့်တာ ပျော်စရာကောင်းတယ် ထားခဲ့ပါဟု ဝင်ပြောပေးသည့်အခါ အန်တီမေမှာ လက်လျှော့ပြီး ပြန်သွားရတော့သည်။



"အား၊ ရေတွေ ... ရေတွေ၊ ကယ်ကြပါ၊ ကား ကားကြီး လာပြီ"

"ဟဲ့၊ နုနု ... နုနု"

နေ့ခင်းဘက် အိပ်ပျော်ရင်း ထယောင်သောသူမမှာ မျက်လုံးဖွင့်အကြည့်တွင် ပထမဆုံးမြင်လိုက်ရသူများမှာ မမ ဟန်နီနှင့် အေမီတို့ပင်ဖြစ်သည်။ အေမီသည် မျက်လုံးညိုညိုကြီးများနှင့် သူမအား အလန့်တကြား ငုံ့ကြည့်နေ၏။

"နုနု၊ နင် ဘာဖြစ်တာလဲ ဟင်၊ ဘာဖြစ်တာလဲ"

ထိုအခါမှ သူမမျက်နှာပေါ်မှ ချွေးစေးများကို သူမဘာသာ လက်နှင့်စမ်းကြည့်လိုက်မိတော့သည်။

သူမစိတ်ထဲတွင် တစ်ကိုယ်လုံး ရေစိုနေသည်ဟု ထင်မိ၏။ အမှန်လည်း ချွေးများနှင့် နစ်နေသဖြင့် ရေလောင်းထားသလိုစိုရွှဲကာ အလွန်ပင် မောပန်းလျက် ရှိတော့၏။

"နင်ဘာဖြစ်တာလဲ၊ အိမ်မက်ဆိုးမက်နေတာလား"

"ဟုတ်တယ် ငါ့အိမ်မက်ထဲမှာ ကားကြီးကလည်း ငါ့ရှေ့တည့်တည့်ကို အပြေးမောင်းလာတယ်တဲ့၊ ပြီးတော့သော်နစ်တာ ရေတွေနဲ့ အဲဒီအိမ်မက် မမက်တာအတော် ကြာပြီ ခုမှ"

"သဘော်နစ်တာ ဟုတ်လား၊ နင်သဘော်စီးဖူးလို့လား"

မမဟန်နီက သူမစကားကို စိတ်ဝင်တစား မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စီးဖူးတယ်၊ ဒါပေမယ့် သိပ်မမှတ်မိတော့ဘူး၊ သင်္ဘောစီးရင်းနဲ့ သင်္ဘောမှောက်တာ၊ ရေတွေမွှန်းတာ၊ အဲဒါပဲ မှတ်မိတော့တယ်"

"သင်္ဘောမှောက်တာ ဟုတ်လား၊ နောက်ဆုံး ဘာဖြစ်သွားလဲ"

အေမီက ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်မေးသလိုမေးလေသည်။

"သေ ... သွားတယ်"

"ဘာ၊ ဘယ်လို"

"သင်္ဘောမှောက်တော့ ငါသေသွားတယ် ထင်တာပဲ"

ထိုအခါ ဟန်နီမှာ ပါးစပ်အဟောင်းသားနှင့် သူမမျက်နှာအား တအံ့တဩ ကြည့်ကာ

"ဒါ ... ဒါဆို နင်က ဟိုဘဝက သင်္ဘောနစ်ပြီး သေသွားခဲ့ရတာပေါ့နော်"

ဟု ဝမ်းနည်းကြေကွဲသံနှင့် မေးလေသည်။

"ဟုတ်တယ်၊ သင်္ဘောနစ်လို့ သေသွားတာ၊ ငါ နင်တို့အဒေါ်လို့ ပြောတာမှတ်မိလား"

"မှတ်မိတယ်၊ အဲဒီအကြောင်းကို မာမီ့ကို ပြန်မေးဖူးတယ်၊ ဆယ်ဒီညီမ အန်တီနှင်းနှင်းက သင်္ဘောမှောက်ပြီး ဆုံးတာတဲ့၊ အဲဒါကြောင့်မို့ နင်ကငါတို့ အဒေါ်လို့ ပြောတာမဟုတ်လား၊ ဒါ တကယ်ပဲလား ဟင်"



အေမီသည် အမှန်တကယ်ပင်သိလိုစိတ်ပြင်းပြထက်သန်ကာ ဝမ်းနည်းခြင်းကြောင့် မျက်ရည်များ ရစ်ဝိုင်းလာလေသည်။

"အဲဒါ တကယ့်အဖြစ်ပါ၊ ငါက နင်တို့အဒေါ်ပါ"

"ဖြစ်မှဖြစ်ရလေ၊ ငါတို့စိတ်မကောင်းလိုက်တာဟယ်"

ပြောရင်း အေမီနှင့် ဟန်နီမှာ တရှုံ့ရှုံ့နှင့် ငိုချလိုက်လေတော့၏။

ဇာတ်သိမ်းပြီ

www.burmeseclassic.com



"ကဲ၊ သမီးတို့ နေလည်းကောင်းသွားပြီဆိုတော့ ဘာဟင်းစားချင်လဲပြော၊ မာမီ ကျွေးမယ်"

ဟန်နီက ပြင်ဆင်ထားသောထမင်းဝိုင်းကိုကြည့်ကာ မေးစေ့ကို လက်ညှိုးလေးနှင့် ထောက်ပြီး စဉ်းစားနေလေသည်။

"ခုမှ သမီးစားချင်တာပြောတော့ ဘယ်လိုမှီတော့မလဲ"

"အမလေး ပြောမှသာပြော"

အေမီက အမျိုးစုံလင်လှသော ဟင်းခွက်များကိုကြည့်ကာ

"ဟင်းတွေကအများကြီးပဲ အေမီတော့ အကုန်စားမှာနော်"

ဟု ဆိုလိုက်ရာ ဒေါက်တာမြင့်နိုင်နှင့် မေချိုမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိလေသည်။

"စားပါဗျာ စားပါ၊ ဒယ်ဒီ့သမီးတွေ စားရအောင် အစုံချက်ခိုင်းထားတာ"

"ဒါဆို မာမီချက်အောင် ဒယ်ဒီတိုက်တွန်းထားတာပေါ့၊ ဟုတ်လား"

"ဟုတ်တာပေါ့ သမီးရယ်"

"သင့်(ခ်)ယူ ဒယ်ဒီ၊ အရမ်းကို ကျေးဇူးတင်သွားပြီ၊ ဒါမှ အေမီ့ ဒယ်ဒီ"

"ဟွန်း၊ မနက်အစောကြီးကတည်းက ချွေးတလုံးလုံးနဲ့ ထချက်ပြုတ်နေရတဲ့ လူကိုကျတော့ ကျေးဇူးတင်ဖော် မရဘူး"



"တူတူပဲပေါ့၊ မာမီကလည်း"

"ဩော် ဒါနဲ့၊ မေရေ၊ နုနုတစ်ယောက်ရော မတွေ့ပါလားကွ၊ ထမင်းစားရအောင် မဆင်းလာသေးဘူးလား"

"ခေါ်ထားတယ် ကိုရဲ့၊ ခုပဲ သူ့အခန်းထဲဝင်သွားတာ"

"ညီမလေး ဒီမှာပါ၊ အစ်ကိုကြီး"

"ဟင်"

"အို"

အသံလာရာဆီသို့ လှည့်ကြည့်လိုက်သောအခါအဝတ်အစားထုတ်လေးကိုဆွဲရင်း ထမင်းစားခန်းအဝတွင်ရပ်နေသော နုနုကို တွေ့လိုက်ရတော့၏။

ထမင်းစားဝိုင်းရှိ မိသားစုလေးယောက်မှာ အံ့ဩမင်တက်စွာ ငေးကြည့်နေမိလေသည်။ ပထမဦးစွာ သတိဝင်လာသူမှာ ဒေါက်တာမြင့်နိုင်ပင်။

"ဒါ ဒါက ဘယ်လိုဖြစ်ရတာလဲ ညီမလေးရယ်၊ ဟင်… ဘယ်သွားမလို့လဲ"

နုနုမှာ ဝေ့သီလာသော မျက်ရည်စများကို မျက်တောင်ရှည်ကြီးများနှင့် ပုတ်ခတ်သိမ်းဆည်းရင်း ဒေါက်တာမြင့်နိုင်အား မော့ကြည့် လိုက်၏။

"သမီး ရွာပြန်တော့မယ်၊ ကျောင်းလည်း ဖွင့်ခါနီးပြီလေ အဲဒါ သမီးပြန်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

ထိုအခါ အေမီသည် စားပွဲမှထလာကာ နနရှေ့တွင် ရပ်ရင်း

"နင် မပြန်ပါနဲ့ဟယ်၊ ငါတို့နဲ့အတူတူ ကျောင်းတက်မယ်ဆို အခုမှ ငါတို့ကို စိတ်ဆိုးပြီး ပြန်တော့မလို့လား"

"မဟုတ်ပါဘူး အေမီရယ်၊ ငါကသာ နင်တို့စိတ်ဆိုးအောင် လုပ်မိတာပါ၊ အခုလဲ ရွာမှာ ကျောင်းပြန်တတ်ချင်လို့ပါ"

"နေကြစမ်းပါဦး ညီမလေးက ဘာဖြစ်လို့ ရွာပြန်မှာလဲ၊ ဒီမှာအစ်ကိုကြီးတို့ မိသားစုနဲ့ တစ်သက်လုံး အတူတူနေမှာ မဟုတ်ဘူးလား"

ဒေါက်တာမြင့်နိုင်မှာ အလွန်အမင်း စိတ်မကောင်းဖြစ်ဟန်နှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရလေသည်။

"ညီမလေး အဖေနဲ့ အမေဆီကိုပဲ ပြန်ပါရစေ"

"ညီမလေး အဖေနဲ့ အမေဟုတ်လား၊ သူတို့က ညီမလေးရဲ့ ..."

ဒေါက်တာမြင့်နိုင်မှာ ဆက်ပြီး ပြောမထွက် မပြောရက်သလို နှုတ်ဆိတ်သွား၏။

"ညီမလေးမှာ မိဘအရင်းတွေ တစ်ယောက်မှ မရှိတော့တာ သိပါတယ်၊ ဒါပေမယ့် အဖေနဲ့အမေဟာ ညီမလေးကို မမွေးခဲ့တာကလွဲရင် မိဘအရင်းလိုပဲ စောင့်ရှောက်ခဲ့တာပါ၊



ညီမလေး ဒီကိုလိုက်လာတော့ အဖေနဲ့အမေ ဘယ်လိုခံစားပြီး ကျန်ခဲ့မလဲလို့တွေးမိတိုင်း ငိုရတယ်၊ အခု ညီမလေး ပြန်ပါရစေတော့"

စကားဆုံးသောအခါ သူမသည် နေရာတွင် ကျုံ့ကျုံ့လေး ထိုင်ပြီး ဒေါက်တာမြင့်နိုင်နှင့် မေချိုအား ကန်တော့လေသည်။

"အန်တီမေလည်း စိတ်မကောင်းပါဘူး သမီးရယ် သမီးက ပြန်ချင်တယ်ဆိုလို့သာ မတားတာပါ သမီးကို အန်တီမေ မပြန်စေချင်ပါဘူးကွယ်"

"ဟုတ်တယ် ငါတို့လဲ နင့်ကိုဒီမှာဘဲ ကျောင်းတတ်စေချင်တယ်၊ နင့်ရွာကမိဘတွေကို လွမ်းရင် ခဏပြန်တွေ့ပေါ့၊ ဒီကိုပြန်ခဲ့ပါနော်"

အေမီနှင့် ဟန်နီမှာ သူမအား မပြန်စေချင်ကြောင်း တဖွဖွ တားကြလေသည်။ ဒေါက်တာမြင့်နိုင်ကတော့ သူ့ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့နေသော နနတို့ကြည့်ကာ စိတ်မကောင်းဖြစ်နေမိ၏။

"ညီမလေးပြန်မယ်ဆို အစ်ကိုကြီး မတားရက်တော့ပါဘူး ငါ့ညီမလေးကို ဘုရားသခင် စောင်မပါစေ"

"ပြီးတော့ တစ်ခုလောက် ဆုတောင်းပေးပါဦး အစ်ကိုကြီးရယ်၊ နောက်ဘဝဆက်တိုင်း အဖေတို့အမေတို့နဲ့ အတူနေရပါစေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ အေး အေး"

ဒေါက်တာမြင့်နိုင်သည် သူမ၏စကားအဆုံးတွင် တစ်ဖက်သို့လှည့်ရင်း တိတ်ဆိတ်စွာ မျက်ရည်ကျမိလေသည်။

"အခုက နွေရာသီ ကျောင်းပိတ်ရက် အလည်လာတယ်လို့ သဘောထားပါနော်၊ ညီမလေး ရွာမှာပဲ ပျော်လို့ပါ"

"ကောင်းပါပြီကွာ၊ ညီမလေးသဘောအတိုင်းပါပဲ"

မေချိုမှာ စိတ်မထိန်းနိုင်ဘဲ ငိုချလိုက်မိလေသည်။ ထို့အတူ အေမီနှင့် ဟာန်နီမှာလည်း ဘယ်လိုမှ မတတ်သာသည့်အဆုံး မျက်နှာငယ်လေးတွေနှင့် သူမအား တိတ်ဆိတ်စွာ ငေးကြည့်နေကြတော့၏။



"ညီမလေးကို ကားဂိတ်အထိဘဲ လိုက်ပို့ပါနော်"

"ဘာဖြစ်လို့လဲ"

"မိုးကျုပြီဆိုတော့ ရွာအထိ ကားမောင်းလို့ မရဘူးလေ၊ ကားဂိတ်ကနေပဲ တင်ပေးလိုက်ပါ၊ ဟိုဖက်ကို ညီမလေး ပြန်တတ်ပါတယ်"

ဒေါက်တာမြင့်နိုင်မှာ ထိုကလေးမအား စောဒကတတ်၍ မပြောသာတော့ချေ။

"ဖြစ်ပါ့မလား သမီးရယ်၊ အန်တီမေတော့ စိတ်မချဘူး"

ကားနောက်ခန်းထဲတွင် ထိုင်နေသော အန်တီမေတို့သားအမိသုံးယောက်မှာ ကားဂိတ်သို့ရောက်သောအခါ သူမကားပေါ်မှ သွက်သွက်လက်လက် ဆင်းသည်ကို စိတ်ထိခိုက်သလို ငေးကြည့်နေရာမှ သတိဝင်လာကာ လိုက်ဆင်းကြလေသည်။

"ဒါ ခရမ်းကို သွားမယ့်ကားတွေ အစ်ကိုကြီးရဲ့ ယောဟိုက ကားမောင်းတဲ့လူကြီးကို အစ်ကိုကြီးပြောပေး၊ ကျွန်တော့် ညီမလေးကို ခရမ်းကို တင်ပေးလိုက်ချင်လို့ပြောရင် ထိုင်ခုံနေရာပေးမှာပါ၊ ခရမ်းရောက်တော့ ကမ်းနားကနေ ရွာကို မော်တော်နဲ့ ပြန်မယ်"

"အစ်ကိုကြီး ပြောပေးပါ့မယ်၊ ရွာက မော်တော်ပေါ်အထိ ရောက်အောင် တင်ပေးဖို့လည်း ပြောပေးမယ် ကြားလား"

ညီမလေးက တကယ်ပဲ ဆုံးဖြတ်ချက်ချပြီး စီစဉ်ထားတော

www.burmeseclassic.com



ကိုး၊ အေးလေ … ညီမလေးက လူကြီးတစ်ယောက်လို ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ ကလေးပဲ၊ အစ်ကိုကြီး မကန့်ကွက်တော့ပါဘူး၊ ဒါပေမဲ့ ညီမလေးတောမှာမပျော်ရင် အချိန်မရွေး ပြန်လာခဲ့ပါ၊ ညီမလေးမှာ သွေးသားရင်းချာ မရှိပေမယ့် အစ်ကိုကြီးတစ်ယောက်လုံးရှိတယ်ဆိုတာ ဘယ်တော့မှ မမေ့လေနဲ့နော် ညီမလေး"

ထိုအခါ သူမသည် ခေါင်းကိုသာတွင်တွင်ညိတ်ရင်း တိတ်ဆိတ်မျက်ရည် ကျနေလေတော့၏။

"ဟုတ်တယ် သမီး၊ အန်တီမေလည်း သမီးလာမယ်ဆို အမြဲကြိုနေမှာပါ"

"ကျေးဇူးတင်ပါတယ် အန်တီမေ၊ အန်တီမေ သမီးအတွက်နဲ့ စိတ်ညစ်ခဲ့ကာဝမ်းနည်းခဲ့တာရှိရင် သမီးကိုစိတ်မဆိုးပါနဲ့၊ ခွင့်လွှတ်ပေးပါနော်"

"အို ခွင့်လွှတ်ပါတယ် သမီးရယ်၊ သမီးလို လိမ္မာရေးခြားရှိပြီး ဖြူစင်မွန်မြတ်တဲ့ ကလေးကို ဘုရားသခင် ကောင်းချီးပေးမှာပါ"

"ကားထွက်တော့မယ် ထင်တယ်"

ဒေါက်တာမြင့်နိုင်၏ အသံသည် စိတ်ထိခိုက်ခြင်းကြောင့် တုန်ယင်လိုက်ချေ၏။ ဒေါ်ဆိုနှင့်နှင့် ကြေကြေကွဲကွဲနှင့် ဘာရယ်မသိ ဝမ်းနည်းနေမိလေသည်။



သူမ ကားဆီသို့ သွားနေသည်ကိုပင် ရုပ်ရှင်ဇာတ်ကားလို မျက်တောင်မခတ် ငေးမောကြည့်ရှုနေမိ၏။

"နှနှ ခဏလေးနေဦး"

ဟန်နီ့အသံကြောင့် သူမက ကားပေါ်သို့တက်ခါနီး လှည့်ကြည့်လေသည်။

"ရော့၊ ဒါ … မမဟန်နီရဲ့ လက်ဆောင်၊ နှနှကြိုက်တယ် မဟုတ်လား"

"ရော့၊ ဒါက အေမီပေးတာ တစ်သက်လုံး စည်းကမ်းရှိရှိ သိမ်းထားနော်"

နှနှမှာ အေမီနှင့် ဟန်နီပေးသော အရုပ်လေးနှစ်ရုပ်ကို ပိုက်ရင်း အားရပါးရ ပြုံးလိုက်လေသည်။

"ကျေးဇူးပါပဲ၊ ငါ တစ်သက်လုံး သိမ်းထားမှာပါ သူတို့ကို ချစ်သလို နင်တို့ကိုလည်း ငါ ချစ်ပါတယ်၊ ပြီးတော့ ငါ နှုတ်ဆက်ခဲ့ပါတယ်နော်"

ထို့နောက် သူမသည် အရုပ်လေးနှစ်ရုပ်ကို တစ်ဖက်တစ်ချပ် ပိုက်ကာ ကားပေါ်သို့ တက်သွားလေတော့သည်။

ခဏအကြာ ခရမ်း၊ ရန်ကုန် ကားကြီးမှာ နေရာမှ စတင်ထွက်ခွာသွားသလို ဒေါက်တာမြင့်နိုင်တို့ မိသားစုကို တင်ဆောင်လာသော ကားလေးမှာလည်း ထိုကားကြီးနှင့် ဆန့်ကျင်ဘက်နေရာသို့ ပြန်လည် ထွက်ခွာသွားပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ပါဠိစကား ဇာတိဿရဉာဏ်ဆိုတာ
ဘဝဟောင်းကို ပြန်သတိရတဲ့ဉာဏ်ကို
ဆိုလိုတာ ဖြစ်ပါတယ်။

ခုဘဝထိ ဘဝဟောင်းကို ပြန်သတိရနေခဲ့တဲ့
ကျွန်တော့်တပည့်တစ်ဦးရဲ့ ပြောပြချက်ကို
ကျွန်တော့်မိတ်ဆွေ ဆရာသင်တိုင်းညိုက
ပြန်လည်ရေးသားပေးထားပါတယ်။

**ဒဿကျော်စွာ**

www.burmeseclassic.com